# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ညီညွတ်ခြင်းသည်ချမ်းသာ**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်း ဖြစ်၏။ သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၄)


၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၃ ရက် စနေနေ့။ Saturday, 31 December 2016 (၈၇၉၂)




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ**


သတင်း စာမျက်နှာ » ၃





**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များ စကားဝိုင်း (ငြိမ်းချမ်းရေးစကားဝိုင်း) ကျင်းပမည်**


သတင်း စာမျက်နှာ » ၅




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ဂျပန် အမျိုးသမီးကင်းထောက်များ၏ စခန်းချမီးပုံပွဲတွင် ပါဝင်ဆင်နွှဲစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ဂျပန် အမျိုးသမီးကင်းထောက်များ၏ စခန်းချမီးပုံပွဲတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)၌ မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့နှင့် ဂျပန်ကင်းထောက်အမျိုးသမီးအဖွဲ့ တို့ပူးပေါင်း၍ စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာစခန်းချသင်တန်း(Fourth International Camp for MMGG and GSJ) တက်ရောက်လျက်ရှိသည့် မြန်မာ-ဂျပန် အမျိုးသမီးကင်းထောက်များ၏ စခန်းချမီးပုံပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

စခန်းချမီးပုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တောစခန်းထွက်သည့်အတွက် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးမှုများ ရရှိပါကြောင်း၊ ကင်းထောက်များအား သင်ကြားပေးသည့်လက်တွေ့ကျကျ ပညာများကိုလေ့ကျင့်နိုင်ရန်ဟု နားလည်ပါကြောင်း၊ အရေးကြီးသည်မှာ မိတ်ဖြစ်ဆွေဖြစ် အားလုံးစုစုရုံးရုံးနှင့် နေနိုင်ရန်ဖြစ်ကြောင်း၊ ယခုလို တောစခန်းထွက်ခြင်းအားဖြင့် အခြားနိုင်ငံမှ ကင်းထောက်များနှင့် ပိုမိုသိကျွမ်းရန် အခွင့်အရေးရပါကြောင်း၊ မိမိတို့ ငယ်စဉ်က တောစခန်းထွက်သည့်အခါ ထိုင်းနိုင်ငံမှ ကင်းထောက်များပထမဆုံးလာရောက်ပြီး မိမိတို့နှင့်အတူ တစ်ပတ်၊ နှစ်ပတ်ကြာ နေထိုင်သွားပါကြောင်း၊ ယခုကဲ့သို့ ဂျပန်နိုင်ငံမှ ကင်းထောက်များလာရောက်ခြင်းဖြင့် ကင်းထောက်များအကြားတွင် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




ကြေးမုံ

# အလယ်အလတ်တရားပွားများ

"သင်တို့ကို ငါဘုရား နောက်ဆုံးစကား မှာကြားခဲ့မည်။ သင်္ခါရဓမ္မမှန်သမျှ ပျက်စီးခြင်း သဘောရှိကုန်သည်။ သင်တို့သည် ထိုရုပ်နာမ်ဓမ္မသင်္ခါရတို့ အပေါ်၌ အနိစ္စဟူ၍ ရှုခြင်း၊ ဒုက္ခဟူ၍ ရှုခြင်းတည်းဟူသော သတိမလစ်သော အပ္ပမာဒတရားဖြင့် ပြည့်စုံကြကုန်လော့"ဟု နောက်ဆုံးစကား မှာကြားကာ ဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်ခဲ့သည်။

ရုပ်နာမ်ဓမ္မသင်္ခါရတို့သည် ဖြစ်ခြင်းပျက်ခြင်းသဘောရှိကုန်သည်။ မည်သည့်အရာမှ မြဲသည်မရှိ ဖြစ်ပြီးလျှင်ပျက်ခြင်းသို့ရောက်သည်။ အနိစ္စပျက်ယွင်းခြင်းကို ရှုမှတ်ရမည်။ ဒုက္ခဆင်းရဲခြင်းကိုလည်း ရှုမှတ်ရမည်။ ယင်းတို့ကို မလစ်သောသတိ အပ္ပမာဒတရားဖြင့်တည်နေလျှင် ချမ်းသာခြင်းအစစ်အမှန်ကိုရမည်ဟု တရားတော်တွင် ဖွင့်ဆိုထားသည်။

ကျွန်ုပ်တို့ပုထုဇဉ်လူသားများအနေဖြင့် အနိစ္စလည်းမမြင်၊ ဒုက္ခလည်းမမြင် ကာမဂုဏ်စည်းစိမ်ခံစားနေထိုင်ရင်း မိမိကိုယ်ကို ညှဉ်းဆဲနှိပ်စက်ပြီး အပင်ပန်းအဆင်းရဲခံနေထိုင်သည့် အမှားများကျူးလွန်နေကြသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓက ထိုအမှားတို့မှကင်းလွတ်သည့် အလယ်အလတ်ကျင့်စဉ်ကို ညွှန်ပြခဲ့သည်။ ထိုကျင့်စဉ်ကိုကျင့်ကြံကြပါက သစ္စာလေးပါးဉာဏ်အမြင်ရ၍ ချမ်းသာခြင်းသို့ရောက်သည်။

အလယ်အလတ်ကျင့်စဉ်တွင် ကောင်းမွန်မှန်ကန်စွာသိမြင်နားလည်ခြင်း၊ ကောင်းမွန်မှန်ကန်စွာ စဉ်းစားကြံစည်ခြင်း၊ ကောင်းမွန်မှန်ကန်စွာပြောဆိုခြင်း၊ ကောင်းမွန်မှန်ကန်စွာ ပြုမူဆောင်ရွက်ခြင်း၊ ကောင်းမွန်မှန်ကန်စွာ အသက်မွေးဝမ်းကျောင်းပြုခြင်း၊ ကောင်းမွန်မှန်ကန်စွာ အားထုတ်ခြင်း၊ ကောင်းမွန်မှန်ကန်စွာ အောက်မေ့သတိရှိခြင်း၊ ကောင်းမွန်မှန်ကန်စွာ အာရုံစိုက်ကာ စိတ်တည်ကြည်နေခြင်းဟူသည့် အင်္ဂါရှစ်ပါးပါဝင်သည်။

ယနေ့သည် နှစ်တစ်နှစ်၏နောက်ဆုံးနေ့ဖြစ်သည်။ အနိစ္စသင်္ခါရသဘောတရားအရ အချိန်တို့သည် စက္ကန့်တိုင်း စက္ကန့်တိုင်းသေဆုံးသွားကာ နောက်ဆုံးတစ်ဖြတ် တစ်နှစ်ကုန်ဆုံးချေပြီ။ ကုန်ဆုံးခဲ့သော တစ်နှစ်တာကာလအတွင်း အနိစ္စလည်းမမြင်၊ ဒုက္ခလည်းမမြင် ကာမဂုဏ်စည်းစိမ်တို့ကို ခံစားနေထိုင်ရင်း မိမိကိုယ်ကို ညှဉ်းဆဲမှန်းမသိ ညှဉ်းဆဲခဲ့ကြပေလိမ့်မည်။

မနက်ဖြန်ဆိုလျှင် နှစ်တစ်နှစ်ကုန်ဆုံး၍ နှစ်သစ်တစ်နှစ်သို့ ကူးပြောင်းရောက်ရှိတော့မည်ဖြစ်သည်။ ယနေ့ ပစ္စုပ္ပန်ဆိုသည်မှာလည်း တခဏချင်းကုန်ဆုံး၍ အတိတ်တွင်ကျန်ရစ်တော့မည်။ ကုန်ဆုံးခဲ့သော အချိန်များအတွင်း လောကအကျိုး၊ မိမိအကျိုး မည်မျှဆောင်ရွက်ခဲ့သည်ကို ဆင်ခြင်သုံးသပ်ကြည့်နိုင်သည်။ အလျဉ်မပြတ်တရစပ်ကုန်ဆုံးခဲ့သော အချိန်များအတွင်း ကောင်းသောအမှု ပြုမပြု မိမိကိုယ်သာ အသိဆုံးဖြစ်မည်။

အချိန်ကာလဟူသည် ရှည်လျားလွန်းသည်ဟု ပေါ့ပေါ့တန်တန်တွေးကာ ပေါ့ပေါ့ဆဆ မနေသင့်ချေ။ ကုန်ဆုံးခဲ့သောအချိန်များမှာ နောက်ကြောင်းပြန်ကြည့်လျှင် တိုတောင်းလွန်းလှသည်။ ကုန်လွန်ခဲ့သော ဆယ်စုနှစ် တစ်ခု၊ နှစ်ခုမကတို့သည် မကြာသေးဟူ၍ အမှတ်တရရှိနေဆဲဖြစ်သည်။ ထို့ကြောင့် ကျန်ရှိနေသေးသော အချိန်များအတွင်း မိမိဘဝ၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံတိုးတက်ကောင်းမွန်အောင် အားထုတ်သင့်လှသည်။

ကုန်ဆုံးခဲ့သောအချိန်များမှ မှားခဲ့သောအမှားများကို သင်ခန်းစာယူကာ အပ္ပမာဒ မလစ်သောသတိတရားဖြင့် မဂ္ဂင်ရှစ်ပါး အလယ်အလတ်အကျင့်တရားများကို အတတ်နိုင်ဆုံးကျင့်ကြံအားထုတ်သင့်သည်။ အကယ်၍ သင်သည် အနာဂတ်တွင် အလယ်အလတ်တရားများနှင့်သွေဖည်၍ သတိမမူပေါ့ပေါ့တန်တန်ပြုမူခဲ့ပါမူ ဒုက္ခဆင်းရဲခြင်း၊ အနိစ္စပျက်စီးခြင်းတို့နှင့် မနွေးအမြန်ကြုံတွေ့နိုင်သည်။

ထို့ကြောင့် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းရောက်ရှိတော့မည်ဖြစ်ရာတွင် နှစ်ဟောင်းမှ မကောင်းသော အပြုအမူများကို နှစ်သစ်သို့ ဆက်လက်သယ်ဆောင်ယူခြင်းမပြုတော့ဘဲ အတိတ်တွင်ထားရစ်ခဲ့ကာ နှစ်သစ်တွင် စိတ်သစ်ကိုယ်သစ်ဖြင့် အလယ်အလတ်တရားများကို ပွားများအားထုတ်ရင်း မိမိအတွက်ဖြစ်စေ၊ နိုင်ငံအတွက်ဖြစ်စေ ကောင်းသောအကျင့်အကြံတို့ကို ပွားများအားထုတ်ကြရန် တိုက်တွန်းပါသည်။ ။

# ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပ

**ဒီးမော့ဆို ဒီဇင်ဘာ ၃၀**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲက ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၂ ဦး၊ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၅ ဦး၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ကိုးဦး၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## နိုဘယ်-မြန်မာ စာပေပွဲတော် ရသစာပေ (၂၀၁၇) စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

စာရေးဆရာများ၊ ကဗျာဆရာများ၊ စာနယ်ဇင်းသရုပ်ဖော် ပန်းချီဒီဇိုင်းပညာရှင်များ၊ ကာတွန်းပညာရှင်များ၊ စာကြည့်တိုက်ပညာရှင်များ၊ စာနယ်ဇင်းအယ်ဒီတာများ၊ စာအုပ်စာနယ်ဇင်း ထုတ်ဝေဖြန့်ချိသူများနှင့် စာအုပ်စာပေကိစ္စတွင် စိတ်အားထက်သန်သည့် ပုဂ္ဂိုလ်များ စုပေါင်း၍ နိုဘယ်-မြန်မာစာပေပွဲတော် ရသစာပေ (၂၀၁၇)ကို တတိယအကြိမ်မြောက်အဖြစ် ကျင်းပသွားမည်ဖြစ်သည်။

နိုဘယ်-မြန်မာ စာပေပွဲတော် ရသစာပေ၊ (၂၀၁၇)၏ ရည်ရွယ်ချက်မှာ ရသစာပေ ပိုမိုထွန်းကားပြန့်ပွားရေးဖြစ်ပြီး ရသသဘောပါသော ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ဘာသာပြန်ရသ၊ ရသစာတမ်း စသည့် စာပေလက်ရာများဖြင့် မြန်မာစာပေကို အားဖြည့်မြှင့်တင်ရန်၊ မြန်မာနိုင်ငံတွင် စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စားမှု၊ လေ့လာဖတ်ရှုမှု တိုးတက်မြင့်မားလာစေရန်နှင့် ရသစာပေ ဖန်တီးရေးသားသူတို့၌ စိတ်ကူးစိတ်သန်းအသစ်၊ စိတ်အားထက်သန်မှုအသစ်များနှင့် အထူးတီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန် အစရှိသော ရည်ရွယ်ချက်များဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၂၊ ၂၃၊ ၂၄ ရက်များတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီက ထုတ်ပြန်သော သတင်းများအရ သိရသည်။

စာပေပွဲတော်တွင် ရသစာပေကို စာဖတ်ပရိသတ်များ ပိုမိုစိတ်ဝင်စားစေရေး၊ ရသစာပေအကျိုးကျေးဇူး၊ ရသစာပေ ပိုမိုထွန်းကားရေးတို့ကို ရည်ရွယ်သည့် စာတမ်း ကိုးစောင်ကို စာပေပညာရှင်ကြီးများ၊ စာရေးဆရာ၊ ဆရာမတို့က တင်သွင်းဖတ်ကြားမည်ဖြစ်သည်။ ထို့အပြင် ရသစာပေနှင့်ပတ်သက်သည့် စကားဝိုင်း၊ ဆွေးနွေးပွဲများ၊ ရသစာဖတ်ဝိုင်း၊ ကဗျာရွတ်ပွဲ၊ ကာတွန်းပွဲတော်၊ မြန်မာ့ဂန္ထဝင်ဝတ္ထုစာအုပ်ပြခန်းနှင့် စာအုပ်မိတ်ဆက်ပွဲအခမ်းအနားများ၊ ဆိုင်ခန်းပေါင်း ၂၀၀ နီးပါးပါဝင်သည့် စာအုပ်ဈေးခင်းပါ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

စာပေအနုပညာသမားများကိုယ်တိုင် တင်ဆက်ကပြမည့် ပြဇာတ်အပါအဝင် ဖျော်ဖြေပွဲအစီအစဉ်များ တင်ဆက်သွားမည်ဖြစ်သည်။

စာအုပ်ဈေးခင်းတွင် ပါဝင်ရောင်းချလိုသော စာအုပ်ဆိုင်၊ စာအုပ်တိုက်များကို ၂၀၁၇ ဇန်နဝါရီ ၆ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဘိုကလေးဈေးလမ်းရှိ ဝိုင်ဒဗလျူစီအေခန်းမ၌ မဲနှိုက်ရောင်းချပေးမည်ဖြစ်သည်။

စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချလိုသူများသည် ကျင်းပရေးကော်မတီဝင် ဦးဝင်းချို ဖုန်း-၀၉-၇၃၂၀၂၄၁၁၊ ဦးကြည်ဝင်း ဖုန်း-၀၉-၅၁၃၉၇၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## စာဖတ်ရှိန်မြင့်မားရေး ကလေးစာဖတ်ခန်းထားရှိဆောင်ရွက်ပေး

**ဒလ ဒီဇင်ဘာ ၃၀**

ဒီဇင်ဘာလ ကျောင်းပိတ်ကာလအတွင်း ကျောင်းသား ကျောင်းသူလေးများနှင့် ပြင်ပကလေးငယ်များအား ကျောင်းစာသင်ချိန်တွင်သာမက အားလပ်သော အချိန်များတွင်ပါ စာပေဖတ်ရှုလေ့လာစေရန်၊ အသိဉာဏ် ဗဟုသုတများ ပြည့်စုံကြွယ်ဝလာစေရန်၊ စာကြည့်တိုက်သို့ လာရောက်ပြီး လွတ်လပ်ပျော်ရွှင်သော အချိန်ကောင်းများ ရရှိခံစားစေရန်နှင့် ကလေးငယ်များ၏ စာဖတ်စွမ်းရည်မြင့်မားလာစေရန် ရည်ရွယ်၍ ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအတွင်းရှိ ကလေးစာဖတ်ခန်း၌ ကလေးငယ်များ ဖတ်ရှုလေ့လာနိုင်စေမည့် ကာတွန်း၊ ရုပ်ပြနှင့် ပန်းချီ၊ စာအုပ် စာစောင်များ ထားရှိဆောင်ရွက်ထားပေးရာ ဒီဇင်ဘာ ၃၀ ရက် နံနက်က ကျောင်းသား ကျောင်းသူများနှင့် ပြင်ပ ကလေးငယ်များ စိတ်ဝင်တစားလေ့လာဖတ်ရှုနေကြကြောင်း သိရသည်။



**နိုင်လင်းကျော်(IPRD)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှံသင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဒီ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် H.E. Mr. Sahal Moustafa Ahmed Ergesous အား ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

# ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေများအတွက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများဖွဲ့စည်း

နေပြည်တော် ဒီဇင်ဘာ ၃၀

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီက ယနေ့ရက်စွဲဖြင့် ကြေညာချက်အမှတ် ၁/၂၀၁၆ ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။ အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**
**ကြေညာချက်အမှတ်၊ ၁/၂၀၁၆**
၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်
(၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်)
**"ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့်**
**နေပြည်တော်ကောင်စီနယ်မြေများအတွက်**
**အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများဖွဲ့စည်းခြင်း"**

၁။ ခေတ်အဆက်ဆက် အမြစ်တွယ်ရှင်သန်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းအောင်မြင်နိုင်မည်မဟုတ်ဘဲ နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာမှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အလားတူ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ဤမျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ ပထမအစည်းအဝေးကို ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအစည်းအဝေးမတိုင်မီနှင့် အစည်းအဝေးကျင်းပပြီး နောက်ပိုင်းကာလများတွင် နိုင်ငံရေးဆွေးနွေးမှု မူဘောင်များ ပြန်လည်သုံးသပ်ခဲ့ပြီး ယင်းဆွေးနွေးပွဲများ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသာမက လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ဖိတ်ကြားတက်ရောက်စေခဲ့ပါသည်။ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးအတွက် အရေးကြီးလှသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကိုလည်း ဦးစားပေး ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

၃။ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆွေးနွေးပွဲများ၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်ဆိုင်ရာဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အစိုးရ၊ လွှတ်တော်နှင့်တပ်မတော် အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် အရေးကြီးလှသောမူဘောင်များနှင့် လုပ်ငန်းလမ်းညွှန်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီမှ သဘောတူဆုံးဖြတ်နိုင်ခဲ့ပါသည်။

၄။ ယခုအခါ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ပါ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဝါဒများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ လူမျိုးကို အခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကရင်ပြည်နယ်တွင်လည်းကောင်း၊ ဒေသကို အခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီးတွင် လည်းကောင်း၊ အကြောင်းအရာကို အခြေခံသည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (CSO Forum)ကို နေပြည်တော်ကောင်စီနယ်မြေတွင်လည်းကောင်း စတင်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၅။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာအစုအဖွဲ့မှ အဆိုပြုတင်ပြလာသော ကိုယ်စားလှယ်များ၏ အမည်စာရင်းများကိုလည်း ဒုတိယဥက္ကဋ္ဌ (၃) ဦးက သဘောတူထောက်ခံကြောင်း ထပ်ဆင့်တင်ပြလာခဲ့ပါသည်။

၆။ သို့ပါ၍ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေများအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

**(က) ကရင်ပြည်နယ်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ**

(၁) ဦးမင်းတင်ဝင်း (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)
(၂) ဗိုလ်မှူးကြီးတင်ထွဋ် (တပ်မတော်)
(၃) ဒေါ်နန်းသန်းသန်းလွင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၄) ပဒိုစောရွှေမောင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၅) နော်ကပေါ်ထူး (တိုင်းရင်းသားလက်နက်ကိုင်)
(၆) စောစိန်ဝင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၇) ဦးတေဇထွဋ်လှိုင်ထွေး (နိုင်ငံရေးပါတီ)
(၈) ဦးစောမြင့်ဦး (နိုင်ငံရေးပါတီ)
(၉) ဦးစောထွန်းအောင်မြင့် (နိုင်ငံရေးပါတီ)

**(ခ) တနင်္သာရီတိုင်းဒေသကြီး အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ**

(၁) ဦးစောလုကာ (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)
(၂) ဗိုလ်မှူးကြီးမောင်မောင် (တပ်မတော်)
(၃) ဒေါ်တင်တင်ရီ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၄) ပဒိုဆာပီးတုတ် (တိုင်းရင်းသားလက်နက်ကိုင်)
(၅) ပဒိုဘီးလယ် (တိုင်းရင်းသားလက်နက်ကိုင်)
(၆) ပဒိုဖလော့စိုးဝင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၇) ဦးကင်းရှိန် (နိုင်ငံရေးပါတီ)
(၈) ဦးကျော်ကျော် (နိုင်ငံရေးပါတီ)
(၉) ဦးခင်မောင်မြင့် (နိုင်ငံရေးပါတီ)

**(ဂ) နေပြည်တော်ကောင်စီနယ်မြေ အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ**

(၁) ဦးအောင်မြင့်ထွန်း (နေပြည်တော်ကောင်စီဝင်)
(၂) ဗိုလ်မှူးကြီးသိန်းဇော် (တပ်မတော်)
(၃) ဦးမျိုးဇော်ဦး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၄) ပဒိုစောကွယ်ထူးဝင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၅) ဒေါက်တာဆလိုင်းလျန်မှုန်း ဆာခေါင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၆) ဦးမျိုးဝင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၇) ဦးဝင်းထိန် (နိုင်ငံရေးပါတီ)
(၈) ဦးခင်မောင်ဌေး (နိုင်ငံရေးပါတီ)
(၉) ဦးမြင့်ဦး (နိုင်ငံရေးပါတီ)

၇။ အပိုဒ် (၆) ပါ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများသည် နိုင်ငံရေးဆွေးနွေးမှုမူဘောင်ပါ ဤပူးတွဲကော်မတီက အတည်ပြုထားပြီးဖြစ်သော ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စေရေး၊ စနစ်တကျရှိစေရေး၊ လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

**(ပုံ) အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**

**❖ ရှေ့ဖုံးမှ**

သိကျွမ်းနိုင်သလို ယဉ်ကျေးမှုချင်း ဖလှယ်နိုင်ရန်အခွင့်အလမ်းရရှိနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် ဂျပန်နိုင်ငံအိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့မှ Ms.Kuniko Tatamitani က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂျပန်နိုင်ငံအိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့မှ Chief Executive Organizer Ms.Kuniko Tatamitani၊ အပြည်ပြည်ဆိုင်ရာ ကော်မရှင်နာ Ms. Michiko Hanaoka၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် ဒုတိယ ကင်းထောက်ချုပ် ဒေါ်ခင်စောဉမ္မာ တို့က အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများ၊ မြန်မာ-ဂျပန် ကင်းထောက်မယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စခန်းချမီးပုံပွဲကိုကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ မြန်မာနိုင်ငံ အမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဉမ္မာ၊ ဂျပန်နိုင်ငံ အိုကာဆာ အမျိုးသမီးကင်းထောက်အဖွဲ့မှ Chief Executive Organizer Ms.Kuniko Tatamitani၊ အပြည်ပြည်ဆိုင်ရာ ကော်မရှင်နာ Ms. Michiko Hanaoka တို့က စတင်မီးညှိပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာ-ဂျပန် ကင်းထောက်မယ်များ၏ ကင်းထောက်တေးသီချင်းနှင့်သရုပ်ပြဖျော်ဖြေမှုများကိုကြည့်ရှုအားပေးသည်။

စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာစခန်းချသင်တန်းကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၁ ရက်အထိ စခန်းချ လေ့ကျင့်လျက်ရှိပြီး သင်တန်းတွင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ မြန်မာကင်းထောက် အမျိုးသမီး ၉၂ ဦး၊ ဂျပန်နိုင်ငံမှ ကင်းထောက်အမျိုးသမီး ၄၁ ဦး စခန်းချလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထောက်ပံ့ရန် ရုရှားနိုင်ငံတိုက်တွန်း

**မော်စကို ဒီဇင်ဘာ ၃၀**
ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီးလက်ဗရော့ဗ်က ဆီးရီးယားနိုင်ငံရေးအခြေအနေတွင် လွှမ်းမိုးမှုရှိနေသည့် ဆော်ဒီအာရေဗျ၊ ကာတာနှင့် အခြားသောနိုင်ငံများအား ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ထောက်ပံ့ရန် တောင်းဆိုလိုက်သည်။

အဆိုပါတောင်းဆိုချက်သည် ရုရှားနိုင်ငံက တူရကီ၊ အီရန်နိုင်ငံတို့နှင့်အတူ ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲများကို နောက်လအတွင်း စောနိုင်သမျှစောစော ပြုလုပ်သွားရန် အဆင်သင့်ရှိကြောင်း ကြေညာချက်နှင့်အတူ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ရုရှားနိုင်ငံ၏ ဗဟိုအာရှမဟာမိတ်နိုင်ငံဖြစ်သည့် ကာဇက်စတန်နိုင်ငံ၏မြို့တော်တွင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါငြိမ်းချမ်းရေးဆွေးနွေးပွဲကို အမေရိကန်နိုင်ငံကလည်း ကြိုဆိုလိုက်သည်။

ရုရှားနှင့် တူရကီနိုင်ငံတို့က ဆီးရီးယားအစိုးရနှင့် ဆန့်ကျင်ဘက် အဖွဲ့အစည်းများအနေဖြင့် ကြာသပတေးနေ့ညတွင် နှစ်နိုင်ငံအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရရှိစေရန် ထောက်ပံ့ကူညီခဲ့ကြသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့သည့် ဆန့်ကျင်ဘက်အဖွဲ့အစည်း ခုနစ်ဖွဲ့ပါဝင်ပြီး အများစုမှာ အာဆတ်အစိုးရထိန်းချုပ်မှုအောက်တွင် မရှိသောဒေသများမှဖြစ်သည်ဟု ရုရှားနိုင်ငံကပြောကြားသည်။ ရုရှားနိုင်ငံက အာဆတ်အစိုးရကို ထောက်ခံအားပေးပြီး အာဆတ်အစိုးရသည် စစ်ရေးအရအသာစီးရရှိထားသည်။

ရုရှားနိုင်ငံက ဆီးရီးယားပြည်တွင်းစစ်ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အာဆတ်အစိုးရကို အသာစီးရသည့်အခြေအနေဖြင့် အဆုံးသတ်နိုင်ရန် ကြိုးစားနေခြင်းဖြစ်သည်ဟု လေ့လာသူများက သုံးသပ်ကြသည်။

**အင်န်အိတ်ချ်ကေ။**

## တောင်ကိုရီးယားနိုင်ငံအတွက် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များ ထုတ်လုပ်မည့် ကန်ထရိုက်စာချုပ် လော့ဟိမာတင်ကုမ္ပဏီရရှိ

**ဝါရှင်တန်ဒီ၊ ဒီဇင်ဘာ ၃၀**
တောင်ကိုရီးယားနိုင်ငံအတွက် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များထုတ်လုပ်ရန် အမေရိကန်ဒေါ်လာ သန်း ၄၅၀ တန် ကန်ထရိုက်စာချုပ်တစ်ရပ်ကို လော့ဟိမာတင်ကုမ္ပဏီသို့ ပေးအပ်လိုက်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ယခုကန်ထရိုက်စာချုပ်မှာ အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်နိုင်ငံများအတွက် အက်ဖ် -၃၅ ဂျက်တိုက်လေယာဉ်အမျိုးမျိုး ၉၄ စင်း ထုတ်လုပ်ပေးမည့် လော့ဟိမာတင်ကုမ္ပဏီအတွက် အမေရိကန်ဒေါ်လာ သန်း ၉၂၀ တန် ယခင်သဘောတူညီချက်တစ်ရပ်ကို ပြုပြင်မွမ်းမံထားခြင်းဖြစ်သည်။ ပြုပြင်မွမ်းမံထားသည့် ကန်ထရိုက်စာချုပ်မှာ ပြည်ပသို့ စစ်ဘက်ဆိုင်ရာ လေယာဉ်ရောင်းချမှုအစီအစဉ်အရ ကိုရီးယား သမ္မတနိုင်ငံသို့ အက်ဖ်-၃၅အေ တိုက်လေယာဉ်စနစ် တည်ဆောက်မှုနှင့်ပေးပို့မှု အကောင်အထည်ဖော်ဆောင်မည့် ပေါင်းစည်းရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တစ်ရပ်ကဆိုသည်။

လေယာဉ်တည်ဆောက်ရေးလုပ်ငန်းကိုတက္ကဆက်ပြည်နယ်ရှိ ဖို့ဝပ်တွင် ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဩဂုတ်လမတိုင်မီပြီးစီးမည်ဟု မျှော်မှန်းရသည်။ ပြည်ပသို့ စစ်ဘက်ဆိုင်ရာ လေယာဉ်ရောင်းချမှုအစီအစဉ်က ပြည်ပအစိုးရနှင့် အမေရိကန်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီများအကြား ကန်ထရိုက် စာချုပ်များချုပ်ဆိုရာတွင် လွယ်ကူချောမွေ့စေရန် ပင်တဂွန်ကို လမ်းဖွင့်ပေးထားသည်။ **ဆင်ဟွာ။**

## အမေရိကန်က ရုရှားသံတမန်များကို ပြည်နှင်ဒဏ်ပေး၊ ရုရှားက အမေရိကန်စာသင်ကျောင်းကိုပိတ်ရန် ညွှန်ကြား

နယူးယောက် ဒီဇင်ဘာ ၃၀

**အမေရိကန်ရွေးကောက်ပွဲတွင် ကြားဝင်စွက်ဖက်သည်ဆိုမှုဖြင့် သမ္မတဘာရက်အိုဘားမားက ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများပြုလုပ်ခဲ့ကြောင်း၊ ရုရှားနိုင်ငံကလည်း အမေရိကန်၏အရေးယူပိတ်ဆို့မှုများကို ပြန်လည်လက်တုံ့ပြန်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။**



၂၀၁၆ ခုနှစ် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲကို ရုရှားနိုင်ငံက ကွန်ပျူတာကွန်ရက်အဖျက်အမှောင့်လုပ်ကာ ကြားဝင်နှောင့်ယှက်ခဲ့သည်ဟု သမ္မတဘာရက်အိုဘားမားက စွပ်စွဲခဲ့ပြီး ရုရှားအစိုးရတာဝန်ရှိသူများနှင့် ထောက်လှမ်းရေးဌာနများအပေါ် အရေးယူဒဏ်ခတ်မှုပြုလုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

အမေရိကန်၏ နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများ၏ ကွန်ပျူတာကွန်ရက်နှင့်အီးမေးလ်စာလွှာများကို ရုရှားက ဖောက်ထွင်းခဲ့သည်ဟု အိုဘားမားအစိုးရက စွပ်စွဲခဲ့ပြီး ဝါရှင်တန်ရှိ ရုရှားသံရုံးနှင့် ဆန်ဖရန်စစ္စကိုမြို့ရှိ ရုရှားကောင်စစ်ဝန်ရုံးတို့မှ သံတမန် ၃၅ ဦးကို အမေရိကန်နိုင်ငံခြားရေးဌာနက ပြည်နှင်ဒဏ်ပေးခဲ့သည်။

ထိုစဉ်အတွင်း မြို့တော်မော်စကိုရှိ အမေရိကန်စာသင်ကျောင်းကို ပိတ်သိမ်းရန် ရုရှားအစိုးရအဖွဲ့က ညွှန်ကြားခဲ့သည်။

**ရိုက်တာ။**



## ကမ္ဘာ့အမြင့်ဆုံးတံတားသစ် တရုတ်နိုင်ငံ ကွေ့ကျိုးပြည်နယ်၌ ဖွင့်လှစ်

**ပေကျင်း ဒီဇင်ဘာ ၃၀**
ကမ္ဘာ့အမြင့်ဆုံးတံတားတစ်စင်းကို တရုတ်နိုင်ငံတွင် ဒီဇင်ဘာ ၂၉ ရက်က တရားဝင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ အဆိုပါ တံတားသည် ပေ ၂၀၀၀ နီးပါးအနက်ရှိသည့် ချောက်ကမ်းပါးတစ်ခုပေါ်တွင် ဖြတ်သန်းကာ တည်ဆောက်ထားကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းကွေ့ကျိုးပြည်နယ်ရှိ ကမ္ဘာ့အမြင့်ဆုံးတံတားကို သုံးနှစ်ကြာ အချိန်ယူတည်ဆောက်ခဲ့ရပြီး တံတားတည်ဆောက်မှု ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၄၆ ဒသမ ၇ သန်းဖြစ်သည်။ တံတားကို ဘေပန်ကျန်းဟူ၍ အမည်ပေးထားပြီး ဘေပန်မြစ်၏အထက်၁၈၅၄ ပေ အမြင့်တွင်တည်ရှိသည်။ အဆိုပါတံတားတွင် တံတားယာဉ်ကြော လေးခုရှိသည်။

ယခုဖွင့်လှစ်လိုက်သော တံတား၏အမြင့်နှင့်နှိုင်းယှဉ်ပါက အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့ရှိ ဂိုးလ်ဒင်းဂိတ် တံတားသည် အမြင့်ပေ ၂၂၀ အထက်တွင် တည်ရှိပြီး နယူးယောက်မြို့ရှိ One World ကုန်သွယ်ရေးဗဟိုဌာန အဆောက်အအုံမှာ ၁၇၇၆ ပေ မြင့်မားသည်။ ယင်းအဆောက်အအုံသည် အမေရိကန်ပြည်ထောင်စုတွင် အမြင့်မားဆုံးအဆောက်အအုံလည်းဖြစ်သည်။

ကမ္ဘာ့အမြင့်ဆုံးတံတားတည်ဆောက်မှုလုပ်ငန်းမှာ ယခုနှစ် စက်တင်ဘာလတွင် အပြည့်အဝပြီးစီးခဲ့သော်လည်း ယခုနှစ်ဒီဇင်ဘာ ၂၉ ရက်အထိ တရားဝင်ဖွင့်လှစ်ခြင်းမရှိခဲ့ပေ။

တရုတ်နိုင်ငံ၌ ကမ္ဘာပေါ်တွင် ဒုတိယနှင့်တတိယအမြင့်ဆုံးတံတားများလည်း တည်ရှိကြောင်း၊ ဒုတိယအမြင့်ဆုံးတံတားမှာ ဆီဒူးမြစ် တံတား(အမြင့် ၁၆၂၇ ပေ)ဖြစ်ပြီး တတိယအမြင့်ဆုံးတံတားမှာ ပူလီတံတား(အမြင့် ၁၅၉၁ ပေ)ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

## ကျူးဘားမြို့တော်၌ နေအိမ်များအင်တာနက်အသုံးပြုရေး ရှေ့ပြေးစီမံကိန်းတစ်ရပ်ကို စတင်အကောင်အထည်ဖော်



**ဟာဗားနား ဒီဇင်ဘာ ၃၀။** ။ကျူးဘားနိုင်ငံမြို့တော် ဟာဗားနား၌ ပြည်သူ ၂၀၀၀ ၏နေအိမ်များ၌ အင်တာနက်ချိတ်ဆက်အသုံးပြုရေး ရှေ့ပြေးစီမံကိန်း တစ်ရပ်ကို စတင်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ကျူးဘားနိုင်ငံသည် ကမ္ဘာပေါ်တွင် အင်တာနက်ထိုးဖောက်မှုနှုန်းအနိမ့်ဆုံး နိုင်ငံများအနက် နိုင်ငံတစ်နိုင်ငံအဖြစ်ပါဝင်သည်။ ကွန်မြူနစ် အုပ်စိုးသော ကျူးဘားနိုင်ငံ၌ ပြည်သူ ၁၁ ဒသမ ၂ သန်းမှာ ဝိုင်ဖိုင်ထုတ်လွှင့်ပေးသည့် နေရာများတွင်သာ အင်တာနက်အသုံးပြုခွင့်ရရှိခဲ့ကြပြီး အင်တာနက်သုံးစွဲခမှာ တစ်နာရီလျှင် တစ်ဒေါ်လာခွဲမျှကျသင့်ရာ သာမန်နိုင်ငံ့ဝန်ထမ်းတစ်ဦး ရရှိသော ပျမ်းမျှ လစာငွေ၏ ငါးရာခိုင်နှုန်းခန့်အထိ ရှိသည်ဆို၏။

ကျူးဘားနိုင်ငံ၌ ပြည်သူ ငါးရာခိုင်နှုန်းခန့်ကသာ ၎င်းတို့၏နေအိမ်များ၌ အင်တာနက်ကို သုံးစွဲနိုင်သေးသည်ဟု ခန့်မှန်းရသည်။ ကျူးဘားနိုင်ငံ၌ နေအိမ်များတွင် အင်တာနက်သုံးစွဲခွင့်ရှိရန် အစိုးရထံမှ ခွင့်ပြုချက်ရယူရန် လိုအပ်သည်။ အထူးသဖြင့် တက္ကသိုလ်များ၊ ဆရာဝန်များနှင့် တတ်သိပညာရှင်များကိုသာ အင်တာနက်အသုံးပြုခွင့်ပေးလေ့ရှိသည်။

မိမိ၏နေအိမ်တွင် အင်တာနက်အသုံးပြုခွင့်ရရှိခြင်းမှာ အိပ်မက်တစ်ခု အကောင်အထည်ပေါ်လာပုံမျိုးဖြစ်ကြောင်း ဟာဗားနား မြို့၌နေထိုင်သူ အသက်(၆၇)နှစ်အရွယ်ရှိ တက္ကသိုလ်ပါမောက္ခဟောင်း မာရက်က ပြောကြားသည်။ **ရိုက်တာ။**



## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E. MR. SAHAL MOUSTAFA AHMED ERGESOUS အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**




## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်း ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များစကားဝိုင်း (PEACE TALK) (ငြိမ်းချမ်းရေးစကားဝိုင်း) ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC - II ) ၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ PEACE TALK (ငြိမ်းချမ်းရေးစကားဝိုင်း)ကို မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားတွင် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ မှစတင်၍ တိုက်ရိုက် (Live) ဖြင့် ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး Myanmar State Counsellor Office Page မှလည်း Live Streaming ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# နီးနီးကပ်ကပ်နဲ့သင်ကြားပေးတဲ့အတွက် စည်းကမ်းတကျနဲ့ တကယ့်ကို ကင်းထောက်ကောင်းတွေ ဖြစ်လာမယ်လို့ ယုံကြည်ချက်တွေဖြစ်ပေါ်လာပါတယ်

မြန်မာ-ဂျပန် ကင်းထောက်အမျိုးသမီးအဖွဲ့တို့ ပူးပေါင်းပြီး စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်းကို နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ ဒီဇင်ဘာ ၂၈ ရက်မှ ၃၁ ရက်အထိ စခန်းချလေ့ကျင့်သင်ကြားခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပြီး စခန်းတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရရှိရေး၊ ကင်းထောက်ပညာဖလှယ်နိုင်ရေး၊ တောတွင်းစခန်းချအတွေ့အကြုံများ ဖလှယ်နိုင်ရေး၊ နိုင်ငံအလိုက် ရိုးရာယဉ်ကျေးမှုများ လေ့လာရေးတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းစခန်းတွင် ဦးစီးဆောင်ရွက်လျက်ရှိသည့် တာဝန်ရှိသူများနှင့် ကင်းထောက်မယ်တို့၏ အတွေ့အကြုံများကို ပြန်လည်မျှဝေလိုက်ရပါသည်။



**ဒေါက်တာဒေါ်တင်လှကြည်**
**မြန်မာနိုင်ငံအမျိုးသမီး**
**ကင်းထောက်ချုပ်**



**Ms.Kuniko Tatamitani**
**Chief Executive Organizer**
**ဂျပန်နိုင်ငံအိုဆာကာ**
**အမျိုးသမီးကင်းထောက်အဖွဲ့**



**မအေးစန္ဒာအောင်**
**အမျိုးသားစီမံခန့်ခွဲမှုပညာ**
**ဒီဂရီကောလိပ်**
**တတိယနှစ် ကျောင်းသူ**



**ဒေါ်ခင်စောဥမ္မာ**
**ဒုတိယကင်းထောက်ချုပ်**

**ဒေါက်တာဒေါ်တင်လှကြည်**
**မြန်မာနိုင်ငံအမျိုးသမီး**
**ကင်းထောက်ချုပ်**

ဒီစခန်းချသင်တန်းမှာ ဂျပန်က ကင်းထောက်အမျိုးသမီး ၄၁ ယောက်နဲ့ ကျွန်မတို့ဆီက ၉၂ ယောက်ပါတယ်။ သင်ပေးတာကတော့ ဂျပန်တွေအနေနဲ့က ကျွန်မတို့ကို ကျန်းမာသန်စွမ်းမှုကို ဦးစားပေးတယ်။ ဒီသင်တန်းမှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တာတွေလည်း သင်ရပါတယ်။ ဒါ့အပြင် ကျန်းမာရေးနဲ့ ပျော်ရွှင်မှုအတွက် ကလေးတွေကို နည်းမျိုးစုံနဲ့ ကစားနည်းလေးတွေ လုပ်ပေးတယ်။ ဒီလိုကစားရင်းနဲ့ တစ်ဦးနဲ့တစ်ဦး သည်းခံစိတ်တွေ၊ ခင်မင်စိတ်တွေပေါ်လာမယ်။ အတူတကွ လုပ်ဆောင်တတ်တဲ့ စိတ်လေးတွေပေါ်လာမယ်။ ဂျပန်နဲ့ မြန်မာဖြစ်တဲ့အတွက် ဘာသာစကားပိုင်းမှာတော့ အားနည်းပါတယ်။ ဒါပေမယ့် ချစ်ခင်ရင်းနှီးမှုနဲ့တင် အဆင်ပြေနေတယ်။ အဘက်ဘက်က ပံ့ပိုးမှုအားပေးမှုကြောင့်လည်း မြန်မာနိုင်ငံကင်းထောက် အမျိုးသမီးအဖွဲ့ဟာ ရှင်သန်နေပြီ ဖြစ်ပါတယ်။

**Ms.Kuniko Tatamitani**
**Chief Executive Organizer**
**ဂျပန်နိုင်ငံအိုဆာကာ**
**အမျိုးသမီးကင်းထောက်အဖွဲ့**

ကျွန်မက ဂျပန်နိုင်ငံ အိုဆာကာက လာတာပါ။ အခုတော့ ဒီ Camp မှာ ဂျပန်အဖွဲ့ရဲ့ တာဝန်ခံဒါရိုက်တာအနေနဲ့လာခဲ့တာပါ။ ကျွန်မတို့ ဂျပန်အမျိုးသမီး ကင်းထောက်မယ်တွေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသမီးကင်းထောက်မယ်တွေ ပူးပေါင်းပြီးတော့ အသိပညာဖလှယ်မယ်၊ ယဉ်ကျေးမှု ဖလှယ်မယ်၊ အသိပညာတစ်ယောက်နဲ့တစ်ယောက် ဖလှယ်ပြီးတော့ မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ ပူးပေါင်းပြီး လုပ်ဆောင်သွားတဲ့ ဆောင်ရွက်ချက်တွေထဲမှာ ကမ္ဘာကြီးကိုလည်း ငြိမ်းချမ်းစေချင်တယ်။ အဓိကကတော့ ငြိမ်းချမ်းရေးဆီကို ဦးတည်ပြီး လှုပ်ရှားဆောင်ရွက်တာဖြစ်ပါတယ်။

ကျွန်မတို့က မြန်မာနိုင်ငံကို လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက လာခဲ့ပါတယ်။ အဲဒီတုန်းကဆိုရင် အခုနဲ့ မတူပါဘူး။ ဆယ်နှစ်အတောအတွင်းမှာ နှစ်တိုင်း နှစ်တိုင်းလာရင်းလာရင်းနဲ့ မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံဟာ ရင်းနှီးမှုကိုရရှိပြီး မြန်မာနိုင်ငံကို ပိုပြီး ချစ်ခင်နှစ်သက်လာပါတယ်။

နောက်နှစ်နှစ်ကြာရင် ကျွန်မတို့ ဂျပန်ကင်းထောက်အဖွဲ့ရဲ့ နှစ် (၇၀) မြောက် ဖြစ်ပါတယ်။ အဲဒီအခါကျရင် မြန်မာနိုင်ငံရဲ့ ကင်းထောက်ငယ်လေးတွေကို ဖိတ်ခေါ်ဖို့ အစီအစဉ်ရှိပါတယ်။

**မအေးစန္ဒာအောင်**
**အမျိုးသားစီမံခန့်ခွဲမှုပညာ**
**ဒီဂရီကောလိပ် တတိယနှစ်ကျောင်းသူ**

ဂျပန် ကင်းထောက်မယ်တွေက အလွန်ကို စည်းစနစ်ကျပါတယ်။ သူတို့အနေနဲ့ အကုန်လုံးကို သေချာစနစ်တကျ လုပ်ထားကိုင်ထားတာတွေ့ရတယ်။ သူတို့အချင်းချင်းစည်းစည်းလုံးလုံးနဲ့ လုပ်ဆောင်သွားတာတွေ တွေ့ရတဲ့အတွက်ကြောင့် သမီးတို့ မြန်မာကင်းထောက်မယ်တွေ အများကြီး ဗဟုသုတတွေရပါတယ်။ သူတို့တွေက ဖိဖိစီးစီးနဲ့ မသိတာ၊ မတတ်တာကိုသင်ပေးတယ်။ သမီးတို့ ကင်းထောက်အဖွဲ့တွေကို နီးနီးကပ်ကပ်နဲ့ သင်ကြားပေးတဲ့အတွက် စည်းကမ်းတကျနဲ့ တကယ့်ကို ကင်းထောက်ကောင်းတွေ ဖြစ်လာမယ်လို့ ယုံကြည်ချက်တွေဖြစ်ပေါ်လာပါတယ်။

**ဒေါ်ခင်စောဥမ္မာ**
**ဒုတိယကင်းထောက်ချုပ်**

နိုင်ငံတကာ Camp က ဒါနဲ့ဆို (၄)ကြိမ်မြောက်ဖြစ်ပါတယ်။ ဂျပန်နိုင်ငံက ကလေးတွေနဲ့ ကျွန်မတို့ဆီက ကလေးတွေ ကင်းထောက်အဖွဲ့အလိုက်ပူးပေါင်းပြီး အတူနေခွင့်ရတယ်။ အဲဒီလို အတူနေခွင့်ရတဲ့အတွက် ရင်းနှီးခင်မင်မှုရတယ်။ ဘာသာစကား ဖလှယ်လို့ရတယ်။ ယဉ်ကျေးမှု ဖလှယ်လို့ရတယ်။ ကင်းထောက်ကိစ္စတွေကို မျှဝေလို့ရတယ်။

**မျိုးမြင့် (သတင်းစဉ်)**

လွတ်လပ်ရေးနေ့အထူးဂုဏ်ပြုဆောင်းပါး

# မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းကြေညာအပြီး (၆)လအကြာ သင်ခန်းစာယူစရာ ဝန်ကြီးချုပ် သခင်နု၏ နိုင်ငံရေးသံဝေဂစကား

## ဟံသာဝတီဦးအုန်းကြိုင်

၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံးအတွင်းရှိ ပါလီမန်တိုင်းပြည်ပြုလွှတ်တော် ပထမဆုံးအစည်းအဝေး ကြီးမှနေ၍ “မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းကြီး” ကို ဖတ်ကြားကြေညာပြီးသည်မှ ခြောက်လကြာကာလ အတွင်း မြန်မာ့နိုင်ငံရေးလောကမှ လွတ်လပ်ရေးတိုက်ပွဲ ရှေ့ဆောင် ခေါင်းဆောင်ကြီးများအကြား ဖြစ်ပျက်ခဲ့သော နိုင်ငံရေးအကွဲအပြဲအစ အက်သံဇာတ်လမ်းတို့ကို ပြန်လည် အမှတ်တရ တင်ပြအပ်ပါသည်။

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အား ငြိမ်းချမ်း၍ သာယာဝပြောသော ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပုံဖော်တည်ဆောက်နေကြသူ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များ၊ အမျိုးသားဒီမိုကရေစီ ခေါင်းဆောင်များ အပါအဝင် တိုးတက်သည့် နိုင်ငံသားများ လေ့လာဖတ်ရှု သတိပြုတော်မူနိုင်ကြစေရန်အတွက် ထိုစဉ်က လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နေရာတွင်ဆက်ခံ၍ လွတ်လပ်ရေး အောင်ပန်းကို ဆွတ်ခူးပေးဆောင်ခဲ့သူ အမျိုးသား ခေါင်းဆောင်ကြီး ပထမဆုံးသော နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုကိုယ်တိုင် ၁၉၄၈ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့က အသံလွှင့်ပြောကြားခဲ့သော စကားများအတိုင်း ဖော်ပြလိုက် ပါသည်။

**အမျိုးသားခေါင်းဆောင်ကြီးသခင်နု၏ လက်ဝဲညီညွတ်ရေးနှိုးဆော်စကား**

လွတ်လပ်ရေးကြေညာပြီး ခြောက်လကြာရင် ကျွန်တော်ဝန်ကြီးချုပ်ရာထူးက နုတ်ထွက်မယ်လို့ လွန်ခဲ့ သော အမျိုးသားနေ့က ကြေညာခဲ့တယ်။ အဲဒီခြောက်လ ဟာ ယခုလာမည့် ဇူလိုင် ၄ ရက်နေ့စေ့မယ်။ အဲဒီတော့ ကျွန်တော်နုတ်ထွက်မယ်ဆိုတာ တကယ်ပဲလား။ နုတ်ထွက် ရင်လည်း ဘယ်နေ့နုတ်ထွက်မယ်ဆိုတာတွေကို လူထုကြီးက တိတိကျကျ သိချင်ကြပေလိမ့်မယ်။

အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒီနေ့ကျွန်တော် အတိအလင်းပြောဆိုပါတယ်။ နုတ်ထွက်မယ်ဆိုတာ အမှန် ပါပဲ။ နုတ်ထွက်မယ့်နေ့က ဇူလိုင် ၂၀ ရက်နေ့ ဒုတိယဝါဆိုလပြည့်နေ့ပါပဲ။ အဲဒီနေ့ဆိုရင် လွတ်လပ်ရေး ကြေညာပြီးတဲ့နေ့ကစပြီးခြောက်လနဲ့ ၁၅ ရက် ရှိနေတဲ့ အတွက် ခြောက်လကြာပြီးရင် ထွက်နိုင်တယ်လို့ ထွက်ခွင့် ပေးထားတဲ့ ဖဆပလ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကလည်း ကန့်ကွက်စရာမရှိတော့ဘူး။

**ဘာကြောင့်နုတ်ထွက်ဖို့ကြံရသလဲ**

ကျွန်တော် ဝန်ကြီးချုပ်ရာထူးက ဘာဖြစ်လို့ နုတ်ထွက် ရန်ကြံရွယ်ကြောင်း ဖဆပလ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့်တကွ လူရင်းတွေကို ရင်းရင်းနှီးနှီး ရှင်းလင်းပြသပြီးဖြစ်တဲ့အတွက် ၎င်းတို့ကို ထပ်မံရှင်းပြ နေရန်မလိုတော့ပါ။ ယနေ့ရှင်းပြချင်တာကတော့ လူထုကြီး နဲ့တကွ အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံကြီးရဲ့ တောင်တန်းပြည်နယ်များနဲ့ ကရင်ရေးရာ ကောင်စီအဖွဲ့က ကျွန်တော်ရဲ့မိတ်ဆွေကြီးများပင် ဖြစ်ပါတယ်။

**အင်မတန်အရေးကြီးနေတဲ့အချိန်**

တောင်တန်းပြည်နယ်များက မိတ်ဆွေကြီးများက ဆိုရင် ကျွန်တော်ရဲ့ နုတ်ထွက်ခြင်းကို စာနဲ့ပင်ရေးပြီး ကန့်ကွက်ကြပါတယ်။ ဒီမိတ်ဆွေကြီးတွေရဲ့ စိတ်ထဲမှာတော့ ဗိုလ်ချုပ်ကလွဲရင် သူတို့အယုံအကြည်ဆုံးလူတွေထဲမှာ ကျွန်တော်လည်း တစ်ယောက်အပါအဝင် ဖြစ်နေတော့ ယခုလို အင်မတန်အရေးကြီးနေတဲ့ ပြည်ထောင်စု တည်ခါစအချိန်မှာ ကျွန်တော်ရာထူးက မနုတ်ထွက်ရင် ကောင်းလိမ့်မယ်လို့ယူဆကြပါတယ်။ ကရင်ရေးရာကောင်စီ အဖွဲ့ဝင်များကလည်း ထိုနည်းအတိုင်း သဘောပေါက်ပြီး ကျွန်တော်ရဲ့ နုတ်ထွက်လွှာကို တောင်တန်းဒေသက မိတ်ဆွေကြီးများလိုပဲ ကန့်ကွက်ခဲ့ကြပါတယ်။

**လောကုတ္တရာအမိဋ္ဌာန်ကြောင့်**

အဲဒီမိတ်ဆွေကြီးများနဲ့ လူထုကို ကျွန်တော်အနည်း ငယ် ရှင်းပြချင်ပါတယ်။ ကျွန်တော်ရာထူးမှ နုတ်ထွက်တာ ကတော့ တခြားကြောင့်မဟုတ်ပါဘူး။ လောကုတ္တရာ အမိဋ္ဌာန်ကြောင့် ဖြစ်ပါတယ်။

အဲဒီအမိဋ္ဌာန်ဟာလည်း တစ်ကိုယ်ကောင်း၊ တစ်ကိုယ်တည်း အေးရရင်ပြီးရောဆိုတဲ့ အမိဋ္ဌာန်မျိုး မဟုတ်ဘဲ အများကောင်းကျိုးချမ်းသာအတွက် အမိဋ္ဌာန်

> **ယခုအခါ ကျွန်တော့်စိတ်ထဲမှာ အစိုးရိမ်ကြီးဆုံးတစ်ခုရှိနေတယ်။ ဒီတစ်ခုဟာ တခြား မဟုတ်ဘူး။ ရန်သူလက်ချက်နှင့် ကျဆုံးသွားရရှာတဲ့ ဗိုလ်ချုပ်နဲ့တကွ ခေါင်းဆောင်ကြီးများ သွေးနှင့်တည်ဆောက်ပေးခဲ့တဲ့ အမျိုးသားစည်းလုံးညီညွတ်မှုကြီး ပြိုအက်မယ့်အချက်ပဲ ဖြစ်ပါတယ်။ ဒီဟာကြီး မပြိုမကွဲရအောင်အတွက် ကျွန်တော်ဘယ်နေရာကပဲနေရနေရ၊ ဘယ်လောက်ပဲ အနစ်နာခံရခံရ၊ ဘာကိုပဲ လုပ်ရလုပ်ရဆိုတဲ့ စိတ်တွေဖြစ်နေပါတယ်။**

ဖြစ်နေတဲ့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့ ကံကြမ္မာကို ထိထိရောက်ရောက် ဖန်တီးပေးနိုင်မယ့် အမိဋ္ဌာန်ကြီးဖြစ်တယ်လို့ သဲသဲမဲမဲ စွဲစွဲမြဲမြဲကြီး ကျွန်တော် ယုံကြည်လျက်ရှိပါတယ်။ ဒါကြောင့်မို့လည်း ဒီအမိဋ္ဌာန် အောင်မြင်ရေးအတွက် ကျွန်တော်ရာထူးလက်ခံပြီး သုံးရက်ကြာသည့်အချိန်မှစကာ အကြိမ်ကြိမ် ကြိုးစားခဲ့ခြင်း ဖြစ်ပါတယ်။

အခု ကျွန်တော့်ရဲ့အမိဋ္ဌာန်ဟာ တစ်ကိုယ်ကောင်း အမိဋ္ဌာန်မျိုးမဟုတ်ဘဲ အများကောင်းကျိုးချမ်းသာအတွက် အမိဋ္ဌာန်ဖြစ်တယ်ဆိုတာ ဒီအချိန်မှာ ဒါလောက်ပဲ ပြောချင်ပါတယ်။ ကျွန်တော်ရာထူးက ထွက်တဲ့နေ့မှပဲ စုံစုံလင်လင် ထပ်ပြီး ပြောပါဦးမယ်။

**ဖဆပလကို အင်အားတောင့်အောင် ဘာကြောင့် လုပ်ရပါသလဲ**

ဖဆပလကို ဘာဖြစ်လို့ အင်အားတောင့်တင်းအောင် လုပ်တဲ့နေရာမှာ အထောက်အပံ့အကူအညီရနိုင်တယ် ဆိုတာကို ကျွန်တော်ရှင်းပြချင်တယ်။ ဖဆပလအဖွဲ့ဝင် တွေဟာ နယ်ချဲ့စနစ်ကို တိုက်ခိုက်နေကြတုန်းကတော့ အတော်ပဲ အနစ်နာခံကာ ရှုပ်ရှုပ်ချွံချွံ စွန့်စွန့်စားစား ကြိုးပမ်းခဲ့ကြတယ်။ ဒါပေမယ့် ဖဆပလက ရာထူးလက်ခံ တဲ့နေ့ကစပြီး ဖဆပလ အဖွဲ့ဝင်အချို့ဟာ အတော်ပဲ ဖောက်ပြန်ခဲ့တာကို ကျွန်တော်တွေ့ရတယ်။ သူတို့ရဲ့ ဖောက်ပြန်မှုတွေကိုခွဲပြီး ကြည့်လိုက်ရင် အချက်ကြီး သုံးချက်ကို တွေ့ရပါတယ်။

**အနစ်နာခံခဲ့တဲ့လူတွေအတွက်**

ဒီအချက်သုံးချက်ကို တစ်ချက်စီရှင်းပြချင်ပါတယ်။ ပထမအချက်က အခွင့်အရေးတောင်းဆိုမှုဖြစ်တယ်။ နယ်ချဲ့သမားတွေကို တိုက်ကြတုန်းက နိုင်ငံရေးသမားပေါင်း များစွာ နှလုံးရည်အားဖြင့်သော်လည်းကောင်း၊ လက်ရုံးရည် အားဖြင့်သော်လည်းကောင်း၊ အတော်ပဲ ရှုပ်ရှုပ်ချွံချွံ တိုက်ခဲ့ကြရပါတယ်။ တော်တော်ခပ်များများပဲ အရိုးအရေ၊ အိုးအိမ်စည်းစိမ်၊ ပညာရေးအစရှိသည်တို့ဘက်မှာ ဆုံးရှုံး ပျက်စီးခဲ့ကြရပါတယ်။ အဲဒီတော့ အဲဒီလိုစွန့်စားခဲ့ကြရတဲ့ လူတချို့ဟာ မိမိတို့ရသင့်တဲ့ အခွင့်အရေးတွေကို တောင်းချင်ဆိုချင်ကြပါတယ်။ ဒီလို တောင်းဆိုချင်ကြတာ ဟာ အမှန်စင်စစ်တော့ မလွန်ဘူး။ အနစ်နာခံကြတဲ့လူတွေ ထိုက်သင့်တဲ့အခွင့်အရေးတော့ရကြမှာပဲ။

**နိုင်ငံရေးသမားတိုင်း အနစ်နာခံရမယ်**

ဒါပေမယ့် ဒီအချိန်ဟာ အခွင့်အရေးတောင်းသင့်တဲ့ အချိန်မဟုတ်ဘူး။ ရတဲ့အာဏာနဲ့ ဘယ်တုန်းကမှ လူတန်း စေ့စေ့မနေခဲ့ရဖူးတဲ့ လူထုကြီးရဲ့ ဘဝသစ်ဖန်တီးရေးအတွက် နိုင်ငံရေးသမားတိုင်းက ထပ်ပြီးအစွမ်းကုန် အနစ်နာခံကြ ရဦးမယ့် အချိန်အခါဆိုတာ ဖဆပလအဖွဲ့ဝင်တိုင်း အထူး သဘောပေါက်ဖို့လိုတယ်။ ဒီလို သဘောမပေါက်ဘဲ ဖဆပလအဖွဲ့ဝင်တိုင်း အခွင့်အရေးသမားတွေဖြစ်လာ ကြရင် ဖဆပလကြီးဟာ ပျက်မှာပဲ။ အဲဒီတော့ ဒီလို သဘောပေါက်အောင် အစွမ်းကုန်လုပ်ပေးကြရမယ်။ ဒါကို လုပ်တဲ့နေရာမှာ ကျွန်တော်ကိုယ်တိုင်ခေါင်းဆောင်ပြီး လုပ်ပေးသင့်တယ်လို့ ကျွန်တော်ယူဆတယ်။ အဲဒီတော့ ကျွန်တော်ကိုယ်တိုင်ခေါင်းဆောင်ပြီး လုပ်တဲ့နေရာမှာ ထိထိရောက်ရောက်ဖြစ်အောင် ကျွန်တော်ဝန်ကြီးချုပ် ရာထူးက နုတ်ထွက်ပေးပြီး ဖဆပလဥက္ကဋ္ဌအလုပ်တစ်ခု တည်းကိုသာ ဆက်လုပ်ရမှာပဲ။

**အာဏာလုချင်နေကြတယ်**

ဒုတိယအချက်က အာဏာလုမှုဖြစ်တယ်။ သူအာဏာရသွားရင် ငါသေမလား။ ငါအာဏာရလာရင် သူသေမလားဆိုတဲ့ တစ်ဦးအပေါ် တစ်ဦး ကြောက်စိတ်တွေ၊ မယုံသင်္ကာစိတ်တွေကြောင့် အာဏာကို အမိအရလုချင်သူ အချို့ရှိနေတယ်။ တချို့ကလည်း အာဏာကိုလက်ကိုင် ထားရတာ ခပ်မြွက်မြွက်ကလေးဖြစ်လေတော့ ပိုပြီးလိုချင် လာကြတယ်။ အဲဒီစိတ်တွေ၊ အယူအဆတွေဟာ မှားတဲ့ စိတ်နဲ့ အယူအဆတွေပဲ။

**လူထုရဲ့ ဘဝသစ်ဖန်တီးမှုပဓာနထားကြရမယ်**

အမှန်စင်စစ် လူထုရဲ့ ဘဝသစ်ဖန်တီးမှုကို အစစ်အမှန်လိုလားသူတွေဟာ ဘယ်သူအာဏာရတာ၊ မရတာ ပဓာနမထားရဘူး။ လုပ်ရမယ့်လုပ်ငန်းစဉ်ကိုသာ ပဓာနထားကြရမယ်။ အဲဒီအချက်ကို ဖဆပလအဖွဲ့ ဝင်တွေ အတိအကျသဘောပေါက်အောင် လှုံ့ဆော်ပေးဖို့ လိုတယ်။ အဲဒါကိုလည်း ကျွန်တော်ကိုယ်တိုင် ခေါင်းဆောင် လှုံ့ဆော်ပေးချင်တယ်။ အဲဒီလို လှုံ့ဆော်ပေးတဲ့နေရာမှာ ထိထိရောက်ရောက်ရှိအောင် ကျွန်တော် ဝန်ကြီးချုပ် ရာထူးက နုတ်ထွက်ပေးပြီး ဖဆပလဥက္ကဋ္ဌအလုပ်တစ်ခု တည်းကိုသာ ဆက်လုပ်ရမှာပဲ။

**အာဏာအလွဲသုံးစားမှု**

တတိယအချက်က အာဏာအလွဲသုံးစားမှုဖြစ်တယ်။ အာဏာအလွဲသုံးစားလုပ်တာကတော့ ကျွန်တော်ဖြင့် ပြောတောင်မပြောချင်လောက်အောင် ဖြစ်နေပြီ။ လွန်ခဲ့တဲ့ အမျိုးသားနေ့တုန်းက ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်ပြော ခဲ့တဲ့ စကားကို လူထုကြီးက ကောင်းကောင်းမှတ်မိလိမ့်ဦးမယ် ထင်တယ်။ ဖဆပလအဖွဲ့ဝင်တွေ အာဏာကို အလွဲသုံးစား လုပ်ကြရင် လူထုကြီးက ဒို့တစ်တွေ ဗြိတိသျှနယ်ချဲ့သမား တွေရဲ့ လက်အောက်ကတော့ လွတ်မြောက်ပါပြီ။ ဖဆပလ အဖွဲ့ဝင် ဒီကမြင်းမသားတွေရဲ့ လက်အောက်က ဘယ်တော့များမှ လွတ်မြောက်ပါလိမ့်မလဲလို့ ညည်းညူကြ လိမ့်မယ်လို့ ကျွန်တော်ပြောခဲ့ဖူးပါတယ်။ အခုအချိန်မှာ ဆိုတော့ လူထုကြီးက ညည်းညူသလောက် ညည်းညူစပြု လာကြပါပြီ။

**လူညစ်ပတ်တစ်ယောက်၊ နှစ်ယောက်ကြောင့်**

ဒီစကားပြောလို့ ဖဆပလအဖွဲ့ဝင်တွေအားလုံး အလွဲသုံးစားလုပ်နေတယ်လို့ မဆိုလိုဘူးနော်။ အလွဲ သုံးစားလုပ်နေတာက တချို့တစ်ဝက်။ ငါးခုံးမတစ်ကောင် ကြောင့် တစ်လှေလုံးပုပ်ဆိုတာလို၊ ဒီလူညစ်ပတ် တစ်ယောက်၊ နှစ်ယောက်ကြောင့် ဖဆပလတစ်ဖွဲ့လုံး နာမည်ပျက်ရမလိုလိုဖြစ်နေတယ်။

**သင်ခန်းစာကောင်းကောင်းပေးနိုင်အောင်**

အဲဒီအာဏာအလွဲသုံးစားလုပ်ချင်တဲ့ သူတွေကို သင်ခန်းစာကောင်းကောင်းပေးဖို့လိုပြီ။ အဲဒီအချက်မှာ လည်း ကျွန်တော်ကိုယ်တိုင်ခေါင်းဆောင် ပေးချင်တယ်။ အဲဒီပေးတဲ့နေရာမှာ ထိထိရောက်ရောက်ဖြစ်အောင် ကျွန်တော်ဝန်ကြီးချုပ်ရာထူးက နုတ်ထွက်ပြီး ဖဆပလ ဥက္ကဋ္ဌအလုပ်တစ်ခုတည်းကိုသာ ဆက်လုပ်ရမှာပဲ။

**အမျိုးသားစည်းလုံးညီညွတ်ရေးပြိုအက်ကွဲမယ့်အချက်**

ယခုအခါ ကျွန်တော့်စိတ်ထဲမှာ အစိုးရိမ်ကြီးဆုံး တစ်ခုရှိနေတယ်။ ဒီတစ်ခုဟာ တခြားမဟုတ်ဘူး။ ရန်သူ လက်ချက်နဲ့ ကျဆုံးသွားရရှာတဲ့ ဗိုလ်ချုပ်နဲ့တကွ ခေါင်းဆောင်ကြီးများ သွေးနှင့်တည်ဆောက်ပေးခဲ့တဲ့ အမျိုးသားစည်းလုံးညီညွတ်မှုကြီး ပြိုအက်မယ့်အချက်ပဲ ဖြစ်ပါတယ်။ ဒီဟာကြီး မပြိုမကွဲရအောင်အတွက် ကျွန်တော်ဘယ်နေရာကပဲနေရနေရ၊ ဘယ်လောက်ပဲ အနစ်နာခံရခံရ၊ ဘာကိုပဲ လုပ်ရလုပ်ရဆိုတဲ့ စိတ်တွေ ဖြစ်နေပါတယ်။

**နိုင်ငံသားတိုင်းတာဝန်**

လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်လောက်အတွင်းက ဖြစ်ခဲ့ရတဲ့ မြန်မာပြည်ရဲ့အခြေမျိုးကို ဘယ်နည်းနဲ့မှ ပြန်မရောက်ချင်တော့ဘူး။ လူဦးရေ ၁၇ သန်း လောက်သာ ရှိတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ သာယာဝတီမင်း၊ ပြည်မင်း၊ မုတ္တမမင်းစသည်ဖြင့် အစိတ်စိတ်အမြွှာမြွှာ ကွဲတာမျိုးကို ကြားလည်းမကြားချင်တော့ဘူး။ မြင်လည်း မမြင်ချင်တော့ဘူး။ အဲဒီလို မကြား၊ မမြင်ရအောင် အစွမ်းကုန်ကြိုးပမ်းကြဖို့ တာဝန်ဟာ နိုင်ငံသူနိုင်ငံသား တိုင်းရဲ့ တာဝန်ပဲ။ အဲဒီလိုမကြားရ မမြင်ရအောင် အစွမ်းကုန်မျိုးချစ်စိတ်ကို ပြဖို့တာဝန်ဟာ နိုင်ငံသူ နိုင်ငံသားတိုင်းရဲ့ တာဝန်ပဲ။

အဲဒီတော့ သူတစ်ဗိုလ်ငါတစ်မင်းနဲ့ အစိတ်စိတ် အမြွှာမြွှာကွဲနေတဲ့ အဖြစ်မျိုးက ပြည်ထောင်စုမြန်မာနိုင်ငံ ကြီး လွတ်မြောက်ရအောင် စည်းလုံးညီညွတ်ရေးမူတစ်ခုကို ကျွန်တော်လူထုသို့ တင်ပြမယ်။ အဲဒီမူကို လူထုက လက်ခံတယ်ဆိုရင် လူထုရဲ့အားကိုးနဲ့ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးဗိမာန်ကြီးကို တည်ဆောက်သွားမှာပဲ။

**အကွဲကွဲအပြဲပြဲ သူတစ်ဗိုလ်ငါတစ်မင်း**

အဲဒီတော့ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ လက်ထက်မှတစ်ပါး၊ နှစ်ပေါင်း နှစ်ထောင်ကျော် မြန်မာ့ရာဇဝင်တစ်လျှောက်လုံးမှာ ဖြစ်ခဲ့တဲ့ အကွဲကွဲအပြဲပြဲ၊ သူတစ်ဗိုလ်ငါတစ်မင်းဘဝမျိုးကို အပြင်းအထန်စက်ဆုပ်ရွံရှာပြီး အလွန်ခိုင်ခံ့သော အမျိုးသား စည်းလုံးညီညွတ်ရေးဗိမာန်ကြီးကို တည်ထောင်လိုကြတဲ့ မျိုးချစ်ပုဂ္ဂိုလ်အပေါင်း ဝိုင်းဝန်းထောက်ခံကြရန် ကျွန်တော် လေးနက်စွာ မေတ္တာရပ်လိုက်ပါတယ်။

၎င်းသည့် ဖြစ်စဉ်ဖြစ်ရပ်အကြောင်း အတ္ထုပ္ပတ်များ သည် မြန်မာနိုင်ငံတော်လွတ်လပ်ရေးရပြီးစ ကာလ ခြောက်လမျှ အချိန်အတွင်း ဖြစ်ပျက်ခဲ့ရပုံသမိုင်းဖြစ်စုံ တို့ကို ပြန်လည်မှန်းဆသတိတရ ဖော်ထုတ်တင်ပြအပ်ပါ သည်။ ယနေ့တာဝန်ရှိကြသူ ပုဂ္ဂိုလ်အားလုံးနှင့်တကွ တိုင်းရင်းသားများ သတိသံဝေဂသင်ခန်းစာယူတော်မူနိုင် ကြပါစေလို့ (၆၉)နှစ်မြောက် လွတ်လပ်ရေးအထူး ဆောင်းပါးရေးသားလိုက်ရပါတယ်။ ။

# မြန်မာ့စိတ်ကျန်းမာရေး၏ ရှေ့ဆောင်ဖခင်ကြီး(သို့မဟုတ်) တစ်ခေတ်မှာတစ်ယောက်

ပါမောက္ခ ဒေါက်တာခင်မောင်ကြီး
စိတ်ကျန်းမာ/မူးယစ်

တစ်ခေတ်ဟူသော စကားလုံးကို မြန်မာစကားတွင် မကြာခဏသုံးလေ့ရှိပါသည်။ နှစ်ပေါင်းဘယ်လောက်ကို တစ်ခေတ်ဟု တိကျစွာ သတ်မှတ်ထားခြင်းမရှိသော်လည်း တစ်ခေတ်ဟုပြောလျှင် အချိန်အတိုင်းအတာတစ်ခုဟုတော့ နားလည်ကြပါသည်။ ထို့ပြင် တစ်ခေတ်မှာ တစ်ယောက်ဟုပြောလျှင် အချိန်ကာလတစ်ခုတွင် အနှိုင်းမဲ့ပုဂ္ဂိုလ်သည် ထိုအချိန်အခါ၊ ထိုအကြောင်းအရာ(သို့မဟုတ်) ထိုကိစ္စရပ်မျိုးများဆောင်ရွက်ခဲ့ရာ တစ်ချိန်တည်းတွင် နှစ်ယောက်မရှိလောက်အောင် ဂုဏ်ယူချီးမွမ်းလောက်သော ထိုသူ၏ စွမ်းဆောင်မှုကို အမှတ်သညာပြု၍ သုံးနှုန်းခြင်းဖြစ်ပါသည်။

တစ်ခေတ်မှာတစ်ယောက်ဟု ပြောစမှတ်ပြုနိုင်သည့် ပုဂ္ဂိုလ်ကြီးများစွာရှိသည့်အနက် ကျွန်တော်တို့ စိတ်ကျန်းမာရေးဆိုင်ရာ လောကတွင် တစ်ယောက်ရှိပါသည်။ ယင်းပုဂ္ဂိုလ်မှာ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဆရာကြီး ဒေါက်တာဦးနေဝင်းပင်ဖြစ်ပါသည်။

ဆရာကြီးကို ၁၉၂၄ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ပျဉ်းမနားမြို့၌ မွေးဖွားခဲ့ပြီး မိဘများမှာ ဒေါက်တာ ဦးအေမြားနှင့် ဒေါ်မေတို့ဖြစ်ကြပါသည်။ ဇနီးဖြစ်သူမှာ မီးယပ်သားဖွားအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်စီဖြစ်ပါသည်။ ဆရာမကြီးမှာ ကွယ်လွန်သွားပြီဖြစ်ပါသည်။

ဆရာကြီးသည် ၁၉၂၈ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ Rangoon Teachers' Training College School တွင် ပညာသင်ကြားခဲ့ပြီး တက္ကသိုလ်ဝင်တန်းကို ၁၉၃၉ ခုနှစ်တွင် Government High School,Rangoon မှ အောင်မြင်ခဲ့ပါသည်။ ထို့နောက် M.B.B.S ဘွဲ့ကို Faculty of Medicine, University of Rangoon မှ ၁၉၅၂ ခုနှစ်တွင် ရရှိခဲ့ပြီး D.P.M (Diploma in Psychological Medicine) ဘွဲ့ကို Institute of Psychiatry,University of London မှ ၁၉၅၈ ခုနှစ်တွင် အောင်မြင်ရရှိခဲ့ပါသည်။ ထို့နောက် ၁၉၇၁ ခုနှစ်တွင် Royal College of Psychiatry, UK မှ M.R.C.Psych ဘွဲ့ကိုလည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ယင်းကောလိပ်မှ F.R.C.Psych ဘွဲ့ကိုလည်းကောင်း ထပ်မံချီးမြှင့်ခြင်းခံခဲ့ရပါသည်။

အလုပ်တာဝန်အနေဖြင့် ၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ဆေးပညာဌာနကြီး ရောဂါဗေဒနှင့် ဗက်တီးရီးယားပိုးမွှားဗေဒဌာနခွဲတို့တွင် သရုပ်ပြဆရာအဖြစ်စတင်၍ တာဝန်ထမ်းဆောင်ရာမှ ၁၉၅၂ ခုနှစ်မှ ၁၉၅၄ ခုနှစ်ထိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်အဖြစ် ထမ်းဆောင်ခဲ့ပြီး ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ထိ ရန်ကုန်စိတ္တဇဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုမှဆက်လက်၍ ၁၉၆၀ ပြည့်နှစ်မှ ၁၉၈၄ ခုနှစ် သက်ပြည့်အငြိမ်းစားယူသည်အထိ ရန်ကုန်စိတ်ရောဂါအထူးကုဆေးရုံကြီး၏ ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့ပြင် ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်ထိ ရန်ကုန်ဆေးတက္ကသိုလ်(၁)၏ စိတ်ရောဂါအထူးကုဘာသာရပ်ဆိုင်ရာ ကထိကအဖြစ် တာဝန်ယူ၍ ၁၉၇၇ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ ရန်ကုန်ဆေးတက္ကသိုလ်(၁)၏ စိတ်ရောဂါပညာဌာန၊ ဌာနမှူးဖြစ်လာခဲ့ပါသည်။

ကျွန်တော်သည်ဆရာကြီး ဦးနေဝင်းအား တစ်ခေတ်မှာတစ်ယောက်ဟု ဂုဏ်ပြုလိုခြင်းမှာ စိတ်ကျန်းမာရေးနယ်ပယ်တွင် ဆရာကြီး၏ မှတ်တမ်းတင်ရလောက်အောင် ဆောင်ရွက်မှုများစွာ ရှိခဲ့၍ဖြစ်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၅၀ ပြည့်နှစ်တစ်လျှောက်တွင် ဆရာဝန်အများစုသည် ထင်ရှားသည့် အခြားသော ဘာသာရပ်များအတွက် နိုင်ငံခြားတွင် ဘွဲ့လွန်ပညာသင်သွားရောက်ခဲ့ကြသော်လည်း ဆရာကြီးသည် စိတ်ရောဂါအထူးကုဘွဲ့ကို ထိုစဉ်ကပင် စိတ်ဝင်စား၍ အမြော်အမြင်ရှိရှိ ပထမဆုံး သွားရောက်သင်ကြားခဲ့ပါသည်။ သို့ဖြစ်၍လည်း ဆရာကြီးသည် လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံသားထဲမှ စိတ်ရောဂါအထူးကုဘွဲ့ကို ပထမဆုံး ရရှိသူဖြစ်လာသလို M.R.C.Psych. (UK),F.R.C.Psych(UK) အဆင့်မြင့်ဘွဲ့နှစ်ခုလုံးကိုလည်း မြန်မာနိုင်ငံတွင် ပထမဆုံး ချီးမြှင့်ခံရသူဖြစ်သဖြင့် ဂုဏ်ယူစရာဖြစ်ပါသည်။

အင်္ဂလိပ်ခေတ် ၁၉၂၈ ခုနှစ်မှစတင်၍ ဖွင့်လှစ်သုံးစွဲခဲ့သည့် တံတားလေး အရှူးထောင်မှာ နာတာရှည်စိတ်ရောဂါသည်များအား ထောင်ကဲ့သို့သော အဆောက်အအုံအတွင်း ထိန်းသိမ်းထားခြင်းမျှသာ ဖြစ်ပါသည်။ စိတ်ရောဂါအထူးကုဆေးဝါးများလည်းမပေါ်ပေါက်သေးပါ။ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင်မှ ကလိုပရိုမဇင်း ဆေးဝါးကို စိတ်ရောဂါများတွင် သက်သာအောင်ကုသနိုင်သည့် ဆေးတစ်မျိုးဖြစ်ကြောင်း စမ်းသပ်တွေ့ရှိလာပါသည်။ ထို့ကြောင့် နိုင်ငံခြားမှ ပြန်ရောက်ပြီးနောက် ဆရာကြီးဦးဆောင်၍ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ယင်းကလိုပရိုမဇင်းဆေးကို လူနာများအားတိုက်ကျွေး၍ ဆေးဝါးကုသပေးပါသည်။ သို့ဖြစ်၍လည်း သံတိုင်၊ သံတံခါးကြီးများဖြင့် ထောင်ဘူးဝသဏ္ဌာန်ရှိ အရှေ့တံတိုင်းကိုဖြိုချ၍ အရှူးထောင်ကြီးရုပ်အသွင်ကိုလည်း ပြောင်းလဲကာ ရန်ကုန်စိတ်ရောဂါအထူး ကုဆေးရုံကြီး အသွင်သဏ္ဌာန်ဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆရာကြီးသည် ထိုစဉ်ကပင် မူးယစ်ဆေးစွဲမှု ကာကွယ်ကုသရေးကို စိတ်ဝင်စားသူဖြစ်ပါသည်။ အရက်စွဲလူနာများအတွက် သီးခြားအရက်စွဲရောဂါကုဆောင်သတ်မှတ်၍ ဆေးကုသမှုနည်းအမျိုးမျိုးကိုလည်း သုတေသနပြုဆောင်ရွက်ခဲ့ပါသည်။

ယခင်ကတည်းကရှိခဲ့သည့် ဘိန်းဖြတ်ဆောင်ကိုလည်း ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း ဘိန်းဖြူသုံးစွဲမှု ပေါ်ပေါက်လာ၍ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပြဋ္ဌာန်းသည့်အခါ မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် သုတေသနဌာနဟု ပြောင်းလဲဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ရာ ယနေ့တိုင်ဖြစ်ပါသည်။

> **ပြည်တွင်းထုတ်လုပ်သော တင်ချာအိုပီယံဘိန်းဆေးရည်နှင့် အခြားအိပ်ဆေး၊ အကိုက်အခဲပျောက်ဆေးများ တွဲဖက်၍ စရိတ်အကုန်အကျ သက်သာသော ဆေးကုသနည်းကို လုပ်ဖော်ကိုင်ဖက် ဒေါက်တာဦးခန့်နှင့်အတူ သုတေသနပြု တီထွင်စမ်းသပ်ထုတ်ဖော်ခဲ့ပြီး စရိတ်သက်သာစွာဖြင့် တစ်နိုင်ငံလုံးရှိ ဆေးရုံများတွင် သုံးစွဲနေသည်မှာလည်း ယနေ့တိုင်ဖြစ်ပါသည်။ ဤနည်းမှာ ရက်တိုကုသသောနည်းဖြစ်ပါသည်။**

ဘိန်းဖြူ/ဘိန်းမည်း မူးယစ်ဆေးစွဲရောဂါကုသရေးတွင်လည်း ထိုစဉ်က မက်သာဒုံးဆေးကို အခြားနိုင်ငံများတွင် သုံးစွဲနေပြီဖြစ်သော်လည်း ဈေးကြီးလွန်း၍ နိုင်ငံခြားမှ မှာနိုင်ခြင်းမရှိခဲ့ပါ။ သို့ဖြစ်၍ ပြည်တွင်းထုတ်လုပ်သော တင်ချာအိုပီယံဘိန်းဆေးရည်နှင့် အခြားအိပ်ဆေး၊ အကိုက်အခဲပျောက်ဆေးများ တွဲဖက်၍ စရိတ်အကုန်အကျသက်သာသော ဆေးကုသနည်းကို လုပ်ဖော်ကိုင်ဖက် ဒေါက်တာဦးခန့်နှင့်အတူ သုတေသနပြုတီထွင်စမ်းသပ်ထုတ်ဖော်ခဲ့ပြီး စရိတ်သက်သာစွာဖြင့် တစ်နိုင်ငံလုံးရှိဆေးရုံများတွင် သုံးစွဲနေသည်မှာလည်း ယနေ့တိုင်ဖြစ်ပါသည်။ ဤနည်းမှာ ရက်တိုကုသသောနည်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စိတ်ကျန်းမာရေးစောင့်ရှောက်မှုအတွက် အထူးကုဘွဲ့လွန်များသင်ကြားပေးရန် ပထမဆုံး ဖွဲ့စည်းသည့်စိတ်ပညာသင်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်ခဲ့သလို စိတ်ကျန်းမာပညာဌာန၏ ပထမဆုံးဌာနမှူးနှင့် ဘွဲ့လွန်ဥက္ကဋ္ဌလည်းဖြစ်ခဲ့ပါသည်။ ပြည်တွင်းစိတ်ရောဂါပညာ မဟာသိပ္ပံနှင့် ဒီပလိုမာဘွဲ့လွန်အောင်မြင်သူများအား ပထမဆုံး ဘွဲ့လွန်များ အပ်နှင်းနိုင်ခဲ့သူဖြစ်ပါသည်။ ပထမဆုံး စိတ်ရောဂါအထူးသူနာပြုသင်တန်းများ ဖွင့်လှစ်၍ အထူးသူနာပြုများကိုလည်း မွေးထုတ်နိုင်ခဲ့ပါသည်။ သို့သော်လည်း ဆရာကြီးသည် ပါမောက္ခရာထူးကို မရရှိခဲ့ပါ။ ၁၉၈၄ ခုနှစ် သက်ပြည့်အငြိမ်းစားယူသည့်တိုင် ပါမောက္ခမဖြစ်ခဲ့သော်လည်း ၁၉၇၇ ခုနှစ်မှ ၁၉၈၄ ခုနှစ်ထိ ဘွဲ့လွန်သင်တန်းအဖွဲ့ ဥက္ကဋ္ဌအဖြစ် အားကြိုးမာန်တက် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်စိတ်ရောဂါအထူးကုဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီးအဖြစ် ၁၉၆၀ ပြည့်နှစ်မှ ၁၉၈၄ ခုနှစ်အထိ ၂၄ နှစ် တစ်ဆက်တည်း တာဝန်ယူဆောင်ရွက်စဉ် မြန်မာနိုင်ငံဆရာဝန်အသင်းအောက်ရှိ ဆေးစိတ်ပညာအသင်း (Psychological Medicine Association) တွင်လည်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး အဖွဲ့ဝင်ဆရာဝန်များ၏ ဘာသာရပ်ဆိုင်ရာတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သလို ဆေးရုံကြီးရှိ လူနာများ၏ စိတ်ရွှင်လန်းမှုအတွက် အားကစားနှင့် ပျော်ပွဲရွှင်ပွဲများကို နှစ်စဉ် ကျင်းပပေးခဲ့ပါသည်။

ဆရာကြီးသည် ဗြိတိသျှဆရာဝန်များအသင်းနှင့် ယူကေနိုင်ငံ စိတ်ရောဂါအထူးကု ဆရာဝန်များအသင်းဝင်ဖြစ်သလို ယူကေနိုင်ငံတော်ဝင် စိတ်ရောဂါအထူးကုဆရာဝန်များကောလိပ်၏ ရှေးဦးဖောင်ဒေးရှင်းအဖွဲ့ဝင်ဖြစ်ခဲ့ပြီး WHO ၏ စိတ်ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူအကြံပေးအဖွဲ့ဝင် အဖြစ်လည်း တာဝန်ယူခဲ့ပါသည်။

ဆရာကြီးသည် ဆေးရုံအုပ်ကြီးအဖြစ် ဆောင်ရွက်စဉ်နှင့် အငြိမ်းစားယူပြီး နှစ်များအတွင်း စိတ်ရောဂါနှင့် မူးယစ်ကုသရေးဆိုင်ရာ လေ့လာသုတေသနပြု စာတမ်းပေါင်းမြောက်မြားစွာကို ရေးသားခဲ့သလို စာအုပ်များစွာကိုလည်း ရေးသားခဲ့ပါသည်။ ဆရာကြီးသည် နိုင်ငံပေါင်းမြောက်မြားစွာသို့ သွားရောက်၍လည်းကောင်း၊ ပြည်တွင်းတွင်လည်းကောင်း စိတ်ကျန်းမာရေးနှင့် အရက်၊ မူးယစ်ဆေးစွဲရောဂါကုသရေးဆိုင်ရာ အစည်းအဝေးများ၊ ညီလာခံများနှင့် အလုပ်ရုံဆွေးနွေးပွဲမြောက်မြားစွာကို ပါဝင်တက်ရောက်နိုင်ခဲ့၍ မြန်မာနိုင်ငံတွင်း စိတ်ကျန်းမာရေးလုပ်ငန်းများကို အထူးမြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့နောက် ၁၉၈၄ ခုနှစ် သက်ပြည့်အငြိမ်းစားယူပြီးနောက် ရန်ကုန်မြို့ရှိ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းနှင့် မဟာဗန္ဓုလလမ်း ပရဟိတဆေးရုံတို့တွင် စိတ်ကျန်းမာရေးအတိုင်ပင်ခံဆရာကြီးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ဆေးသိပ္ပံပညာရှင်များအဖွဲ့တွင်လည်းကောင်း တာဝန်အသီးသီးကို ဆောင်ရွက်ခဲ့ပါသည်။

ဆရာကြီး၏ အကြံပေးလမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကိုလည်း မူးယစ်ဆရာဝန်ကြီး ဒေါက်တာ ဦးဘသောင်းက ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုပြီး ၁၉၄၄ ခုနှစ်မှစတင်၍ ၂၀၀၄ ခုနှစ်အထိ ဥက္ကဋ္ဌအဖြစ် တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ပါသည်။ လက်ရှိဥက္ကဋ္ဌမှာ အငြိမ်းစားရဲချုပ် ဦးစိုးဝင်းဖြစ်၍ အသင်းကြီးသည် တစ်ခုတည်းသော မူးယစ်ဆန့်ကျင်ရေး ပရဟိတအသင်းအဖြစ် ယနေ့တိုင် ဂုဏ်ရှိန်ကြီးမားစွာရပ်တည်လျက်ရှိပါသည်။

သို့ဖြစ်၍လည်း ကျွန်တော်တို့၏ မိတ်ဆွေကြီး ကွယ်လွန်သူ ဒေါက်တာ ဦးစောဝီလ်ဖရက်က ဆရာကြီးအကြောင်း ရေးသားသောစာအုပ်တစ်အုပ်တွင် "Aging, the meaning of this vocabulary cannot be found in our beloved SAYAR GYI's dictionary. May be old in flesh but very young at heart ..."ဟု တင်စား၍ မှတ်ချက်ပြုရေးသားဖော်ပြခဲ့ပါသည်။

ဆရာကြီးကို မည်သည့်အခါမှ စိတ်တိုခြင်း၊ ဒေါသဖြစ်ခြင်း တွေ့ရလေ့မရှိ။ ကျေနပ်မှုမရှိ၍ ဆရာကြီးအား တင်ပြပြောဆိုလျှင်ပင် ငြိမ်သက်စွာ နားထောင်ပြီး စိတ်သက်သာအောင် ပြောတတ်ပါသည်။ အမြဲတမ်း တပည့်သားချင်းအား စိတ်မညစ်စေရ၊ တတ်နိုင်သမျှဖြေရှင်းပေးတတ်ပါသည်။ ဘက်လိုက်မှုလည်းမရှိတတ်ပါ။ ဆေးရုံ၏ ဝန်ထမ်းအဆင့်ဆင့်အားလုံးကလည်း ဆရာကြီးအား ချစ်ခင်ရိုသေကြပါသည်။

သို့ဖြစ်၍ ယနေ့စိတ်ကျန်းမာရေးနယ်ပယ်ရှိ တပည့်များအားလုံးက ဆရာကြီးအား "မြန်မာ့စိတ်ကျန်းမာရေး၏ ရှေ့ဆောင်ဖခင်ကြီး" (Father of Psychiatry)ဟု တညီတညွတ်တည်း ခေါ်ဆိုကြပါသည်။ ကျွန်တော်ကမူ "တစ်ခေတ်မှာတစ်ယောက်"ဟုထပ်ဆင့်၍ ဆရာကြီးအား ဂါရဝထား ဂုဏ်ပြုတင်ပြချင်ပါသည်။

ကျွန်တော်တို့ ချစ်ခင်လေးစားသော ဆရာကြီးဒေါက်တာ ဦးနေဝင်းမှာမူ အနိစ္စသဘောကို မလွန်ဆန်နိုင်ဘဲ အသက် (၉၂)နှစ်ပြည့်သည့်အချိန်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီဖြစ်ပါသည်။

ကျွန်တော်သည် ဤစာကိုရေးသားရင်း တံတားလေးစိတ်ရောဂါအထူးကုဆေးရုံကြီးရှိ ဆရာကြီး၏ ကျယ်ဝန်းသောရုံးခန်းတွင်း ဆေးရုံအုပ်ကြီးအဆက်ဆက်ထိုင်ခဲ့သည့် စားပွဲကြီးနှင့် သစ်သားဖြင့်လုပ်သည့် ယခင်ရှေးဟောင်းဆုံလည်ကုလားထိုင်တွင်မှီ၍ ထိုင်ရင်းတင်ပြသော ကိစ္စရပ်များကို ပါးလွှာသောနှုတ်ခမ်းစုံကို စေ့စေ့လေးပိတ်ကာ ခေါင်းတညိတ်ညိတ်လှုပ်ရင်း ပြုံး၍နားထောင်နေတတ်သည့် ဆရာကြီး၏မျက်နှာကို မြင်ယောင်နေမိပါသည်။

ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

## ပဲခူးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

**ပဲခူး ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက (၂၀၁၆-၂၀၁၇) ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံပညာရေးစုံညီပွဲတော် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ ခုမှ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၅၀ ပါဝင်ပြီး ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ ပြေးခုန်ပစ်၊ မီတာ ၅၀၊ ၇၅၊ ၁၀၀၊ ၂၀၀၊ ၄၀၀ပြေးခြင်း၊ မီတာ(၁၀၀၊၄၀၀) လက်ဆင့်ကမ်းပြေးခြင်း၊ သံလုံးပစ်၊ သံပြားပစ်၊ အလျားခုန်၊ အမြင့်ခုန်၊ သုံးဆင့်ခုန်စသည့် အားကစားနည်းများ ပါဝင်ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

## ကျွန်းစုမြို့နယ်၌ ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပ

**ကျွန်းစု ဒီဇင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်၌ ကရင်သက္ကရာဇ် ၂၇၅၆ ခုနှစ် ကရင်နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၆ နာရီက ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာအုပ်စု ကဘင်းချောင်းကျေးရွာ၌ ကျင်းပခဲ့ကြသည်။ ရှေးဦးစွာ KNU လက်အောက်ရှိ KNO (ကရင်အမျိုးသားအစည်းအရုံး)အဖွဲ့မှ မြိတ်ခရိုင်တရားသူကြီး ဖဒိုစောဘီးအယ်၊ တနင်္သာရီမြို့နယ် တွဲဖက်အတွင်းရေးမှူး ဖဒိုထီးဝါးတို့က ဦးဆောင်၍ နှစ်သစ်ကူးအလံတင် အခမ်းအနားပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ရန်နိုင်(မြန်/ဆက်)**

# ပြည်တွင်းရေးရာ

**✱ ကျောဖုံးမှ**

တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီများ၏ ဦးဆောင်ကြီးကြပ်မှုနှင့် လိုအပ်သည့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေးမှုများကို အစီအမံရေးဆွဲ ဆောင်ရွက်သွားရန်လိုကြောင်း။

ယနေ့အချိန်အခါအရ လူဦးရေတိုးပွားမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြို့ကြီးများ တိုးချဲ့ရာတွင် မြို့ပြဒေသပတ်ဝန်းကျင် စီမံခန့်ခွဲမှုများအတွက် ဇုန်နယ်မြေများသတ်မှတ်ပြီး မြေအသုံးချမှု၊ လူနေအိမ်ရာချထားမှု၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများကို ဖြစ်ပေါ်တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ စီမံခန့်ခွဲခြင်း၊ နည်းပညာများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

လက်တွေ့နယ်ပယ်တွင် ကြုံတွေ့နေရသည့် ခရိုင်၊ မြို့နယ်အဆင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ထိထိမိမိ ပေါင်းစပ်ဖြေရှင်းနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်မှုအောက်တွင် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီများကို ဆက်လက်ဖွဲ့စည်းသွားနိုင်ရေးကိုလည်း ဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖိတ်ခေါ်အားပေးဆောင်ရွက်လျက်ရှိရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်သွားနိုင်ရန်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားနိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကိုယ်တွေ့ခံစားနေရပြီဖြစ်သည့်အတွက် အစစအရာရာ သတိရှိရှိ ကြိုးပမ်းဆောင်ရွက်ကြရန်၊ ယင်းသို့ ဆောင်ရွက်သည့်အခါတွင် စာရွက်ပေါ်က စီမံကိန်းများ၊ အစီအစဉ်များသက်သက်မဖြစ်စေဘဲ လက်တွေ့ကျပြီး အလုပ်ဖြစ်အောင် ဆောင်ရွက်ကြရန်၊ စက်မှုဖွံ့ဖြိုးရေးတွင် သဘာဝပတ်ဝန်းကျင်ကို လျစ်လျူရှုရာ မရောက်အောင်လည်း မိမိတို့ အထူးသတိထားရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်အောင် အစဉ်အမြဲနှလုံးသွင်းရန်၊ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးတွင် ယင်းအသိရှိစေရန်၊ လူထုကြားတွင် ကျယ်ကျယ်ပြန့်ပြန့်ရှိနေစေရေး ကြိုးပမ်းကြရန်၊ အနာဂတ်မျိုးဆက်သစ်များလက်ဝယ်သို့ ပိုမိုကောင်းမွန်၊ ပိုမိုသန့်ရှင်း၊ ပိုမိုရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်ကို လွှဲပြောင်းပေးနိုင်ရေး ယနေ့ မိမိတို့အားလုံး ညီညီညွတ်ညွတ် တာဝန်သိသိအားထုတ်ကြရန် ဒုတိယသမ္မတက မှာကြားသည်။

ဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၏ အဓိကအချက်မှာ အမျိုးသားအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် စနစ်တကျ ထည့်သွင်းပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်၊ မူဝါဒ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ၊ ဥပဒေပိုင်းဆိုင်ရာ ရေးဆွဲဆောင်ရွက်မှုများ ဆောင်ရွက်နေသကဲ့သို့ ပညာရေးနှင့် အသိပညာပြန့်ပွားရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်မှုများကို ဆိုင်ရာကဏ္ဍအလိုက်၊ သက်ဆိုင်ရာဌာနအဖွဲ့ အစည်းများနှင့်ပေါင်းစပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် စိတ်စေတနာထက်သန်မှုကို အခြေခံပြီး အပြန်အလှန်ခင်မင်လေးစားမှုဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားခြင်းဖြင့် ရေရှည်တည်တံ့သော လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဗဟိုကော်မတီဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က နိုင်ငံတကာနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပူးပေါင်းပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အကူအညီရယူဆောင်ရွက်သွားရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းဆိုင်ရာ လုပ်ငန်းကော်မတီ၊ စက်မှုစီမံကိန်းများ၊ မြို့ပြနှင့် ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကော်မတီ၊ သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် အသိပညာ ပြန့်ပွားရေးလုပ်ငန်းကော်မတီ၊ အစိမ်းရောင်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ အရပ်ဘက်အဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းတို့မှ ပညာရှင်များက ရာသီဥတုဆိုးရွားလာမှု ဖြစ်စဉ်များ၊ ရင်ဆိုင်ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

**○ ပြည်သူများမှ**

တက်ရောက်လာသည့် မဏ္ဍိုင် သုံးရပ်မှ တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နားလည်မှုသည် သတင်းမီဒီယာသမားများအတွက် အရေးကြီးပါကြောင်း၊ သို့မှသာ လွတ်လပ်၍ တရားမျှတသည့် သတင်းအချက်အလက်များကို ပြည်သူများထံ အချိန်နှင့် တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးသီဟစောက မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲ တက်ရောက်လာကြသူများက သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်စွာ ဖြန့်ဖြူးပေးနိုင်ရေး၊ သတင်းရယူပိုင်ခွင့်တို့နှင့် စပ်လျဉ်းပြီး လွတ်လပ်ပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ ရလဒ်အနေဖြင့် သတင်းမီဒီယာသမားများသည် ဌာနဆိုင်ရာများနှင့်ပတ်သက်သည့် သတင်းရယူကြရာတွင် သတင်းမီဒီယာသမားဖြစ်ကြောင်း အထောက်အထား လည်ဆွဲကတ်များ ချိတ်ဆွဲထားပြီး သတင်းရယူရန်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များတွင် ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်များနှင့် ပြောရေးဆိုခွင့်ရ အဖွဲ့ထားရှိရန်နှင့် အသစ်ပြောင်းလဲမှုများရှိပါက Update ပြုလုပ်ပေးရန်၊ သတင်းထောက်များကို အခြေခံ သတင်းကျင့်ဝတ်များ သိရှိစေရေး သင်တန်းများပေးရန်နှင့် အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူများနှင့်ပူးပေါင်းပြီး သင်တန်းများပေးရန်တို့အတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ စီစဉ်ပေးရန်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် ဒေသဆိုင်ရာ မီဒီယာသမား ဖွံ့ဖြိုးတိုးတက်လာရေး သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ကျင်းပပေးရန်၊ တရားရုံးအဆင့်ဆင့်တွင် သတင်းများရယူရာ၌ တရားရုံးသတင်းမီဒီယာလက်စွဲနှင့်အညီ သက်ဆိုင်ရာတရားရုံး သတင်းပြန်ကြားရေး အရာရှိများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန်၊ အစိုးရဌာနများနှင့် လွှတ်တော်များတွင် Press Corner ထားရှိပေးရန်၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများက တိုင်းရင်းသားမီဒီယာသမားများ သတင်းရယူရာတွင် တန်းတူအခွင့်အရေးရရှိရေး ဆောင်ရွက်ပေးရန်၊ တိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော် သတင်းရယူရာတွင် သတင်းပုံမှန်ရယူမည့်သတင်းထောက်အား တစ်နှစ်သက်တမ်း သက်သေခံကတ်ပြား ထုတ်ပေးရန် စသည့်အချက်များ အပါအဝင် အချက် ၁၆ ချက်ပါ သဘောတူညီချက်များကို အတည်ပြုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၌ ပထမဆုံးအကြိမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလင်းဟန်ကို စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးကျော်ဇေယျ | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဒေါ်နွဲ့နွဲ့ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်ကို ယင်းရုံး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန် ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကရင်နှစ်သစ်ကူးပွဲတော် နောက်ဆုံးနေ့ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အာလိန်ငါးဆင့်ကျောင်းတွင် ကရင်နှစ်သစ်ကူးပွဲတော် နောက်ဆုံးနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပွဲတော်တွင် ယဉ်ကျေးမှုပြခန်း၊ သတင်းနှင့် ပြန်ကြားရေးပြခန်းများကို ဖွင့်လှစ်ပြသခြင်း၊ ကရင်ရိုးရာအကများ၊ တေးသီချင်းများ၊ ဒုံးအကပြိုင်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကရင်ရိုးရာအားကစားပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

"ဒီနေ့ညမှာ အားကစားပြိုင်ပွဲက ဆုရရှိသူတွေကို ဆုပေးမှာပါ။ အခုလို ကရင်နှစ်သစ်ကူးပွဲတော်မှာ ပါဝင်ဆင်နွှဲကြတဲ့ တိုင်းရင်းသားညီအစ်ကိုတွေကို အထူးကျေးဇူးတင်ပါတယ်။ ကရင်အင်အားဟာ ပြည်ထောင်စုအင်အားပဲ"ဟု ပွဲတော်ကျင်းပရေးဗဟိုကော်မတီအဖွဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမန်းကျော်ညွန့်က ပြောသည်။

ကရင်နှစ်သစ်ကူးပွဲတော်နေ့သည် (သလေးထိုင်ခုတ်ဖိုပြာသိုလဆန်း ၁ ရက်နေ့) တောင်ပေါ်မြေပြန့် ကရင်တစ်မျိုးသားလုံး၏ တရားဝင်နှစ်သစ်မင်္ဂလာနေ့မြတ်ကြီးဖြစ်ပြီး ယင်းနေ့သည် ကရင်မိဘဘိုးဘေးတို့၏ တစ်ခုတည်းသော အမွေအနှစ်နေ့ကြီးဖြစ်သည့်အပြင် ကရင်အမျိုးသားအားလုံး၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပေးခဲ့သော သမိုင်းဝင်နေ့မြတ်ကြီးဖြစ်ကြောင်း သိရသည်။ **(ဇာနည်မောင်)**



# ၂၀၁၇ နှစ်သစ်ကူးအကြိုညအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့လုံခြုံရေးအင်အား သတ်မှတ်နေရာအလိုက် တိုးမြှင့်ဆောင်ရွက်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

၂၀၁၇ ခုနှစ် နှစ်သစ်ကူးအကြိုညတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အင်းလျားကန်ပတ်လည်နှင့် ကန်တော်ကြီးအပါအဝင် နေရာငါးခုတွင် ရှိရင်းရဲတပ်ဖွဲ့အင်အား၏ ၃၀ ရာခိုင်နှုန်းဖြင့် လုံခြုံရေးအင်အား တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးလှဝေက ပြောသည်။

"အဓိကက ရန်ကုန်အရှေ့ပိုင်းခရိုင်နဲ့ အနောက်ပိုင်းခရိုင် အတော်များများက ပြည်သူတွေ လာရောက်ပြီး အင်းလျားကန်(ကမ္ဘာအေးလမ်းဘက်ခြမ်း)နဲ့ အင်းလျားကန်( ပြည်လမ်းဘက်ခြမ်း)၊ IBC နဲ့ ကန်တော်ကြီး အတွင်းအပြင်ပတ်လည်မှာရှိတဲ့ နေရာတွေနဲ့ စတိတ်စင်တွေရှိတဲ့ အဓိကနေရာ ငါးခုမှာ လက်ရှိ ရန်ကုန်တိုင်းဒေသကြီးရဲ့ ရှိရင်းရဲတပ်ဖွဲ့အင်အားကနေ ၃၀ ရာခိုင်နှုန်းကို တာဝန်ပေးဆောင်ရွက်သွားမှာပါ။ နှစ်သစ်ကူးအကြိုညမှာ တောင်ပိုင်းခရိုင်နဲ့ မြောက်ပိုင်းခရိုင်က ပြည်သူတွေလည်းလာရောက်ပြီး ကြိုကြမယ် ဒီအပေါ်မှာ ပျော်တာလည်း ပျော်ပါ၊ ကိုယ့်ကြောင့် ပတ်ဝန်းကျင်ထိခိုက်လောက်တဲ့အထိ အပျော်ကြူးတာမျိုးတော့ မလုပ်ကြစေဖို့နဲ့ နှစ်သစ်ကူးကို အန္တရာယ်ကင်းကင်းနဲ့ ပျော်ရွှင်ဖွယ် နှစ်ကူးနိုင်ကြပါစေလို့ ပြောချင်ပါတယ်" ဟု ၎င်းကပြောသည်။

၂၀၁၇ ခုနှစ် နှစ်သစ်ကူးအကြိုညအတွက် လုံခြုံရေးအစီအမံများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ အစည်းအဝေးတွင် နှစ်သစ်ကူးအကြို လုံခြုံရေးတာဝန်ကျမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ၂၀၁၆ ခုနှစ်တွင် တွေ့ကြုံခဲ့ပြီးသော လုံခြုံရေးအစီအမံများ၏ အားနည်းချက် အားသာချက်များကိုရယူကာ ယခုနှစ် ၂၀၁၇ ခုနှစ်၏ နှစ်ဦးအကြိုအတွက် လုံခြုံရေးအင်အားကို အကောင်းဆုံးဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ **(ဗညား)**

# Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့၏ တတိယအကြိမ် အာမခံလျှောက်ထားမှုပယ်ချခံရ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုထားသော Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့၏အမှုအား ယနေ့နံနက်ပိုင်းက ရုံးထုတ်ရာတွင် တတိယအကြိမ် အာမခံလျှောက်ထားမှုကို တာမွေမြို့နယ်တရားရုံးက ထပ်မံပယ်ချလိုက်ကြောင်းသိရသည်။

ယနေ့ရုံးထုတ်ရာတွင် တရားလိုဘက်ကို စတင်စစ်ဆေးရန် ချိန်းဆိုခဲ့သော်လည်း တရားလိုဘက်က ခွင့်တိုင်ကြားလာသည့်အတွက် စွပ်စွဲခံရသူတို့ဘက်မှ လိုက်ပါဆောင်ရွက်သူ တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင် အတွက် အာမခံရရှိရန် ရုံးတော်သို့တင်ပြလျှောက်ထားရာ မြို့နယ်တရားသူကြီးက ထပ်မံပယ်ချလိုက်ခြင်းဖြစ်သည်။

အမှုနှင့်ပတ်သက်၍ ဇန်နဝါရီ ၆ ရက်တွင် တရားလိုဘက်ကိုစစ်ဆေးသွားမည်ဖြစ်ရာ တရားလိုပြသက်သေ ၁၂ ဦး တင်သွင်းထားသည့်အနက် တရားလို ဦးမိုးဟိန်းကို စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်းသိရသည်။ **ဇော်ကြီး(ပဏီတ)**

# လားရှိုးမြို့အနီး လက်ပစ်ဗုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှ ငါးမိုင်ခန့်အကွာ ဘိလပ်မြေစက်ရုံဟောင်းအနီးတွင် ယမန်နေ့မွန်းလွဲပိုင်းက ပူးပေါင်းအဖွဲ့က ရှောင်တခင်စစ်ဆေးရာ လက်ပစ်ဗုံးနှစ်လုံး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုး-တန့်ယန်းသွားကားလမ်း လားရှိုးမြို့မှ ငါးမိုင်ခန့်အကွာရှိ ဘိလပ်မြေစက်ရုံဟောင်းအနီး၌ ရှောင်တခင်စစ်ဆေးဆောင်ရွက်ရာ ယမန်နေ့မွန်းလွဲ ၂ နာရီခန့်က ဦးစိုင်းလွန်းဆာ မောင်းနှင်လာသည့် ကန်ဒါအမျိုးအစားဆိုင်ကယ်ကိုစစ်ဆေးစဉ် ဆိုင်ကယ်တူးဘောက်အတွင်းမှ လက်ပစ်ဗုံးနှစ်လုံး၊ မြန်မာကျပ်ငွေ ၁၀ သိန်းကျော်နှင့် ဟန်းဆက်နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး လားရှိုးမြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းအား TNLA လက်နက်ကိုင်အဖွဲ့က နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယနေ့နံနက် ၁၁ နာရီခန့်တွင် တော့ဖေကျေးရွာအနီးသို့အရောက် လက်နက်ကိုင်အဖွဲ့များထောင်ထားသည့် တိုက်မိုင်းတစ်လုံး တိုက်မိပေါက်ကွဲခဲ့ရာ စစ်သည်တစ်ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး စစ်သည်အချို့ မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

ထို့ပြင် ကျောက်မဲမြို့နယ်အတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းအား ယနေ့နံနက် ၁၁ နာရီခန့်တွင် တော့ဖေကျေးရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ၌ TNLA လက်နက်ကိုင်အဖွဲ့အင်အား ၂၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်တိုက်ခိုက်ရာ လက်နက်ကိုင်အဖွဲ့များ အနောက်မြောက်ဘက်သို့ ဆုတ်ခွာသွားကြောင်း သိရသည်။

အဆိုပါ နေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# KIA လက်နက်ကိုင်အဖွဲ့ဝင်တစ်ဦးက ခရီးသွားယာဉ်အား လက်နက်ငယ်ဖြင့်ပစ်ခတ်ပြီး ဆက်ကြေးကောက်၊ ပြည်သူတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း နမ့်ခမ်းမြို့နယ် ၁၂ မိုင်ကျေးရွာအနီးတွင် ဒီဇင်ဘာ ၂၉ ရက်က KIA လက်နက်ကိုင်အဖွဲ့ဝင်တစ်ဦးက ခရီးသွားယာဉ်အား လက်နက်ငယ်ဖြင့်ပစ်ခတ်ပြီး ဆက်ကြေးကောက်ခံခဲ့ရာ ခရီးသွားပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

နမ့်ခမ်းမြို့နယ် ၁၂ မိုင်ကျေးရွာအနီး၌ မန္တလေးမှ နမ့်ခမ်းဘက်သို့ ယာဉ်မောင်း ဇော်မျိုးမောင်းနှင်၍ ခရီးသွားလေးဦးလိုက်ပါလာသည့် မာ့ခ်တူးအမျိုးအစားယာဉ်ကို ဒီဇင်ဘာ ၂၉ ရက် ညနေ ၄ နာရီခွဲခန့်က လက်နက်ငယ်ကိုင်ဆောင်ထားသည့် KIA လက်နက်ကိုင်အဖွဲ့ဝင်တစ်ဦးက ယာဉ်အားရပ်တန့်ခိုင်းရာ ယာဉ်မောင်းက မောင်းနှင်ထွက်ပြေးသဖြင့် လက်နက်ငယ်ဖြင့် ယာဉ်အားပစ်ခတ်ခဲ့ရာ ယာဉ်ပေါ်ပါ ခရီးသွားပြည်သူတစ်ဦးအား လက်နက်ငယ်ထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် ယာဉ်အားရပ်တန့်ပေးခဲ့ရာ အဆိုပါ လက်နက်ကိုင်က ယာဉ်မောင်းထံမှ ငွေကျပ်၂၀၀၀၀ ဆက်ကြေးကောက်ယူသွားကြောင်း၊ အဆိုပါ နေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိပြီး လက်နက်ငယ် ထိမှန်ဒဏ်ရာရရှိခဲ့သူအား တပ်မတော်က လိုအပ်သည့် ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မောင်တောမြို့နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်ခဲ့သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်ခဲ့သူနှစ်ဦးအား ယမန်နေ့ မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်အတွင်း ကျီးကန်းပြင်ကျေးရွာအနီးရှိ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်ကို အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူများသည် ကျီးကန်းပြင်(အနောက်ရွာ) တစ်ဝိုက် ပြန်လည်ဝင်ရောက်လျက်ရှိကြောင်းသတင်းအရ တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းရာ အကြမ်းဖက်မှုဖြစ်စဉ်တွင်ပါဝင်ခဲ့သည့် ဇော်ကီအာမောက်၏သား ကော်ဒီမူလာနှင့် ပုန်းအောင်းနေသည့် အော်လီအာမတ်၏ သား မာမွတ်အာလောင်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား တရားဥပဒေအရအရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဂွဆုံကျေးရွာ ရာအိမ်မှူးအား တုတ်၊ ဓား လက်နက်ကိုင်ဆောင်ထားသူများက ရိုက်နှက်၍ ဖမ်းဆီးခေါ်ဆောင်သွား

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မောင်တောမြို့နယ် ဂွဆုံကျေးရွာ ရာအိမ်မှူးအား ဒီဇင်ဘာ ၂၉ ရက် ညနေပိုင်းက တုတ်၊ ဓား လက်နက်များကိုင်ဆောင်ထားသူ ခြောက်ဦးက ဝိုင်းဝန်းရိုက်နှက်ပြီး ကြိုးဖြင့်တုပ်ကာ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

မောင်တောမြို့နယ် ဂွဆုံကျေးရွာနေ ရာအိမ်မှူး အန်နာမူလာသည် အလုပ်ကိစ္စဖြင့် ဂွဆုံ အလယ်ကျေးရွာသို့ သွားရောက်စဉ် လမ်း၌ တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ထားသူ ခြောက်ဦးက ဝိုင်းဝန်းရိုက်နှက်ပြီး ကြိုးဖြင့်တုပ်ကာ ရွာအရှေ့ဘက်ရှိ မေယုတောင်ကြောပေါ်သို့ ခေါ်ဆောင်သွားကြကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းပြီး ဖမ်းဆီးခေါ်ဆောင်သွားသူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဥက္ကံသစ်တောကြိုးဝိုင်းတွင် တစ်နှစ်သားခန့်ရှိ ဆင်သေအရိုးစုတွေ့ရှိ

**တိုက်ကြီး ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံသစ်တောကြိုးဝိုင်း အကွက်အမှတ်(၆၈) ကျောက်ပြားမြောင်းအတွင်း ဒီဇင်ဘာ ၂၆ ရက်တွင် တစ်နှစ်သားခန့်ရှိ ဆင်သေကောင် အရိုးစုတစ်စုတွေ့ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနတောအုပ်ဦးသက်နိုင်ဦးကပြောသည်။

"ဆင်သေအရိုးစုတွေ့ရှိကြောင်းကို ဒေသခံတွေက ကျွန်တော်တို့သစ်တောကို သတင်းပို့လို့သွားကြည့်တော့ အရိုးစုတွေ့ပါတယ်။ ဒါပေမယ့်ဆင်ရဲ့အရိုးစုလား၊ အခြားတိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ အရိုးစုလားတော့ သေချာမသိခဲ့ရပါဘူး။ အရိုးစုတွေကတစ်စစီကျိုးပဲ့ကျေနေတာရယ်၊ ခေါင်းပိုင်းကလည်း အပြည့်အစုံမရှိတာရယ်၊ ဒါ့ကြောင့် ကွဲကွဲပြားပြားသိရအောင် သစ်ထုတ်လုပ်ရေးက ပညာရှင်တွေကိုစစ်ဆေးပေးဖို့ ဓာတ်ပုံနဲ့တကွတင်ပြထားပါတယ်" ဟု ကိုသက်နိုင်ဦးက ထပ်မံပြောပြသည်။

ဒီဇင်ဘာ ၂၇ ရက်တွင်ရန်ကုန်တိုင်းဒေသကြီး သစ်ထုတ်လုပ်ရေးဌာနမှ တာဝန်ရှိသူဆင်ဆရာဝန်များက တစ်နှစ်သားခန့်ရှိ အရွယ်ဆင်ပေါက်ကလေးဖြစ်ကြောင်း၊ မြွေကိုက်၍သေဆုံးခြင်းဖြစ်သည်ဟု အတည်ပြုပေးလိုက်ကြောင်း မြိုင်ဟေဝန်ဆင်စခန်းမှ တာဝန်ရှိသူ ဦးကျော်ဝင်းက ပြောသည်။

တိုက်ကြီးမြို့နယ်တွင်တောဆင်ရိုင်းသေဆုံးမှု ၁၀ ကောင်ရှိပြီး ကွဲဘုတ်ကျေးရွာအုပ်ချုပ်ရေးမှူးပါဝင်သော ဆင်သတ်မုဆိုးဂိုဏ်းအဖွဲ့အား လက်နက်များနှင့် အတူဖမ်းဆီးရမိပြီး အရေးယူထားလျက်ရှိသည်။ ယခုအခါတောဆင်ရိုင်းများသည် စားကျက်ပျောက်ဆုံးပြီး တောင်သူများ၏စပါးသီးနှံများကိုမကြာခဏ ဝင်ရောက်စားသောက်လေ့ရှိသည်။ ထို့ကြောင့် လူနှင့် ဆင်အန္တရာယ်မဖြစ်စေရေး၊ ဆင်ခိုးဂိုဏ်းများသတ်သည့် အန္တရာယ်မှကာကွယ် ရန်နှင့်ဆင်ကောင်ရေမည်မျှရှိသည်ကို ကာကွယ်နိုင်ရန် ပြင်သစ်နိုင်ငံမှ(WWF) အဖွဲ့က ရေဒီယိုကော်လာ တပ်ဆင်လျက်ရှိကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သည် ရှေးဟောင်း ပေ၊ ပုရပိုက်၊ လက်ရေးစာများ စုဆောင်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေးဗဟိုဌာနအဖြစ် တာဝန်ယူဆောင်ရွက်သွားရန်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ကို နေပြည်တော် ဥတ္တရသီရိမြို့နယ် ကြာပန်းအဝိုင်းအနီးတွင် ၂၀၁၃ ခုနှစ်မှ စတင်ဖွင့်လှစ်ပြီး စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားစာကြည့်တိုက်သည် နိုင်ငံအတွင်း ပုံနှိပ်ထုတ်ဝေထားသော စာပေပစ္စည်းများကို ပြည့်စုံစွာစုဆောင်းထိန်းသိမ်း၍ စာဖတ်သူများအား ဝန်ဆောင်မှုပေးရန် တာဝန်သာမက မြန်မာ့စာပေပစ္စည်းများ ယဉ်ကျေးမှုသမိုင်းကြောင်းအရ ရေးသားထားခဲ့သည့် ပုံနှိပ်ထုတ်ဝေထားခြင်းမရှိသည့် စာပေပစ္စည်းများ၊ ရှေးဟောင်းစာပေအမွေအနှစ်များဖြစ်သည့် ပေ၊ ပုရပိုက်နှင့် လက်ရေးစာများ၊ ကမ္ဗဝါစာတို့ကိုပါ ကာလကြာရှည်တည်ရှိနေစေရန် ထိန်းသိမ်းစောင့်ရှောက်ရန်လည်း တာဝန်ရှိသည်။

တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာနအနေဖြင့်လည်း ရှေးဟောင်း ပေ၊ ပုရပိုက်၊ လက်ရေးစာများ ပြုပြင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကို ၁၉၉၄ ခုနှစ်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ယခုအခါ ယခင်ဆောင်ရွက်ခဲ့သော ရှေးဟောင်း ပေ၊ ပုရပိုက်၊ လက်ရေးစာများ ပြုပြင်ထိန်းသိမ်းရေးကော်မရှင်ကို ပြန်လည်အသက်သွင်းရန် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် မြန်မာသမိုင်းအဖွဲ့ ပုံမှန်အစည်းအဝေးတွင်လည်း "ရှေးဟောင်း ပေ၊ ပုရပိုက်၊ လက်ရေးစာများ ပြုပြင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကို မြန်မာသမိုင်းအဖွဲ့၏ ဆပ်ကော်မတီအဖြစ် ဖွဲ့စည်းဆောင်ရွက်သွားရန် ဆုံးဖြတ်အတည်ပြုပြီးလည်းဖြစ်သည်။

အထက်ပါကော်မရှင်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အမျိုးသားစာကြည့်တိုက်သည် ရှေးဟောင်း ပေ၊ ပုရပိုက်၊ လက်ရေးစာများ ပြုပြင်ထိန်းသိမ်းရေးဗဟိုဌာနအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ရှေးဟောင်း ပေ၊ ပုရပိုက်၊ လက်ရေးစာများ လှူဒါန်းလိုလျှင်သော်လည်းကောင်း၊ စုဆောင်းထိန်းသိမ်းထားသည့် နေရာတွင်ပင် ပြုပြင်ထိန်းသိမ်းခြင်း၊ စာရင်းပြုစုခြင်း၊ စနစ်တကျထားသိုခြင်းလုပ်ငန်းများ ဆောင်ရွက်လိုလျှင်သော်လည်းကောင်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ တယ်လီဖုန်း ၀၆၇-၄၀၈၃၈၄ နှင့် ညွှန်ကြားရေးမှူး အမျိုးသားစာကြည့်တိုက်(နေပြည်တော်) တယ်လီဖုန်း ၀၆၇-၄၁၈၄၂၆ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း သိရသည်။

**(သတင်းစဉ်)**



# ချောင်းသာကမ်းခြေ ဈေးသည်များ၊ ဥပဒေနှင့်အညီ ဈေးပြန်လည်ရောင်းချခွင့်ပြုရေး ဆန္ဒထုတ်ဖော်

**ပုသိမ် ဒီဇင်ဘာ ၃၀**

ချောင်းသာကမ်းခြေ ဈေးသည်များအား ဥပဒေနှင့်အညီ အမြန်ဆုံးဈေးပြန်လည်ရောင်းချခွင့် သတ်မှတ်ပေးရေး ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက ပုသိမ်မြို့တော်ခန်းမရှေ့၌ ပြုလုပ်ကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်ပွဲတွင် လူ ၂၀၀ ခန့်ပါဝင်ခဲ့ပြီး မြို့တော်ခန်းမရှေ့မှ စတင်ထွက်ခွာရာ ရွှေမုဋ္ဌောဘုရားအား တစ်ပတ်ပတ်၍ မြို့တော်ခန်းမရှေ့ အရောက်တွင် ပြီးဆုံးကြောင်း သိရသည်။ အဆိုပါ ဆန္ဒထုတ်ဖော်ပွဲကို ချောင်းသာကမ်းခြေတွင် ဈေးသည်များအား ဖယ်ရှားခံရပြီး ရင်ဆိုင်ကြုံတွေ့နေရသော မိသားစုဝင်များ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အခက်အခဲများကို တာဝန်ရှိသူများ သိရှိစေရန်ရည်ရွယ်၍ ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ပြီး၊ ငြိမ်း၊ စု၊ စီ ခွင့်ပြုချက်ဖြင့်ပြုလုပ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုခွင့်လျှောက်ထားသူပိုမိုများပြား

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်း ဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုခွင့် လျှောက်ထားသူဦးရေမှာ ယမန်နှစ်ထက် ပိုမိုများပြားကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။

၂၀၁၅-၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုခွင့်လျှောက်ထားသူ ၉၅၆၅၆ ဦးရှိပြီး ဖြေဆိုသူဦးရေမှာ ၉၁၆၈၇ ဦးရှိခဲ့ကာ ယခု ၂၀၁၆-၂၀၁၇ခုနှစ်အတွက် လျှောက်ထားသူဦးရေမှာ ၁၀၄၉၇၂ ဦးရှိနေသဖြင့် ယမန်နှစ်ထက် ၉၃၁၆ ဦး ပိုမိုများပြားနေကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မနှစ်က တစ်တိုင်းလုံးအတွက် စာစစ်ဌာန ၁၆၅ ခုထားရှိပြီးစစ်ဆေးခဲ့ပေမယ့် ဒီနှစ်မှာတော့ ဖြေဆိုမယ့် ဦးရေ တိုးတက်လာတဲ့အတွက် စာစစ်ဌာနတွေတိုးပေးဖို့တင်ပြထားပါတယ်။ ဒါ့အပြင် ဒီနှစ်မှာစာဖြေခန်းတစ်ခန်းကိုဖြေဆိုသူသုံးဆယ်နဲ့ လက်ထောက်ကြီးကြပ်ရေးမှူး နှစ်ဦးထားရှိပြီး စစ်ဆေးသွားဖို့ စီစဉ်ထားပါတယ်" ဟု ၎င်းကပြောသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်း နှစ်အလိုက် ဖြေဆိုသူဦးရေများအနေဖြင့် ၂၀၁၄- ၂၀၁၅ ပညာသင်နှစ်တွင် ဖြေဆိုသူ ၉၁၂၄၀ ရှိခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၄ ဒသမ ၄၀ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ တွင် ဖြေဆိုသူဦးရေ ၉၁၆၈၇ ဦး ရှိခဲ့ရာ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၈ ဒသမ ၅၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြစ်လည်း ဖြေဆိုခွင့် လျှောက်ထားသူဦးရေမှာ ၇၆၇၁၈၉ ဦး ရှိခဲ့ရာ ခရိုင် ၇၁ ခရိုင်၊ မြို့နယ်ပေါင်း ၃၃၅ မြို့နယ်အတွက် စာစစ်ဌာနပေါင်း ၁၅၉၀ ထားရှိစစ်ဆေးရန် လျာထားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ အသစ်ထွက်ရှိသောစာအုပ်စာရင်း

**(ယမန်နေ့မှအဆက်)**

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၅ | | တရားစီရင်ထုံးများ ၂၀၁၆ ခုနှစ် | ၈၅၀၀ိ/- | နွံ့ဝေစာပေ |
| ၂၆ | | တရားစီရင်ထုံးများ ၂၀၀၆ ခုနှစ် | ၄၀၀၀ိ/- | နွံ့ဝေစာပေ |
| ၂၇ | | တရားစီရင်ထုံးများ ၂၀၁၀ ခုနှစ် | ၄၀၀၀ိ/- | နွံ့ဝေစာပေ |
| ၂၈ | ဒဂုန်ခင်ခင်လေး | ဖွေ့သည်းချာ မေ့သည်းချာ | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၉ | | တရားစီရင်ထုံးများ ၂၀၁၁ ခုနှစ် | ၅၅၀၀ိ/- | နွံ့ဝေစာပေ |
| ၃၀ | | တရားစီရင်ထုံးများ ၂၀၁၄ ခုနှစ် | ၅၅၀၀ိ/- | နွံ့ဝေစာပေ |
| ၃၁ | မောင်မောင်အုန်း(လယ်ဝေး) | စိတ်ကောင်းတစ်ခု၏ စွန့်စားခန်းနှင့် စိတ်ဓာတ်ကောင်းမွန်ရေးဝတ္ထုတိုများ | ၁၅၀၀ိ/ | ညီမေတ္တာစာပေ |
| ၃၂ | ပါမောက္ခသိန်းနှင့် ဒေါက်တာဆု | ဆေးပညာပေါင်းချုပ် ၂ | ၄၀၀၀ိ/- | Myanmar Book Center |
| ၃၃ | ဦးဘိုးသာ | သက်သေခံဥပဒေအဖွင့်ကျမ်း (ပဉ္စမအကြိမ်) | ၈၀၀၀ိ/- | Wisdom House |
| ၃၄ | ရူပ ဓာတု ဦးသိန်းတင်စိုး B.E(EP),MIT | ဒသမတန်း ဓာတုဗေဒပါကြေး မေးခွန်း(၃)စုံ အထူးထုတ် | ၂၅၀၀ိ/- | PPT Educational BooksPublishing |
| ၃၅ | ရူပ ဓာတု ဦးသိန်းတင်စိုး B.E (EP),MIT | ဒသမတန်း ရူပဗေဒပါကြေး မေးခွန်း(၃)စုံ အထူးထုတ် | ၂၅၀၀ိ/- | PPTEducational BooksPublishing |
| ၃၆ | ခိုင်ခင်အင်ကြင်း | နှင်းသိုင်းခြုံ နေခြည်အရုဏ်ဦး | ၁၀၀၀ိ/- | အရှေ့ဘက်ကောင်းကင် |
| ၃၇ | လေးသူစံ | မြားစကား | ၂၀၀၀ိ/- | အိမ်မက်သစ်စာပေ |
| ၃၈ | မောင်ညိုပြာ | လက်ရွေးစင် ဝတ္ထုတိုများ ၁ | ၃၀၀၀ိ/ | ဆန်းစသော်တာစာပေ |
| ၃၉ | | ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၆)၊ သူရတပ်ခွဲကြည်း၊ရေ၊လေ၊ နှစ် (၅၀)ပြည့် ရွှေရတုမဂ္ဂဇင်း | ၁၀၀၀၀ိ/- | မြရတနာစာပေ |
| ၄၀ | သီဟလုလင် | ၁၇ | ၂၀၀၀ိ/- | တိမ်တိုက်ထွန်းစာပေ |
| ၄၁ | မြသန်းတင့်(မြန်မာပြန်) | မော်တော်ကားတစ်စင်း၏ အတ္ထုပ္ပတ္တိ (The Life of the Automobile by Ilya Ehrenburg) | ၄၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၄၂ | မောင်ကျော်ဇော(သံတမန်) | အထွေထွေဗဟုသုတ (၂၀၁၇-၂၀၁၈) | ၃၅၀၀ိ/ | ကြယ်စင်စာပေ |
| ၄၃ | မင်းမြတ်သူရ | ဆားပုလင်းနှင်းမောင်နှင့် အနီရောင်မိန်းကလေး | ၁၆၀၀ိ/- | ရန်မျိုးအောင်စာပေ |
| ၄၄ | ရဲကျော်မြင့် | ဖိလစ်ပိုင်နိုင်ငံသမ္မတရိုဒရီဂို ဒူတာတေး(သို့မဟုတ်) မူးယစ်ဆေးဝါး နှိမ်နင်းရေးသမား | ၁၅၀၀ိ/- | မဇ္ဈိမစာပေ |
| ၄၅ | Ju Nile | လီဒိုလမ်းမှ ပန်းပုံပြင်နှင့် မဂ္ဂဇင်း ဝတ္ထုတိုများ(စစ်-အချစ်-ငြိမ်းချမ်းရေး) | ၂၅၀၀ိ/- | ရွက်စိမ်းစာပေ |
| ၄၆ | မောင်ကြင်နွယ် | ဖိုးလမင်းသို့ပေးစာကဗျာများ (EPISTIE TO THE MOON) | ၃၀၀၀ိ/- | မောင်ကြင်နွယ် |
| ၄၇ | ဝင်းမောင်(တမ္ပဝတီ) | ဆရာကြီး ဦးမောင်မောင်၏ မွေးနေ့အမှတ်တရ စာတမ်းများ | ၄၀၀၀ိ/- | ပဥ္စင်္ဂစာပေ |
| ၄၈ | ဒေါက်တာစိုးလွင် | ချောင်းဆိုးတော့ ဆီးထွက်ရှက်ရှက်နှင့် အမျိုးသမီး ကျန်းမာရေး အဖြာဖြာ | ၃၀၀၀ိ/- | စိုးဇင်စာပေ |
| ၄၉ | အိမ်ခေတ်မှူး | မီးအိမ်ရှင်နှင့်ရသဝတ္ထုစာစုများ | ၂၀၀၀ိ/- | ရန်အောင်စာပေ |
| ၅၀ | မိုးသက်ဟန်(မြန်မာပြန်) | ပင်ပေါင် ၁၉၇၃(Pinball, 1973-haruki MURAKAMI) | ၂၃၀၀ိ/- | ကံကော်ဝတ်ရည်စာပေ |
| ၅၁ | တက္ကသိုလ် မောင်အောင်ဆွေ | စုစုလှိုင် ဆယ့်ခြောက်နှစ် | ၂၀၀၀ိ/- | ဆန်းစသော်တာစာပေ |
| ၅၂ | | ပရိတ်ကြီး(၁၁)သုတ် ပါဠိတော် | ၆၀ိ/- | မိုးကျော်သူစာပေ |
| ၅၃ | | (၂၄)ပစ္စည်း ပဋ္ဌာန်းဒေသနာတော် ပါဠိတော် | ၄၀ိ/- | မိုးကျော်သူစာပေ |
| ၅၄ | စာဖိုမှူးကြီးဦးသန်းတန် | ခံတွင်းမြိန်စရာနိုင်ငံတကာထမင်းနှင့် ဟင်းတွဲချက်နည်းများ | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၅၅ | ကြူမွေး | အယောင်ဆောင်ဖူးစာ | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၅၆ | ခင်မေညွန့် | မြန်မာ့လက်စွဲ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၅၇ | အောင်မြတ်ကျော် | ဒိုင်နိုဆောတို့၏ နောက်ဆုံးနေ့ | ၂၀၀၀ိ/- | ကျော်မွေး |
| ၅၈ | လူထုဒေါ်အမာ | အောက်မေ့ အမှတ်တရစာ | ၃၀၀၀ိ/- | လူထုစာပေ |
| ၅၉ | စိန်ငှက်ရိုး | ယောကျ်ားကောင်း မိန်းမကောင်းနှင့် အခြားဟာသများ | ၇၀ိ/- | စိတ်ကူးချိုချို |
| ၆၀ | မင်းကျော် | အဖြူကို မည်းသူ အနက်ဆိုးသနည်း | ၂၂၀ိ/- | စိတ်ကူးချိုချို |
| ၆၁ | လင်းသိုက်ညွန့် | တို့မြန်မာတွေ အာရှကျားဖြစ်စေဖို့ အပါအဝင် ဗီတာမင် ဆောင်းပါးများ | ၂၀၀ိ/- | Success |
| ၆၂ | သက်ဆွေ(တပ်မတော်ရေ) | ရေအဆုံးကုန်းတစ်ဝက် | ၆၅၀ိ/- | စိတ်ကူးချိုချို |
| ၆၃ | စစ်ကိုင်းဦးဘိုးသင်း | လောကမျက်ရစ် | ၁၈၀ိ/- | စိတ်ကူးချိုချို |
| ၆၄ | မောင်ညိုမှိုင်း(သန်လျင်) | မရွှေစာလင်တစ်ကျိပ် ကိုတရုတ်ဖြူ နောက်ဆုံးပိတ်အပါအဝင် ဂမ္ဘီရဝတ္ထုတိုများ | ၁၈၀ိ/- | စိတ်ကူးသစ် |
| ၆၅ | လင်းထင် | စစ်ထောက်လှမ်းရေး အရာရှိသို့ ညည်းချင်းနှင့်ဝေဖန်ချက်များ | ၃၀၀၀ိ/- | |
| ၆၆ | တက္ကသိုလ်မောင်အောင်ဆွေ | အနုပညာနှင့် အတုဖြတ်သန်းခြင်း | ၂၅၀၀ိ/- | မျိုးဆက်သစ် |
| ၆၇ | တက္ကသိုလ်မြတ်သူ | ရောဝတီ မှ ယန်စီသို့ | ၃၀၀၀ိ/- | မိုးကျော် |
| ၆၈ | မင်းသုဝဏ် | ကဗျာစာဆိုကြီး၏ကဗျာ အဖွင့်လက်ရာများ | ၂၅၀၀ိ/- | The Key Collection |

# ဆောင်းရာသီအအေးဒဏ်ကာကွယ်ရန် အနွေးထည်များ လှူဒါန်း

**မူဆယ် ဒီဇင်ဘာ ၃၀**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် မူဆယ်ခရိုင်အတွင်းရှိ ကြူကုတ်(ပန်ဆိုင်း)၊ မုံးကိုးနှင့် နမ့်ခမ်းဒေသများရှိ တိုက်ပွဲရှောင်ပြည်သူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် သက်ကြီးဘိုးဘွားများအတွက် ဆောင်းရာသီအအေးဒဏ်ကာကွယ်နိုင်ရန် ခေါင်းစွပ်ပါအနွေးထည် ၁၄၀၀၀ ကျော်ကို ဒီဇင်ဘာ ၃၀ ရက်က ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးသက်အောင်၊ ကမ္ဘောဇဘဏ်လီမိတက် မူဆယ်ဘဏ်ခွဲ(၁) တာဝန်ခံ ဒေါ်နန်းဖူးဖူးခိုင်နှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့ရာ မူဆယ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်နှင့် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ဦးကျော်ကျော်ထွန်းက "မူဆယ်ခရိုင်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ၊ ဒေသခံဘိုးဘွားများ၊ ပြည်သူများအတွက် အနွေးထည်များ လှူဒါန်းသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုကာလတွင် မူဆယ်၊ မုံးကိုးအစရှိသော ဒေသများသည် အလွန်အေးသည့် အချိန်ဖြစ်သည့်အတွက် ယခုလှူဒါန်းသော အနွေးထည်များသည် တန်ဖိုးမဖြတ်နိုင်သည့် လှူဒါန်းမှု တစ်ခုပင်ဖြစ်ကြောင်း၊ လှူဒါန်းမှုအတွက်လည်း တိုက်ပွဲရှောင်ပြည်သူများနှင့် ဒေသခံပြည်သူတွေကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ လှူဒါန်းမှုအခမ်းအနားကို မူဆယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များပါ စုံညီစွာ တက်ရောက်သည့်အတွက်လည်း ဒေသခံပြည်သူတွေကိုယ်စား အထူး ကျေးဇူးတင်ရှိပါကြောင်း" ပြောကြားသည်။

ဖောင်ဒေးရှင်းအနေဖြင့် မူဆယ်ဒေသသို့ အနွေးထည် လှူဒါန်းမှုသည် ဒုတိယအကြိမ် လှူဒါန်းခြင်းဖြစ်ပြီး ပထမအကြိမ် ကလည်းလှူဒါန်းခဲ့ပြီးဖြစ်သည်။ အလားတူ ဖောင်ဒေးရှင်းသည် ဒီဇင်ဘာ ၂၇ ရက်က ချင်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည် ၂၀၀၀၀ ကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်းလွှယ်ထံ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးခင်မောင်ထွေးနှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များက သွားရောက် လှူဒါန်းခဲ့သည်။

ထို့အပြင် ဖောင်ဒေးရှင်းသည် နွေရာသီတွင် ရေရှားပါးမှုကြောင့် ရေတွင်း၊ ရေကန်များတူးဖော်ပေးခြင်း၊ ရေဘောက်ဆာကားကြီးများ လှူဒါန်းပေးခြင်း၊ မီးဘေးဒုက္ခကြုံတွေ့ခဲ့ရသော ဒေသခံပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ကုန်များလှူဒါန်းခြင်း၊ မိုးရာသီတွင် ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ပြည်သူများအတွက် ထမင်းထုပ်များနှင့် စားသောက်ကုန်ပစ္စည်းများ၊ ထောက်ပံ့ငွေများလှူဒါန်းခြင်း၊ ဆောင်းရာသီတွင် အအေးလွန်ကဲနိုင်သော ဒေသများအတွက် အအေးဒဏ်ကာကွယ်နိုင်ရန် ခေါင်းစွပ်ပါအနွေးထည် ၂၁၅၀၀၀ ကို လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြား ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး အစရှိသည့် ကဏ္ဍမျိုးစုံတို့အတွက် ယနေ့အချိန်အထိ လှူဒါန်းငွေ (၁၁၀ ဒသမ ၆၈၂) ဘီလီယံကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(ဝဝဝ)**




# ပြင်ဦးလွင်၏ သဘာဝအလှတရားကိုဖော်ညွှန်း၍ သာယာလှပမေမြို့အလှ ဓာတ်ပုံပြပွဲ၊ ပြိုင်ပွဲနှင့် အရောင်းပြပွဲကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၃၀**

နွေ၊ မိုး၊ ဆောင်း သုံးရာသီ သာယာလှပလျက်ရှိသည့် ပြင်ဦးလွင်(ခေါ်) မေမြို့၏ သဘာဝအလှတရားကို ဖော်ညွှန်းထားသော သာယာလှပမေမြို့အလှ ဓာတ်ပုံပြပွဲ၊ ပြိုင်ပွဲနှင့် အရောင်းပြပွဲကို မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်ဇုန်)က ကြီးမှူး၍ ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ ကန်တော်လေးအနီး ဂန္ဓမာမြိုင်ဟိုတယ်တွင် ပထမအကြိမ်အဖြစ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ပြင်ဦးလွင်မြို့ရဲ့ သဘာဝအလှတရားကို ပြည်တွင်း၊ ပြည်ပခရီးသွားသူတွေ ထဲထဲဝင်ဝင်သိနိုင်ဖို့၊ ဒေသခံ ရွက်ပုန်းသီးဓာတ်ပုံပညာရှင်တွေ ဖော်ထုတ်လာစေဖို့အတွက် ကျင်းပဖြစ်တာပါ၊ ဓာတ်ပုံတစ်ပုံချင်းစီ၏ အလှတရားစစ်စစ်ကို မျက်စိနဲ့တင်သာမက နှလုံးသားနဲ့ ခံစားချင်တယ်ဆိုရင် လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ကိုယ့်ခံစားချက်နဲ့ထပ်တူကျတဲ့ ပုံလေးတွေကို တွေ့ရင်လည်း အပိုင်ဝယ်နိုင်ပြီး သိမ်းထားနိုင်မှာပါ" ဟု မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်အသင်း (ပြင်ဦးလွင်ဇုန်) အတွင်းရေးမှူး ဦးဝေဇြူက ပြောသည်။

သာယာလှပမေမြို့အလှ ဓာတ်ပုံပြပွဲ၊ ပြိုင်ပွဲနှင့် အရောင်းပြပွဲတွင် ဒေသခံဓာတ်ပုံပညာရှင်များနှင့် လူငယ်ဓာတ်ပုံပညာရှင်များ၏ ဓာတ်ပုံ ၂၃၀ ကျော် ယှဉ်ပြိုင်ပြသထားမည်ဖြစ်ပြီး ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆုခုနစ်ဆု ချီးမြှင့်မည်ဖြစ်ရာ နှစ်သိမ့်ဆု တစ်ဆုလျှင် ကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်ပုံများအား မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်အသင်း(ပြင်ဦးလွင်ဇုန်)မှ ၂၀ နှင့် ပြင်ဦးလွင်မြို့ခံ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင် အကဲဖြတ်အဖွဲ့ ၁၀ ဦး စုစုပေါင်း ၃၀ ဖြင့် ရွေးချယ်ဆုချီးမြှင့်သွားမည်ဖြစ်သည်။

"ပြိုင်ပွဲဝင်ဓာတ်ပုံတွေအားလုံးကို အများဆန္ဒနဲ့ ရွေးချယ်ဆုချီးမြှင့်သွားမှာပါ။ ဟိုတယ်လုပ်ငန်းရှင်အသင်းက ဒိုင်တွေနဲ့ရော ပြင်ပနယ်ပယ်အသီးသီးက တတ်သိပညာရှင်တွေထဲက ဒိုင်တွေနဲ့ပါ ရွေးချယ်သွားမှာပါ၊ ဓာတ်ပုံ ရွေးချယ်တဲ့အခါ အများပြည်သူအားလုံးရှေ့မှာ ဘယ်လိုစနစ်နဲ့ ရွေးချယ်သွားမည်ဆိုတာချပြပြီး ပွင့်လင်းမြင်သာစွာ ရွေးချယ်ပြီး ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမှာပါ" ဟု မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်အသင်း (ပြင်ဦးလွင်ဇုန်) အတွင်းရေးမှူး ဦးဝေဇြူက ပြောသည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲနှင့် အရောင်းပြပွဲတွင် မည်သူမဆို (ပြင်ဦးလွင်(ခ)မေမြို့နှင့် သက်ဆိုင်သော မည်သည့်ပုံမဆို) အခမဲ့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားသလို ပြိုင်ပွဲဝင် ဓာတ်ပုံပြိုင်ပွဲဝင်ထားသူများသည် မိမိတို့၏ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အရောင်းပြပွဲတွင် မိမိတို့စိတ်ကြိုက်ဈေးဖြင့် ရောင်းချခွင့်ပြုထားသည်။

သာယာလှပမေမြို့အလှ ဓာတ်ပုံပြပွဲ၊ ပြိုင်ပွဲနှင့် အရောင်းပြပွဲကို ပြင်ဦးလွင်မြို့ ကန်တော်လေးအနီး၊ ဂန္ဓမာမြိုင်ဟိုတယ်တွင် ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**




# လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဒိုက်ဦး ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်သည် ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော လမ်း၊ တံတား လုပ်ငန်းများကို ဒီဇင်ဘာ ၂၉ ရက်က ကွင်းဆင်း၍ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဒိုက်ဦးမြို့နယ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော လမ်းတံတားလုပ်ငန်းများနှင့် ပတ်သက်၍ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့က ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဆောင်ရွက်သင့်သော လမ်း၊တံတား၊ရေမြောင်းလုပ်ငန်းများ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းအစီမံများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးအနေဖြင့် ဂဝံလမ်းရှစ်လမ်း၊ ကတ္တရာလမ်းခုနစ်လမ်း၊ ကွန်ကရစ်လမ်းသုံးလမ်းနှင့် တံတားခုနစ်စင်းတို့အား တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ရေကျော်သုံးစင်းတည်ဆောက်ပေးမည်

**တံတားဦး ဒီဇင်ဘာ ၃၀**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ခရီးသွားလာရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် ပျားကျေးရွာ-ညောင်ပင်စောက် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းတစ်မိုင်ပေါ်တွင် အလျား ၁၀၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၆ လက်မရှိ ရေကျော်သုံးစင်း တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေကျော်တည်ဆောက်မည့်နေရာသို့ တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးရဲလွင်နှင့် ဝန်ထမ်းများ ရေကျော်တည်ဆောက်လုပ်ကိုင်မည့်ကုမ္ပဏီမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုကြကြောင်း သိရသည်။ **(ရဲတင့်)**



နေပြည်တော်ကောင်စီနယ်မြေအတွင်း မှုခင်းကျဆင်းရေး စီမံချက်ဖြင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်၏ လမ်းညွှန်မှုအရ ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေ ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်း၊ မော်တော်ယာဉ်ဖြင့် ပြည်သူများအား မှုခင်းအသိပညာပေးခြင်းကို မြို့နယ်များတွင် လိုက်လံဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်တွင် ကျည်တောင်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများလေ့လာလျက်ရှိသည်ကို တွေ့ရစဉ်။ **(နေသန်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်(ရွှေဈေး) ၈၄၇၅၀၀ - ၈၄၇၅၀၀ မန္တလေး(ရွှေဈေး) ၈၄၇၅၀၀ - ၈၄၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၅ ကျပ်၊ | ၇၃၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၆၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၅/၇၁၀ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၂ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၀. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၂၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၀၄၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၄၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၀၉၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၇၃. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃. ၂၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၈. ၅၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၃. ၉၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# တစ်နေ့ထက်တစ်နေ့ပိုကောင်းအောင် ကြိုးစားဖြစ်တယ်ဆိုတဲ့

## ထား ထက် ထက်

မင်းလူသား



Kyaw Shwe Min (DIOR)





အလှမယ်တစ်ယောက်အဖြစ် အောင်မြင်မှုများစွာ ရရှိခဲ့ပြီး ယခုအခါ သရုပ်ဆောင်အလုပ်ကိုပါ လုပ်ဆောင်နေတဲ့ အလှမယ် ထားထက်ထက်နဲ့ တွေ့ဆုံဖြစ်ခဲ့ပါတယ်။ ထားထက်ထက်ဟာ ငယ်စဉ်က မြန်မာ့လက်ရွေးစင် ဂွမ်းဘားမယ်ဖြစ်ခဲ့ပြီး ယခုအခါ အနုပညာအလုပ်များအပြင် ပရဟိတ အလုပ်တွေကို ပါဝင်ဆောင်ရွက်လျက်ရှိနေပါတယ်။ ထားထက်ထက်နှင့် တွေ့ဆုံမေးမြန်းဖြစ်ပုံများကို စာဖတ်ပရိသတ်များအတွက် တင်ပြလိုက်ရပါတယ်။

**ပထမဆုံးလတ်တလော အနုပညာလှုပ်ရှားမှုအကြောင်း ပြောပြပေးပါ။**

ကျွန်မ လတ်တလောကတော့ ဓာတ်ပုံတွေပဲ ရိုက်ဖြစ်နေပါတယ်။ တစ်လပိုင်းလောက်မှ ရုပ်ရှင်ဇာတ်ကားရိုက်ဖြစ်မယ်။ ကိုညီမြင်းလွင်နဲ့ အယူတော်မင်္ဂလာဇာတ်ကားကို ရိုက်ထားပါတယ်။ အကြားမြင်၊ ဗေဒင်ဆရာမနေရာကနေ သရုပ်ဆောင်ထားပါတယ်။ တစ်လပိုင်းလောက်မှာက ကိုဆာမိတို့နဲ့ ရိုက်မှာပါ။

**ကိုဆာမိတို့နဲ့ တစ်လပိုင်းမှာရိုက်မယ့် ဇာတ်လမ်းကို လက်ခံဖြစ်ခဲ့ပုံကို ပြောပြပေးပါ။**

လူဆိုးခန်းနေရာက သရုပ်ဆောင်ရမယ့် ဇာတ်လမ်းပါ။ ဒီဇာတ်ကားလေးကို လက်ခံဖြစ်တာက မြန်မာနိုင်ငံက ပရိသတ်တွေက တစ်ခုဆိုတစ်ခု အစွဲအလမ်းရှိတော့ စိုးရိမ်တဲ့စိတ်တော့ ဖြစ်မိတယ်။ ဒါပေမယ့် ဒါရိုက်တာ ကိုဆာမိကလည်း သေချာရှင်းပြတော့ ကိုယ်လည်းကျရာ ဇာတ်ရုပ်ကို အကောင်းဆုံး သရုပ်ဆောင်ချင်တယ်။ ပြီးတော့ အက်ရှင်ဇာတ်ကားလည်းဖြစ်တယ်။ ကိုဆာမိ ရိုက်တဲ့ကားတွေက ကောင်းတယ်ဆိုတော့ လက်ခံဖြစ်သွားတာပါ။

**ရုပ်ရှင်ဇာတ်ကားနဲ့ ဗီဒီယိုဇာတ်ကား သရုပ်ဆောင်ထားတာ ဘယ်လောက်ရှိပြီလဲ။**

ရုပ်ရှင်ဇာတ်ကားကြီးတွေ ရိုက်ဖြစ်တာများတယ်။ ဗီဒီယိုက ထွက်ထားတာ ၄၊ ၅ ကားတော့ရှိပါတယ်။ အားလုံးပေါင်း ၁၀ ကားကျော်လောက် ရှိပါပြီ။

**အနုပညာဖြတ်သန်းမှုအပိုင်းလည်း ပြောပြပေးပါဦး။**

၂၀၁၂ ခုနှစ် လောက်က Miss Myanmar International ပြိုင်ပွဲမှာ Top 5 ဝင်ပြီး Title ဆုတွေပဲ ရခဲ့ပါတယ်။ ၂၀၁၃ မှာတော့ Miss Grand International ပြိုင်ပွဲဝင်ပြိုင်တဲ့အခါ Miss Grand Myanmar အဖြစ် ရွေးချယ်ခြင်းခံရတယ်။ နောက် ထိုင်းနိုင်ငံမှာ Miss Grand International ပြိုင်ပွဲကို ပြိုင်တော့ People Choice Award နဲ့ Miss Popular ဆုတွေ အများကြီးရခဲ့တယ်။ နောက်ပြီး ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ် အတွင်းမှာတော့ Miss တစ်ယောက် အနေနဲ့ ပရဟိတလုပ်ငန်းတွေကို လုပ်ဖြစ်တယ်။ ဓာတ်ပုံတွေရိုက်ဖြစ်တယ်။ သရုပ်ဆောင်အလုပ်အတွက် လည်း တစ်နှစ်လုံး ကြိုးပြီးလေ့လာဖြစ်ခဲ့တယ်။ ၂၀၁၄ ခုနှစ်မှာစပြီး သရုပ်ဆောင်အလုပ်ကို စလုပ်ဖြစ်ခဲ့ပါတယ်။

**သရုပ်ဆောင်ရတာနဲ့ Miss တစ်ယောက်အဖြစ်နဲ့ ကွာခြားမှုကရော။**

သရုပ်ဆောင်အလုပ်က ကျရာဇာတ်ရုပ်ကို သရုပ်ဆောင်ရတယ်။ ဥပမာ လမ်းဘေးမှာနေရတယ်ဆိုရင် ပီပြင်အောင် သရုပ်ဆောင်ရတယ်။ သဘာဝကျတဲ့ သရုပ်ဆောင်တစ်ယောက်ဖြစ်အောင် နေရတယ်။ Miss ကျတော့ အဲဒီ လိုမဟုတ်ဘူး။ ဘယ်နေရာသွားသွား လူတွေကကိုယ့်ကိုမြင်လိုက်တာနဲ့ စတိုင်ကျနေရမယ်။ စံပြတစ်ယောက်ဖြစ်နေရမယ်။ စကားပြောတာကအစ လှလှပပ ကျော့ကျော့ရှင်းရှင်း ဖြစ်အောင်နေရတယ်။ အဲဒီလို ကွာခြားပါတယ်။

**အနုပညာအလုပ်အပြင် ဘာတွေလုပ်ဖြစ်လဲ။**

ငယ်ငယ်ကတည်းက အသက်(၅) နှစ်လောက်ကတည်းက ဂွမ်းဘားကစားတယ်။ အသက် (၁၆) နှစ်လောက်အထိ မြန်မာ့လက်ရွေးစင် ဂွမ်းဘားမယ်တစ်ယောက်အဖြစ် ကစားခဲ့တယ်။ ငယ်ဘဝဖြတ်သန်းမှုက တခြားကလေးတွေနဲ့ မတူဘူး။ စိတ်ဖိစီးမှုနဲ့ ပင်ပန်းမှုတွေကများတယ်။ ခက်ခက်ခဲခဲဖြတ်သန်းရတာများပါတယ်။ ကျောင်းတက်ရချိန်ကနည်းတယ်။ ဂွမ်းဘားလေ့ကျင့်မှုအနေနဲ့ နိုင်ငံခြားမှာ အကြာကြီးသွားနေရတာတွေရှိတယ်။ လက်ရွေးစင်ဖြစ်ဖို့ကတော့ လွယ်ကူတဲ့အရာ မဟုတ်ပါဘူး။ ငယ်ငယ်ကတည်းက အရွယ်နဲ့မလိုက် အောင် လေ့ကျင့်ခဲ့ရတယ်။ ဂွမ်းဘားကလည်း တခြားကစားနည်းနဲ့ မတူဘူး၊ အားကစားနည်းအားလုံးရဲ့ အခြေခံဆိုတော့ ပိုပင်ပန်း တယ်။ ဆီးဂိမ်းဝင်ပြိုင်တော့ ဆီးဂိမ်းအဆင့်ဆိုရင် ပိုပြီး မြင့်သွားတယ်။ သွားပြိုင်တဲ့နှစ်က ၂၀၀၃ ခုနှစ်က ဗီယက်နမ်မှာ၊ ၂၀၀၅ ခုနှစ်က ဖိလစ်ပိုင်မှာ နှစ်ကြိမ် ပြိုင်ခဲ့ပါတယ်။ ဂွမ်းဘားကစားနည်းကို ကစားတဲ့မိန်းကလေးကနည်းတော့ ပထမတစ်ခေါက်သွားပြိုင်တော့ မိန်းကလေး နှစ်ယောက်ပဲ ရှိတယ်။ နောက်နှစ်ကျတော့ ကျွန်မတစ်ယောက်ပဲ ရှိတော့တယ်။ ကျန်တဲ့နိုင်ငံတွေကျတော့ အသင်းအဖွဲ့တွေနဲ့ဆိုတော့ အားပေးမှုလည်း ပိုပြီးများတာပေါ့။ အဲဒီအချိန်က မြန်မာဆိုရင် နည်းနည်း နှိမ်ချင်ကြတယ်။ သူများနဲ့ တန်းတူ လုပ်နိုင်ရင်တောင် အမှတ်အပြည့်မရတာမျိုးတွေ ကြုံခဲ့ရတယ်။ ခုတော့ စနေ၊ တနင်္ဂနွေမှာ ဂွမ်းဘားအားကစားဝါသနာပါတဲ့ ကလေးတွေကို သင်ပေးတာရှိတယ်။ ကြားရက်ဆိုရင်တော့ အားရင်အားသလို ဂွမ်းဘား အားကစားအဖွဲ့ချုပ်က ကလေးတွေကို ပရဟိတအနေနဲ့ သင်ပေးတာရှိပါတယ်။ ကျောင်းတက်ခဲ့တာကတော့ အထက(၁) ပန်းဘဲတန်းနဲ့ အနောက်ပိုင်းနည်းပညာတက္ကသိုလ်ကနေ အင်ဂျင်နီယာဘွဲ့ ရထားပါတယ်။

**ပရဟိတအလုပ်တွေ လုပ်ဖြစ်ပုံကရော။**

ကျွန်မက ပရဟိတအလုပ်ကို အသက် (၁၆) နှစ်ကတည်းက ကလေးတွေကို စာသင်တဲ့အနေနဲ့ စလုပ်ဖြစ်တယ်။ အခု Miss ဖြစ်လာတော့ Miss တွေ ပဲဖွဲ့ထားတဲ့အဖွဲ့မှာပါဝင်ပြီး လိုအပ်တဲ့နေရာတွေကို လှူဖြစ်ပါတယ်။ နှစ်လတစ်ခါ လှူဖြစ်တာမျိုးတွေ လုပ်ဖြစ်ပါတယ်။ အဖွဲ့မဟုတ်လည်း တစ်ယောက်တည်းလည်း လုပ်ဖြစ်ပါတယ်။ တခြား အဖွဲ့တွေကလည်း အကူအညီတောင်းရင် အားရင်အားသလိုကူညီဖြစ်ပါတယ်။ အခြားအဖွဲ့အစည်းတွေမှာလည်း ပါဝင်ထားတာရှိတယ်။ ပရဟိတအလုပ်ကိုတော့ အားရင်အားသလို လုပ်ဖြစ်ပါတယ်။

**ဘာတွေဆက်လုပ်ဖို့ ရည်မှန်းထားလဲ။**

အားကစားဘက်ကိုလည်း အမှန်တကယ် တိုးတက်အောင် ဆောင်ရွက်ပေးချင်တယ်။ ဂွမ်းဘားမှာလည်း သံတမန်အဖြစ် ဆောင်ရွက်ပေးနေပါတယ်။ ကလေးတွေရော၊ လူကြီးတွေကိုရော ကိုယ်လက်လှုပ်ရှား အားကစားလုပ်ဖို့ အမြဲ တိုက်တွန်းဖြစ်ပါတယ်။ ကလေးတွေဆိုရင်လည်း အားကစားတစ်ခုကစားခြင်းက ကလေးတစ်ယောက်ရဲ့ ဘဝမှာ ကိုယ်တိုင်လည်း ကိုယ်တွေ့ဆိုတော့ ဂွမ်းဘား အားကစားက ကောင်းကျိုးတွေ အများကြီးရှိစေတယ်။ ကလေးတွေကို ဆက်ပြီးတော့ သင်ပေးဖို့လည်းရှိပါတယ်။ အနုပညာဘက်မှာလည်း ဇာတ်ကားထွက်မှုနည်းပါတယ်။ ကျွန်မနဲ့အဆင်ပြေတဲ့ကား၊ ကိုယ်အကောင်းဆုံးလုပ်နိုင်မယ့် ကိုယ်ယုံကြည်ချက် ရှိတဲ့ကားတွေ ပိုပြီးတော့ရိုက်ဖြစ်တယ်။ ပရိသတ်က ကိုယ့်ကိုကြည့်ရင် အားကျသွားရတဲ့ ပုံစံမျိုး၊ ကာရိုက်တာမျိုးပိုပြီးလုပ်ချင်ပါတယ်။ ပရဟိတအလုပ်ကိုလည်း အချိန်ရရင်ရသလိုလုပ်ချင်ပါတယ်။ အားကစားကိုစိတ်ဝင် စားလို့ပဲဖြစ်ဖြစ်၊ ပရဟိတအလုပ်ကို စိတ်ဝင်စားလို့ပဲဖြစ် ဖြစ်၊ ကျွန်မကို ဆက်သွယ်မေးလို့ရပါတယ်။ အကူ အညီတောင်းစရာရှိလည်း တောင်းနိုင်ပါတယ်။ မေးမြန်း စရာရှိလည်း မေးမြန်နိုင်ပါတယ်။

**နှစ်သစ်ကိုဘယ်လိုဖြတ်သန်းဖို့ရှိလဲ။**

New Year မှာ ကျွန်မ ထူးထူးခြားခြား လုပ်ဖို့ အစီအစဉ်တော့မရှိပါဘူး။ ပုံမှန်လောက်ပါပဲ၊ အရင်နှစ်တွေကတော့ အိမ်မှာပဲ မုန့်လုပ်စားတာလောက်ပဲ လုပ်ဖြစ်ပါတယ်။ ဒီနှစ်ပွဲရှိရင်တော့ ပွဲသွားဖြစ်မယ်။

**ပရိသတ်တွေအတွက် စကားလက်ဆောင်ကရော။**

ကျွန်မ အရာအားလုံးကို အကောင်းဆုံးဖြစ်အောင် အမြဲလုပ်ဆောင်ဖြစ်တယ်။ တစ်နေ့ထက်တစ်နေ့ မတူအောင်၊ ပိုကောင်းအောင် ကြိုးစားဖြစ်တယ်။ သရုပ်ဆောင်အလုပ်ကိုလည်း အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ပြီး လုပ်ဆောင်ဖြစ်ပါတယ်။ အားပေးတဲ့ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။

# အားကစားလောကတွင်း အကောင်းနဲ့ အဆိုးနှစ်ရပ်လုံးကို ခြယ်မှုန်းခဲ့တဲ့ ၂၀၁၆

**၂၀၁၆ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့တဲ့ အချို့သော အားကစားလောက အဖြစ်အပျက်တွေဟာ တကယ့်ကို လွမ်းမောဖွယ်ရာ၊ ကြည်နူးဖွယ်ရာတွေဖြစ်ခဲ့ပြီး ဒီလို အနိမ့်အမြင့်ကြုံတွေ့ရတာကပဲ လူ့လောကနဲ့ နီးစပ်တာကြောင့် လူသားတွေ အားကစားကို သဘောကျနှစ်ခြိုက်ကြတာလို့လည်း ယေဘုယျကျကျ ယူဆလို့ရပါတယ်။ နှစ်တစ်နှစ်အတွင်း မြောက်မြားစွာသော အဖြစ်အပျက်တွေအများကြီးဖြစ်ခဲ့တာကြောင့် ထူးခြားမှုတွေအများကြီးလည်း တွေ့ရပေမယ့် မြန်မာ့စာဖတ်ပရိသတ်တွေ ပိုပြီး မှတ်မှတ်ထင်ထင်ရှိခဲ့တဲ့ အကြောင်းအရာအချို့ကိုသာ ၂၀၁၆ ခုနှစ် တစ်နှစ်တာမှတ်တမ်းအဖြစ် ထုတ်နုတ်တင်ဆက်လိုက်ရပါတယ်။**

## ဆူဇူကီးဖလားပြိုင်ပွဲကြောင့် အသက်ဝင်ခဲ့တဲ့ မြန်မာ့ဘောလုံးလောက

မြန်မာနိုင်ငံက အရှေ့တောင်အာရှ အမြင့်ဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်တဲ့ ဆူဇူကီးဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခြင်းနဲ့အတူ မြန်မာ့ဘောလုံးလောကက မြန်မာပရိသတ်တွေရဲ့ စိတ်ဝင်စားမှု အာရုံကိုလည်း ပိုမိုလှုပ်နိုးနိုင်ခဲ့ပါတယ်။ မြန်မာ့လက်ရွေးစင်အသင်းက ပွဲဦးထွက်မှာ ဗီယက်နမ်ကို ရှုံးနိမ့်ခဲ့ပေမယ့် ကမ္ဘောဒီးယား၊ မလေးရှားအသင်းတွေကို အနိုင်ကစားပြီး အုပ်စုဒုတိယနဲ့ အကြိုဗိုလ်လုပွဲအဆင့်ကို ၂၀၀၄ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ပါတယ်။ မြန်မာအသင်းက ထိုင်းအသင်းကို နှစ်ကျော့ပေါင်း ခြောက်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခြင်းမရှိပေမယ့် ပရိသတ်တွေရဲ့ ချစ်ခင်မှုကိုတော့ အပြည့်အဝရယူနိုင်ခဲ့ပါတယ်။

မြန်မာတိုက်စစ်မှူး အောင်သူရဲ့ ခြေစွမ်းက အရှေ့တောင်အာရှက ပြိုင်ဘက်တွေကို သတိပေးနိုင်ခဲ့သလို မောင်မောင်လွင်၊ မျိုးကိုထွန်း၊ သန်းပိုင်၊ ဇော်လင်းထွန်းတို့ရဲ့ ခြေစွမ်းတွေကလည်း အသိအမှတ်ပြုဖို့ ကောင်းခဲ့ပါတယ်။ အောင်သူဆိုရင် ပရိသတ်တွေ ကိုယ်တိုင်မဲပေးရွေးချယ်တဲ့ ဆူဇူကီးဖလားရဲ့ အကောင်းဆုံး လူငယ်ကစားသမားဆုကိုပါ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် မြန်မာအသင်းအနေနဲ့ ဒီတစ်ကြိမ်မှာ အကြိုဗိုလ်လုပွဲအဆင့်နဲ့သာ ကျေနပ်ခဲ့ရ









ပေမယ့် နောက်လာမယ့် ပြိုင်ပွဲတွေမှာတော့ အခုထက်ပိုမိုမြင့်မားတဲ့ ရပ်တည်ချက်တစ်ခုရရှိလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

## အလှည့်အပြောင်းများတဲ့ စီရိုနယ်လ်ဒိုနဲ့မက်ဆီကြားက ကံကြမ္မာ

၂၀၁၆ ခုနှစ်အတွင်း စီရိုနယ်လ်ဒိုနဲ့ မက်ဆီရဲ့ ကံအလှည့်အပြောင်းကတော့ ဆန့်ကျင်ဘက်လို့ဆိုရမယ့် အနေအထားပါပဲ။ ပြီးခဲ့တဲ့ ဇွန်၊ ဇူလိုင်လတွေအတွင်းက ဥရောပမှာ ယူရိုဖလား၊ အမေရိကန်ပြည်ထောင်စုမှာ ကိုပါအမေရိကဖလား ကျင်းပခဲ့တာကြောင့် မက်ဆီရော စီရိုနယ်လ်ဒိုရော ကလပ်အသင်းတွေအတွက်သာမက နိုင်ငံအသင်းအတွက်ပါ ပြိုင်ပွဲကြီးတွေ နွှဲခဲ့ရပါတယ်။ အာဂျင်တီးနားအသင်း နိုင်ပွဲတွေဆက်ပြီး ဂိုးတွေ တဒိုင်းဒိုင်းသွင်းနေတဲ့ မက်ဆီကို မီဒီယာတွေက ဂုဏ်ပြုရေးသားနေတဲ့ အချိန်မှာ ပေါ်တူဂီအသင်း ယူရိုပြိုင်ပွဲ သုံးပွဲဆက်သရေရလဒ်ကြောင့် စီရိုနယ်လ်ဒိုကတော့ ဝေဖန်မှုတွေကြုံတွေ့နေရချိန်ဖြစ်ပါတယ်။

မက်ဆီရဲ့ အာဂျင်တီးနားအသင်းက ဗိုလ်လုပွဲမှာ ချီလီကို ရှုံးနိမ့်ပြီး ဒုတိယဆုနဲ့ ကျေနပ်ခဲ့ရပေမယ့် စီရိုနယ်လ်ဒိုရဲ့ ပေါ်တူဂီက ဗိုလ်စွဲဖို့ ထိပ်ဆုံးမှာ ရေပန်းစားနေတဲ့ ပြင်သစ်ကို နောက်ကောက်ချပြီး ပေါ်တူဂီနိုင်ငံအသင်းအတွက် ဥရောပချန်ပီယံဘွဲ့ကို ပထမဦးဆုံးအကြိမ် ဆွတ်ခူးစေခဲ့ပါတယ်။ ပေါ်တူဂီအသင်းဟာ အုပ်စုပွဲစဉ်သုံးပွဲလုံး သရေရလဒ်သာ ရရှိခဲ့ပြီး အကောင်းဆုံး တတိယအသင်းအဖြစ်သာ ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်ကို တက်ရောက်လာခဲ့တာဖြစ်သလို ဝေလအသင်းနဲ့ အကြိုဗိုလ်လုပွဲစဉ်ကလွဲရင် ကျန်ပွဲစဉ်တွေ အကုန်လုံး မိနစ် ၉၀ အတွင်း အနိုင်ရရှိအောင် မကစားနိုင်ဘဲ ပင်နယ်တီအဆုံးအဖြတ်၊ အချိန်ပိုသွင်းဂိုးတွေ စသဖြင့် တစ်လိမ့်လိမ့် အနေအထားနဲ့ ဗိုလ်လုပွဲအထိ တက်ရောက်လာနိုင်ခဲ့ပေမယ့် ဗိုလ်လုပွဲမှာ ပြင်သစ်အသင်းကို အနိုင်ယူဗိုလ်စွဲခဲ့တာဖြစ်ပါတယ်။ မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့ဟာ နိုင်ငံအသင်းသာမက ကလပ်အသင်းမှာပါ အလားတူ အခြေအနေမျိုး ထပ်တူကြုံခဲ့ရတာဖြစ်ပါတယ်။ နည်းပြအပြောင်းအလဲများခဲ့တဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ ရာသီအစ ရလဒ်မကောင်းခဲ့ဘဲ ဘာစီလိုနာနဲ့ ရလဒ်ပိုင်း ပြတ်ကျန်ခဲ့တဲ့ ရီးယဲလ်ဟာ နည်းပြ ဇီဒန်းရောက်ရှိလာမှုနဲ့အတူ ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့ပြီး လာလီဂါပြိုင်ပွဲမှာလည်း ဘာစီလိုနာကို အကောင်းဆုံး ဖိအားပေးနိုင်ခဲ့တာဖြစ်ပါတယ်။ မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့နှစ်ဦးက တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းမှာ ကွာခြားမှု သိပ်မရှိပေမယ့် ကံကြမ္မာ အပြောင်းအလဲကတော့ မျက်လှည့်ပြသလို မယုံနိုင်လောက်စရာဖြစ်ခဲ့ပြီး အဓိက ဆုဖလားရယူနိုင်မှုအပိုင်းမှာတော့ စီရိုနယ်လ်ဒိုက အသာရခဲ့တာကြောင့် ဘလွန်းဒီအောဆုက စီရိုနယ်လ်ဒိုအတွက် ဖြစ်ခဲ့ပြီးဖြစ်သလို ဖီဖာတစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကိုလည်း ဘယ်သူရမလဲဆိုတာ ကြိုတင်ခန့်မှန်းချက် ထုတ်လို့ရနေပါပြီ။

## ချာပီကိုအန်စီအသင်း လေယာဉ်ပျက်ကျမှု

နိုဝင်ဘာ ၂၈ ရက် ဘရာဇီးဘောလုံးကလပ် ချာပီကို အန်စီအသင်းသားတွေ လိုက်ပါစီးနင်းလာတဲ့ လေယာဉ်က ကိုလံဘီယာနိုင်ငံ မက်ဒယ်လင်းမြို့ ကော်ဒိုဗာလေဆိပ်နဲ့ ၁၀ မိုင်အကွာမှာ ပျက်ကျခဲ့ပါတယ်။ ချာပီကို အန်စီအသင်းက တောင်အမေရိကတိုက်ရဲ့ ဒုတိယအမြင့်ဆုံးပြိုင်ပွဲဖြစ်တဲ့ ကိုပါစူဒါမာရီကာနာဖလား ဗိုလ်လုပွဲ ပထမအကျော့အဖြစ် ကိုလံဘီယာကလပ် အက်သလက်တီကို နေစီယွန်နယ်အသင်းနဲ့ ယှဉ်ပြိုင်ကစားဖို့ ထွက်ခွာလာရင်း အခုလို အဖြစ်ဆိုးနဲ့ ကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။ ဒီလေယာဉ်ပျက်ကျမှုကြောင့် ခရီးသည် ၇၇ ဦးအနက် ခြောက်ဦးသာ အသက်ရှင်ကျန်ခဲ့ပြီး ချာပီကို အန်စီအသင်းသား ၁၉ ဦးသေဆုံးသွားခဲ့တယ်လို့ သိရပါတယ်။ ဒီအဖြစ်ဆိုးက ၁၉၄၉ တိုရီနိုဘောလုံးအသင်း လေယာဉ်ပျက်ကျမှု၊ ၁၉၅၈ မန်ယူအသင်း လေယာဉ်ပျက်ကျမှုတွေပြီးနောက် ကမ္ဘာ့အားကစားလောကကို တုန်လှုပ်စေခဲ့တဲ့ အဖြစ်ဆိုးတစ်ခုလည်းဖြစ်ခဲ့ပါတယ်။

## ဘောလုံးဈေးကွက်ကို ဖျက်ခဲ့တဲ့ စူပါလိဂ်

တရုတ်စူပါလိဂ်ရဲ့ ငွေကြေးအင်အား တောင့်တင်းမှုနဲ့အတူ ခပ်ကျဲကျဲ လှမ်းလာတဲ့ ခြေလှမ်းတွေက ဥရောပနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ ကလပ်အသင်းကြီးတွေအတွက် ရတက်ပွေစရာ ဖြစ်နေပါတယ်။ တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ ဘောလုံးလောကတိုးတက်ရေး စီမံချက်မူဝါဒအောက်မှာ တရုတ်အသင်းတွေ ငွေသုံးကြမ်းချင်တိုင်း ကြမ်းနေတာဖြစ်ပြီး တစ်ပတ်လုပ်ခပေါင် ၁၀၀၀၀၀ လောက်ရနေတဲ့ ကစားသမားကို ပေါင် ၄၀၀၀၀၀ လောက် ပေးချေခေါ်ယူဖို့ ဝန်မလေးတတ်တာကြောင့် စူပါလိဂ်က နာမည်ကြီး ဘောလုံးစူပါစတားများရဲ့ နားခိုရာနေရာဖြစ်လာနိုင်ပါတယ်။ အရင်က တရုတ်စူပါလိဂ်ဟာ မထင်မရှားလိဂ်တစ်ခုဖြစ်ခဲ့ပေမယ့် ၂၀၁၁ ခုနှစ် အဂတိတိုက်ဖျက်ရေးလုပ်ရှားမှု နောက်ဆက်တွဲအနေနဲ့ စူပါလိဂ်ပေါ် ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုလုပ်ဆောင်လာပြီး ၂၀၁၆ ခုနှစ်အတွင်းမှာတော့ စူပါလိဂ်ရဲ့ အင်အားကို ထင်ထင်ရှားရှား မြင်တွေ့လာရတာဖြစ်ပါတယ်။

ဒီဇင်ဘာ ၂၉ ရက်က ကားလို့စ်တီဗက်ဇ် ရှန်ဟိုင်းရှန်ဖူးအသင်းကို တစ်ပတ်လုပ်ခ ပေါင် ၆၁၅၀၀၀ နဲ့ အပြီးသတ်ရောက်ရှိသွားခြင်းနဲ့အတူ ကမ္ဘာ့လုပ်ခလစာအများဆုံးရရှိတဲ့ ကစားသမားက တီဗက်ဇ်ဖြစ်လာပါတယ်။ တီဗက်ဇ်မတိုင်မီ အော်စကာ၊ ဂျာဗင်ဟို၊ တက်ရှီးယား၊ ပေါ်လင်ဟို၊ ဂျက်ဆန် မာတီနက်ဇ်၊ လာဗက်ဇီ၊ ရာမီရက်ဇ်တို့လို နာမည်ကျော်တွေ စူပါလိဂ်ကို ရောက်ရှိခဲ့ကြပြီဖြစ်သလို ဝိန်းရွန်းနီ၊ ဖာနန်ဒိုတောရက်ဇ်တို့ကစလို့ မက်ဆီ၊ စီရိုနယ်လ်ဒိုတို့လို ထိပ်တန်းကစားသမားတွေအဆုံး နာမည်ကျော်မှန်သမျှ ခေါ်ယူဖို့ရည်မှန်းနေတာဖြစ်ပါတယ်။ ကစားသမားတွေအပြင် နာမည်ကြီး နည်းပြတွေဖြစ်တဲ့ လစ်ပီ၊ အဲရစ်ဆင်၊ စကိုလာရီ၊ ဘိုအာ့စ်တို့လည်း ရောက်ရှိပြီးဖြစ်တာကြောင့် အနာဂတ်မှာ စူပါလိဂ်ရဲ့ အလားအလာ ယခုထက်များစွာကောင်းလာဦးမယ်လို့ မျှော်လင့်ကြောင်း တာဝန်ရှိသူတွေက ဆိုပါတယ်။ နာမည်ကျော် ဘောလုံးစူပါစတား ဒေးဗစ်ဘက်ခမ်း ၂၀၀၇ ခုနှစ်မှာ အမေရိကန် မေဂျာလိဂ်ကို သွားရောက်ခြေချခဲ့ပြီးနောက် သီယာရီအွန်နရီ၊ ဒေးဗစ်ဗီလာ၊ ကာကာ၊ ပီယာလို၊ လမ်းပတ်၊ ဂျာရတ်တို့လို ခြေကျစပြုနေတဲ့ နာမည်ကျော်တွေလည်း မေဂျာလိဂ်ကို လာရောက်ကစားခဲ့ကြပါတယ်။ ဒါပေမယ့် မေဂျာလိဂ်ရဲ့ ကမ္ဘာတစ်ဝန်း ပရိသတ်တွေ အာရုံစိုက်မှုရရှိအောင် လုပ်တဲ့နည်းနဲ့ တရုတ်စူပါလိဂ်ရဲ့ ပရိသတ်ဆွဲဆောင်မှု ပုံစံခြင်းမတူဘဲ တရုတ်စူပါလိဂ်ဟာ ခြေစွမ်းထက်နေဆဲ ကစားသမားတွေကို ကြေးကြီးကြီးနဲ့လာဖို့ ဖိတ်ခေါ်ခြင်းအားဖြင့် ကမ္ဘာ့နာမည်ကြီးလိဂ်တွေကို ပေါ်ပေါ်ထင်ထင်ပဲ စိန်ခေါ်ပြလိုက်တာဖြစ်ပါတယ်။

## ကပ်ဆိုက်ခဲ့တဲ့ တင်းနစ်လောက

၂၀၁၆ ခုနှစ်အတွင်း နာမည်ကျော် တင်းနစ်ကစားသမား အတော်များများ ဒဏ်ရာရရှိခြင်းနဲ့အတူ တင်းနစ်လောက ရသပျက်ခဲ့တယ်လို့ ဆိုရပါမယ်။ အားကစားဆိုတာ တွန်းတွန်းတိုက်တိုက် ကစားရတာကြောင့် ဒဏ်ရာရရှိတာ မဆန်းပေမယ့် ၂၀၁၆ ခုနှစ်ဟာ အရင်နှစ်တွေထက် ဒဏ်ရာပြဿနာ ပိုကြုံခဲ့တာကို တွေ့ရပါတယ်။ နာဒယ်လ်၊ ဖက်ဒါရာ၊ ဒေးဗစ်ဖာရာ၊ ဒယ်လ်ပေါ်ထရို၊ တီဆွန်ဂါ၊ ဂျိုကိုဗစ်ချ်တို့လို ထိပ်တန်းကစားသမားတွေ ဒဏ်ရာပြဿနာရှိနေခဲ့သလို ဆရီနာဝီလျံ၊ ကိဗ်တိုဗာ၊ အဇာရန်ကာ၊ အိုင်ဗန်နိုဗစ်တို့လို တင်းနစ်မယ်တွေ ဒဏ်ရာပြဿနာတွေ တောက်လျှောက်ကြုံခဲ့ရပေမယ့် ဗြိတိန်တင်းနစ်ကစားသမား အန်ဒီမာရေး၊ ဂျာမန်တင်းနစ်မယ် အန်ဂျလိခ်ကာဘာတို့ ထိပ်တန်းရောက်ခဲ့ကြတဲ့ နှစ်ဆိုရင်လည်း မမှားပါဘူး။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၈ ရက်မှာတော့ အိုင်ဗန်နိုဗစ်က ဒဏ်ရာအကင်းမသေတဲ့အတွက် အကောင်းဆုံးပုံစံတစ်ရပ်ပျောက်ဆုံးခြင်းနဲ့အတူ အားကစားလောကကနေ အနားယူခဲ့ပြီဟု ကြေညာခဲ့ပါတယ်။ ဒီလို ဒဏ်ရာပြဿနာတွေအပြင် နာမည်ကြီးတင်းနစ်မယ် ရှာရာပိုဗာလည်း မယ်လ်ဒိုးနီးယန်း ဆေးသုံးစွဲမှုကြောင့် ကာလကြာရှည် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရပါသေးတယ်။ **(မေလှဲ့သင်း)**

## ခရစ္စတယ်ပဲလေ့စ်နှင့် ပွဲစဉ်တွင် အာဆင်နယ်နှင့်အတူ မူစတာဖီပါဝင်လာမည်




အာဆင်နယ်အသင်း၏ နောက်တန်းကစားသမား မူစတာဖီသည် တံကောက်ကြောဒဏ်ရာပြဿနာကြောင့် အနားယူနေခဲ့ရာမှ လက်ရှိတွင် ပြန်လည်သက်သာလာပြီဖြစ်၍ ဇန်နဝါရီ ၁ ရက်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အာဆင်နယ်အသင်းနှင့်အတူ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီနောက်တန်းကစားမသား မူစတာဖီသည် ဒီဇင်ဘာလအစောပိုင်းက စတုတ်စီးတီးအသင်းက အာဆင်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သော တံကောက်ကြောဒဏ်ရာကြောင့် သီတင်းပတ်သုံးပတ်ကြာ အနားယူနေခဲ့ရသူဖြစ်သည်။

သို့ရာတွင် နည်းပြ အာစင်ဝင်းဂါးက နောက်တန်းကစားသမား မူစတာဖီမှာ ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်းနှင့် တိုက်စစ်မှူး ဝဲလ်ဘတ်နှင့် ကွင်းလယ်ကစားသမား ချန်ဘာလိန်တို့သည်လည်း ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဝဲလ်ဘတ်သည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ တစ်ပွဲမှ ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း လက်ရှိတွင် ကြံ့ခိုင်မှုအပြည့်ရှိနေပြီဖြစ်သည်။ ထို့ပြင် ဝက်စ်ဘရွန်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် လွဲချော်ခဲ့ရသည့် ချန်ဘာလိန်သည်လည်း ပြန်လည်ကောင်းမွန်နေပြီဖြစ်သည်။ ကီယန်ဂစ်မှာမူ အာဆင်နယ်၏ ပွဲစဉ်များကို ထပ်မံလွဲချော်ဦးမည်ဖြစ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။ **(ငွေကြယ်)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




## ပျောက်ခြင်းမလှ

ထိုင်းနိုင်ငံရဲ့ အထင်ကရဘဏ်ကြီးတစ်ခုမှာ ငွေစာရင်းတစ်ခုဖွင့်ထားပါတယ်။ ကျွန်တော်က စီးပွားရေးသမားလည်းမဟုတ်၊ အာဏာရတွေနဲ့ပေါင်းပြီး အခွင့်ထူးခံနေသူလည်းမဟုတ်တာမို့ ကျွန်တော့်စာရင်းထဲမှာ ပိုက်ဆံရယ်လို့ သိပ်များများစားစားမရှိပါဘူး။ သို့ပေတည့် နိုင်ငံတကာကအဖွဲ့အစည်းပေါင်းစုံနဲ့ အလုပ်လုပ်နေတာမို့ ကျွန်တော့်လုပ်ခလေး နှစ်ပြားတစ်ပဲကို ဘဏ်စာရင်းထဲလွှဲပေးတဲ့အခါ အဆင်ပြေအောင် အဲဒီစာရင်းကိုဖွင့်ထားတာပါ။ ပိတ်ဆို့အရေးယူမှုတွေရှိနေတုန်းက မြန်မာနိုင်ငံဘဏ်ဆီ နိုင်ငံခြားကငွေလွှဲတဲ့အခါ အဆင်မှမပြေခဲ့တာကိုး။ အဲဒီဘဏ်စာရင်းလေးဖွင့်လိုက်တဲ့အခါ နိုင်ငံတကာမှာ လူလူသူသူဖြစ်လာတယ်။ နိုင်ငံရပ်ခြားသွားတဲ့အခါ ငွေစက္ကူတွေ ထည့်သွားစရာမလိုတော့ဘူး။ အင်ထနက်ကတစ်ဆင့် ဝယ်တာ ခြမ်းတာလုပ်ချင်လည်း အဆင်ပြေသွားတယ်။

လွန်ခဲ့တဲ့ ခြောက်လလောက်က ကျွန်တော့်အိမ်သူနဲ့ သမီးတော် ငါးကျည်းကြော်တို့ ဘန်ကောက်သွားကြတော့လည်း ကျွန်တော့် ငွေထုတ်ကတ်ပြားကို ထည့်ပေးလိုက်တယ်။ အဲဒီထဲက ထုတ်သုံးကြပေါ့။ ငွေထုတ်ကတ်ပြားတင်မကဘဲ ငွေစာရင်းစာအုပ်လည်း ထည့်ပေးလိုက်ပါတယ်။ ငွေစာရင်းထဲက အသွင်းအထုတ်တွေကို အဲဒီစာအုပ်ထဲမှာ အသေးစိတ်မှတ်တမ်းတင်ထားတာမို့ နောက်ဆုံးအခြေအနေအတိုင်းရှိနေလေအောင် စာအုပ်လေးကို ထည့်ပေးလိုက်တာပါ။ စာအုပ်ထဲမှာ နောက်ဆုံးအခြေအနေ အသေးစိတ်ကို ထပ်ဖြည့်ချင်လည်း ဘဏ်ကို တကူးတကသွားနေစရာမလိုဘူး။ ကုန်တိုက်လိုနေရာ အတော်များများမှာ ရှိနေတတ်တဲ့ စက်ကလေးထဲ နောက်ဆုံးစာမျက်နှာအတိုင်း လှပ်ပြီး စာအုပ်ကလေး ထိုးထည့်လိုက်ရင် စက်က သူ့နေရာနဲ့သူ တစ်ကြောင်းမလွဲပုံနှိပ်ပေးပြီး စာအုပ်ကို ပြန်ပေးလိုက်တာပဲ။ အလွန်ကို လွယ်ကူသက်သာအဆင်ပြေအောင် လုပ်ထားတဲ့ စနစ်တွေပါ။ ဘန်ကောက်မှာတင် လုပ်လို့ရတာမဟုတ်ပါဘူး။ ထိုင်းတစ်နိုင်ငံလုံးက မြို့ကြီး၊ မြို့ငယ် ဘယ်နေရာမှာမဆို ဆိုင်ရာဘဏ်ရဲ့ စက်တွေ့တာနဲ့ လုပ်လို့ရပါတယ်။

အဲဒါဗျာ မျက်စိခွဲဖို့ ဘန်ကောက်ကိုသွားမယ်လုပ်တော့ အဲဒီစာအုပ်က ပျောက်ခြင်းမလှ ပျောက်နေပါရောလား။ ကျွန်တော့်အိမ်သူက ကျွန်တော့်ကိုပဲ ပြန်ပေးပြီးသလိုလို၊ ဘာလိုလို၊ ညာလိုလိုနဲ့၊ ဒေါင်းတောက်အောင် ရှာကြပေမယ့်လည်းမတွေ့တော့ဘူး။ ကျွန်တော့်အိမ်ဆိုတာက တစ်အိမ်လုံးစာအုပ်တွေချည်းပဲမို့ အဲလိုစာအုပ်ပါးလေးတစ်အုပ် ပျောက်ပြီဆိုရင် ရှာဖို့က အတော်ခက်သွားတာလည်း အမှန်ပါ။ ကျွန်တော့်အိမ်သူခမျာ မျက်နှာလေးငယ်ငယ်နဲ့ အတော်စိတ်ဆင်းရဲနေရှာတယ်။ ကျွန်တော်က သူ့ကိုစိတ်မပူဖို့ အားပေးရတယ်။ စာအုပ်ပျောက်ဆုံးကြောင်း ဘဏ်ကိုပြောပြီး ပြန်ထုတ်ဖို့က ဘာမှ မခက်တဲ့အကြောင်းပြောပြရတယ်။

## ကြုံဖူးပါတယ်လေ

ကျွန်တော့်မှာ အတွေ့အကြုံရှိပြီးသားကိုး။ အဲဒီဘဏ်မှာ စာရင်းဖွင့်ပြီးခါစ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကျွန်တော် တောသား မအူမလည်ဟာ လမ်းတွေ့တဲ့ တခြားဘဏ်တစ်ခုရဲ့စက်ထဲ ကျွန်တော့် ကတ်ပြားကောက်ထိုးပြီး ပိုက်ဆံထုတ်လိုက်တာ၊ ပိုက်ဆံလည်း ပြန်ထွက်မလာ၊ ကတ်ပြားလည်း ပြန်ထွက်မလာမို့ ပျာသွားပါတယ်။ အဲလိုဖြစ်ရင် ဘယ်ကိုဖုန်းဆက်ရမယ်ဆိုတာကို စက်မှာတင် တစ်ခါတည်းရေးထားတာမို့ အဲဒီစက်ရှေ့က မခွာဘဲ ဖုန်းကောက်လှည့်တယ်။ တစ်ဖက်က ကျွန်တော့်ဘဏ်ကို ဆက်သွယ်ခိုင်းတယ်။ နံပါတ်ပါ တစ်ခါတည်းပေးတယ်။ အဲဒါနဲ့ ကျွန်တော့်ဘဏ်ကို လှမ်းဆက်သွယ်တော့ ကျွန်တော့်ဘဏ်က ဖုန်းထဲကနေပဲ ကျွန်တော့် ငွေစာရင်းအမှတ်တောင်းတယ်၊ ပြီးတော့ ကျွန်တော် ဟုတ်၊ မဟုတ် စစ်ဆေးတာတွေ ဖုန်းထဲကပဲလုပ်ပါတယ်။ နိုင်ငံကူးလက်မှတ် အမှတ်တို့၊ နေရပ်လိပ်စာတို့၊ ဓာတ်ချောစာလိပ်စာတို့လို အသေးစိတ်တွေ မေးတာပေါ့ဗျာ။

အားလုံးပြီးတာနဲ့ နီးစပ်ရာဘဏ်ခွဲတစ်ခုမှာ ကတ်အသစ် သွားထုတ်လို့ရပါပြီလို့ ဖုန်းထဲကပြန်ဖြေပါတယ်။ ဒါနဲ့ ကျွန်တော်လည်း အဲဒီနေရာနဲ့ သိပ်မဝေးလှတဲ့ ဘဏ်ခွဲတစ်ခုကိုသွားလိုက်တော့ ကတ်ပြားအသစ် ပြန်ရလာတယ်။ ကျွန်တော် ပျာသွားချိန်က စတင်ရေတွက်ရင် တစ်နာရီမပြည့်ခင် အတောအတွင်းမှာ ပြန်ရခဲ့တာပါ။ အဲဒီအတွေ့အကြုံကို ပြန်ပြောပြပြီး စိတ်ညစ်နေရှာတဲ့ ကျွန်တော့်အိမ်သူကို မညစ်ဖို့အားပေးရတယ်။ စာအုပ်သာ ပျောက်နေတာ လက်ထဲမှာ ကတ်ပြားလည်းရှိနေတာမို့ တကယ်က ဘာမှ အခက်အခဲမရှိပါဘူး။

ဘန်ကောက်ရောက်တော့ ငွေစာရင်းလက်ကျန်ကြည့်ချင်လည်း အဲဒီကတ်ပြားကို စက်ထဲကောက်ထိုးပြီး စစ်လိုက်တာပဲ။ ငွေလိုတော့လည်း ကတ်ပြားပြပြီး သုံးလိုက်တာပါပဲ။ သို့ပေမယ့် ငွေစာရင်းစာအုပ်ကလေးကတော့ အစားပြန်ထုတ်ထားမှ တန်ကာကျမယ်ဆိုပြီး ကုန်တိုက်ကြီးတစ်ခုအောက်က ဘဏ်ခွဲမှာ စုံစမ်းလိုက်တယ်။ ဟုတ်ကဲ့၊ ငွေစာရင်းစာအုပ် ပျောက်ဆုံးကြောင်း ရဲထောက်ခံစာရယ်၊ ကျွန်တော့်နိုင်ငံကူးလက်မှတ်ရယ်နဲ့အတူ မူလစာရင်းဖွင့်ခဲ့ရာဘဏ်ကို သွားလိုက်ပါတဲ့။

## ကြိုဆိုပါ၏တဲ့

အဲဗျာ- ရဲထောက်ခံစာဆိုပါလား။ ရဲဌာန သွားရတော့မှာပေါ့။ ကံကောင်းချင်တော့ သည်တစ်ခေါက်မှာ ကျွန်တော်တို့နဲ့အတူ တစ်ချိန်လုံးရှိနေတဲ့ ငယ်သူငယ်ချင်းက ဘန်ကောက်မှာ ဆယ်နှစ်မကနေခဲ့တဲ့သူ။ ဘန်ကောက်မှာတင်ပဲ ကိုယ်ပိုင်ကွန်ဒိုတိုက်ခန်းလည်းရှိတာမို့ သည်တစ်ခေါက် သူ့တိုက်ခန်းမှာပဲ နေနေကြတာ။ သူက ထိုင်းစကားတတ်တယ်။ သူ့အကူအညီနဲ့ အဲဒီ တိုက်ခန်းရှိရာ ရပ်ကွက်ထဲက ရဲဌာနကို သွားကြပါတယ်။ မြန်မာလိုဆိုရင်တော့ မြို့နယ်ရဲစခန်းဖြစ်မှာပေါ့။

ရဲဌာနအဝင်မှာ 'ကြိုဆိုပါ၏'ဆိုတဲ့ စာတန်းကို အင်္ဂလိပ်၊ ထိုင်း နှစ်ဘာသာနဲ့ ရေးထားပါတယ်။ ပရိဝုဏ်တစ်ခုလုံးက သန့်လို့ ပြန့်လို့ရယ်။ အမှိုက်တစ်စ၊ ကွမ်းတံတွေးတစ်စက်မရှိသလို အနံ့အသက်ကလည်းကောင်းတယ်။ အတွင်းခန်းတွေမှာ လေအေးစက်တွေ အပြည့်တပ်ထားတာမို့ အေးစိမ့်နေတယ်။ ဝင်သွားလိုက်တော့ စားပွဲတွေနောက်မှာ၊ စားပွဲတင်ကွန်ပျူတာတွေရဲ့ နောက်မှာ၊ အလုပ်လုပ်နေတဲ့ ရဲငါးယောက်လောက်တွေ့ရတယ်။ သူတို့ စားပွဲတွေမှာ အမှတ်စဉ်လေးတွေ ထိုးထားတယ်။ သူတို့ စားပွဲရှေ့မှာတော့ အရပ်သားတွေ။ တချို့ အရပ်သားတွေက ထိုင်စောင့်ဖို့ အသင့်ချပေးထားတဲ့ ထိုင်ခုံတန်းတွေမှာ ထိုင်နေကြတယ်။ အဲလိုစောင့်နေသူကလည်း ၆ ယောက်၊ ၇ ယောက်။

ကျွန်တော်တို့ ဝင်သွားချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ အတွင်းခန်းထဲကထွက်လာတဲ့ အရာရှိနဲ့တိုးတယ်။ ကျွန်တော်တို့ရုပ်တွေက သူတို့ ထိုင်းနဲ့ ခပ်ဆင်ဆင်တွေဆိုတော့ သူက ထိုင်းလိုမေးတယ်။ သူ့ပုံက ပြုံးပြုံးရွှင်ရွှင်၊ ဖော်ဖော်ရွေရွေ။ ပခုံးမှာ ကြယ်သုံးပွင့်ဆိုတော့ မြန်မာလိုဆို ရဲအုပ်ဖြစ်မယ်ထင်တယ်။ သူငယ်ချင်းနဲ့ အပြန်အလှန်ပြောကြပြီး သီးသန့်ခန်းထဲခေါ်သွားတယ်။ အဲဒီမှာ သူတို့နှစ်ယောက် ဆက်ပြောကြတယ်။ အရေးထဲ သူငယ်ချင်းက စာအုပ်ကို ထိုင်းလိုဘယ်လိုပြောရမလဲဆိုတာမေ့နေတယ်။ ဘုတ်အုပ်ပေါ့။ အဲဒီစကားလုံးကို သူငယ်ချင်းက ဘိုလိုပြောတယ်။ ဟိုကနားလည်တယ်။ ဒါနဲ့ ၂ မိနစ်လောက်ပြောဆိုပြီး ကျွန်တော်တို့ကို နောက်အခန်းတစ်ခန်းဆီပို့တယ်။ အဲဒီအခန်းက ပျောက်ဆုံးပစ္စည်းသတင်းပို့ရန်ဆိုပြီး အင်္ဂလိပ်လိုရေးထားတာပဲ။

## အချိန်၊ ငွေ သက်သက်သာသာ၊ ပျူပျူငှာငှာ၊ ဖွယ်ဖွယ်ရာရာ

စားပွဲတစ်လုံးမှာထိုင်နေတဲ့ ရဲတပ်ကြပ်ကြီးကို စောစောက အရာရှိက ထိုင်းလိုပြောလိုက်တော့ ရဲတပ်ကြပ်က ချက်ချင်းလုပ်ပေးပါတယ်။ သူ့ရှေ့မှာ ကွန်ပျူတာနဲ့။ စာရိုက်ဖို့ ခလုတ်ခုံကို ကျွန်တော့်ဆီတွန်းပေးပြီး ကျွန်တော့်နာမည် ရိုက်ထည့်ခိုင်းတယ်။ ကျွန်တော်လည်း ရိုက်ပေးလိုက်ပါတယ်။ ကျွန်တော့် ငွေစာရင်းအမှတ်တောင်းတော့ ကျွန်တော့်သူငယ်ချင်းကို ငွေစာရင်းအမှတ်ပြလိုက်တယ်။ သူငယ်ချင်းက ထိုင်းဘာသာနဲ့ ဂဏန်းတွေရွတ်ပြတယ်။ ကျွန်တော်တည်းခိုရာ လိပ်စာမေးတယ်၊ သူငယ်ချင်းက ထိုင်းလိုပြောတယ်။ ဖုန်းနံပါတ်တောင်းတယ်၊ သူငယ်ချင်းက သူ့ဖုန်းနံပါတ်ပဲရွတ်ပြတယ်။ ရဲတပ်ကြပ်ကြီးက အဲဒီနောက် ဘာမှမမေးတော့ဘူး။ သူ့ကွန်ပျူတာကိုပဲ တဂျောက်ဂျောက်နှိပ်နေတယ်။

သဘောပေါက်လိုက်တယ်။ ကျွန်တော်တို့ဆီမှာ တလောတုန်းက အသံကျယ်သွားခဲ့ဖူးတဲ့ ဆင်ဂယ်(လ်) ဝင်းဒိုး (တစ်ပေါက်တည်းသော ပြတင်းလို့ တင်စားထားတဲ့ နိုင်ငံတွင်းက ဌာနပေါင်းစုံနဲ့ အထင်ကရအဖွဲ့အစည်းပေါင်းစုံကိုဝင်ကြည့်နိုင်၊ တိုက်ဆိုင်စစ်ဆေးနိုင်တဲ့ ကွန်ပျူတာကွန်ရက်) စနစ်ကို သူတို့ကျင့်သုံးနေတာ။ ကျွန်တော့်နာမည် ရိုက်ထည့်လိုက်တာနဲ့၊ ကျွန်တော့်နာမည်ကလည်း ဆင်တူအလွန်ရှားတဲ့နာမည်ဖြစ်နေတော့ သူ့ဆီမှာ ကျွန်တော့် နိုင်ငံကူးလက်မှတ်အမှတ်တွေ၊ ဘန်ကောက်ရောက်တဲ့ နေ့စွဲ၊ ပြည်ဝင်ခွင့်အမှတ်စတာတွေ တန်းခနဲပေါ်နေမှာဖြစ်သလို ငွေစာရင်းအမှတ်လည်းရပြီဆိုတော့ ဘဏ်မှာ ကျွန်တော့်စာရင်းရှိ၊ မရှိလည်း ချက်ချင်းတန်းသိနိုင်နေမှာသေချာတယ်။

မိနစ်ပိုင်းလေးပဲ ကြာတယ်။ သူ့ဘေးက ပုံနှိပ်စက်ထဲကနေ စာတစ်ရွက်ထွက်လာတယ်။ သူ့လက်မှတ်အရင်ထိုးတယ်။ ပြီးတော့ ကျွန်တော့်ကို ထိုးပေးတယ်။ လက်မှတ်ထိုးရမယ့်နေရာကိုပြပြီး ကျွန်တော့်ကို လက်မှတ်ထိုးခိုင်းတယ်။ ပြီးတော့ စာရွက်ထိပ်မှာ ဌာနတံဆိပ်တုံးနှိပ်တယ်။ ဆယ်ဘတ် (မြန်မာငွေကျပ် ၃၈၀ လောက်) ကျတယ်တဲ့။ ပိုက်ဆံထုတ်ပေးလိုက်တယ်။ နှစ်ဆယ်တန်။ ငါးဘတ်စေ့ နှစ်စေ့ပြန်အမ်းတယ်။ ယူလိုက်တယ်။ ကိစ္စပြီးပြီ။ အားလုံးစုစုပေါင်း ၁၀ မိနစ်လောက်အကြာမှာ ကျွန်တော်တို့လည်း ရဲဌာနထဲက ပြန်ထွက်လာနိုင်ခဲ့ပါတယ်။

အဆင်ပြေလိုက်တာ၊ လွယ်ကူလိုက်တာဆိုပြီး ကျွန်တော် သဘောတွေကျနေတယ်။ ကျွန်တော်တို့သည် ပြစ်မှုကျူးလွန်သူတွေ၊ ဒါမှမဟုတ်လည်း ပြစ်မှုကျူးလွန်ထားတယ်လို့ သံသယအဖြစ်ခံနေရသူတွေ မဟုတ်ဘူး။ ရဲဆီက အကူအညီကို လိုအပ်နေတဲ့ သာမန်အရပ်သားတွေသာ ဖြစ်ပါတယ်။ အဲဒါကို သူတို့ကလည်း လူလူချင်း လေးလေးစားစား၊ ပျူပျူငှာငှာ၊ ဖော်ဖော်ရွေရွေ၊ ပြုံးပြုံးရွှင်ရွှင်ပဲ ကူညီပေးခဲ့ကြပါတယ်။ သည်မောင်တွေရဲ့ မျက်နှာထားတွေကို ကျွန်တော်မြင်ခဲ့ရတယ်။ ဘယ်မျက်ခွက်မှ မသယ်နိုင် မပိုးနိုင်၊ သူကပဲ တစ်ကမ္ဘာလုံးကို တင်ကျွေးထားရသလိုလို မျက်နှာပေးမျိုးတွေ မရှိကြဘူး။ အားလုံးက ပြုံးမနေကြသည့်တိုင် ကိုယ့်အလုပ် ကိုယ်လုပ်နေတာတောင်မှ ပျော့ပြောင်းတဲ့ မျက်နှာတွေနဲ့။

## လုပ်ခနဲ့ လုပ်ရပ် အချိုးကျရဲ့လား

တစ်ခါတုန်းက ရဲဝတ်စုံဝတ်ပုဂ္ဂိုလ်တစ်ယောက် မောင်းနေတဲ့ အငှားယာဉ်ကို စီးခဲ့ဖူးတယ်။ စုံစမ်းကြည့်တော့ လစာနဲ့မလောက်လို့ နားချိန်မှာ အငှားယာဉ်မောင်းနေတာတဲ့။ ဇင်းမယ် ညဈေးမှာလည်း တစ်ချိသားမှာ ရဲမေ အပါအဝင် ရဲဝတ်စုံဝတ် အကြပ်တပ်သား လေးယောက်လောက် ဂစ်တာတီး၊ သီချင်းဆိုပြီး ပိုက်ဆံခံနေတာ တွေ့ခဲ့ဖူးသေးတယ်။ ကြည့်ရတာသူတို့ ရဲတွေလည်း လခတွေ သိပ်အကောင်းကြီး ရနေကြတဲ့ပုံမပေါ်ပါဘူး။ သို့ပေမယ့် သူတို့က လူထုကို ဖော်ဖော်ရွေရွေ ကူညီတာ၊ ကျောသားရင်သားမခွဲဘဲ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်တာတော့ ကိုယ်တွေ့ကြုံလိုက်ရပါတယ်။

သူတို့ရဲအဖွဲ့ကို ထိုင်းတော်ဝင်ရဲအဖွဲ့လို့ ခေါ်တယ်။ ဝန်ကြီးချုပ်ရဲ့ တိုက်ရိုက်ကွပ်ကဲမှုအောက်မှာရှိပြီး ရဲအဖွဲ့ဝင်ပေါင်း ၂ သိန်းတစ်သောင်းနဲ့ ၂ သိန်းသုံးသောင်းကြားမှာရှိပါသတဲ့။ စည်းမျဉ်းခံဘုရင်စနစ်နဲ့ နိုင်ငံမို့ တော်ဝင်ဆိုတဲ့ ဝေါဟာရကိုအသုံးပြုထားတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့ ထိုင်းရဲတွေကတော့ တကယ့်ကိုကျေနပ်စရာကောင်းတဲ့ "ဝန်ဆောင်မှု"ကို ပေးခဲ့ကြတာကိုယ်တွေ့ပါ။ "နိုင်ငံ့ဝန်ထမ်း"ပဲခေါ်ခေါ်၊ "အစိုးရဝန်ထမ်း"ပဲခေါ်ခေါ်၊ "လူထုဝန်ထမ်း"ပဲခေါ်ခေါ်၊ "ဝန်ထမ်း"ဆိုကတည်းက "ဝန်ဆောင်မှု"ပေးနေကြသူချည်းပါပဲ။ စားသောက်ဆိုင်ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းလည်း အတူတူပါပဲ။ ထိုင်းတွေက အဲဒါကိုနားလည်တယ်။

ပြီးခဲ့တဲ့အပတ်က မေးခွန်းတွေပဲ ကျွန်တော့်ခေါင်းထဲမှာ ဆူညံနေတယ်။ ဘာတွေကွာခြားနေတာလဲ။ ဘယ်သူတွေမှာ တာဝန်ရှိသလဲ။ ဘာတွေ လုပ်လိုက်မယ်ဆိုရင် လက်ရှိ ထိုင်းအနေအထားရဲ့ လေးပုံတစ်ပုံလောက်ကို ဘယ်တော့လောက်ကျ မီလာနိုင်မလဲ စတာတွေပဲပေါ့။ စာဖတ်သူ လူကြီးမင်းများလည်း အဲဒါကို ဝိုင်းစဉ်းစားကြည့်ပေးပါလားလို့ မရဲတရဲလေးပဲ ထပ်မံမေတ္တာရပ်ခံလိုက်ချင်ပါတယ်ခင်ဗျာ။

## အရိုးခံလေးပါဗျာ

အဲ- မေ့တော့မလို့ဗျ။ ရဲဌာနထဲကထွက်လာတော့ ကျွန်တော့်အိမ်သူကရော၊ ကျွန်တော့်သူငယ်ချင်းကရော ကျွန်တော့်ကိုညှပ်ပြီး ဆူလိုက်ကြတာဗျာ။ ရစရာမရှိဘူး။ ဟိုက တစ်ဆယ်တောင်းတာကို နှစ်ဆယ်တန်ထုတ်ပေးပြီး ပြန်အမ်းတဲ့ တစ်ဆယ်ကို ယူဖြစ်အောင် ယူလာလို့တဲ့။ တကယ်ဆို ရာတန်လောက်ထုတ်ပေးပြီး ပိုတာယူလိုက်ပါလို့ ပြောခဲ့ပါတော့လားတဲ့။ နို့- သိမှ မသိတာဗျာ။ ကျွန်တော်က အရိုးခံလေးလေ။

ပြီးတော့လည်း အဲလို နှစ်ဆယ်တန်လေးထုတ်ပေး၊ ပြန်အမ်းတဲ့ တစ်ဆယ်ယူလိုက်လို့လည်း ဟိုရဲတပ်ကြပ်မျက်နှာ ပျက်မသွားပါဘူးဗျာ။ ပြေပြစ်ချောင်တဲ့ မျက်နှာနဲ့ပဲ ကျန်ရစ်တာပါလေ။

အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာရသွားလိမ့်မယ်လို့ မျှော်လင့်နေမိကြောင်းပါ ခင်ဗျား။ ။

**သူတို့ရဲအဖွဲ့ကို ထိုင်းတော်ဝင်ရဲအဖွဲ့လို့ခေါ်တယ်။ ဝန်ကြီးချုပ်ရဲ့ တိုက်ရိုက်ကွပ်ကဲမှုအောက်မှာရှိပြီး ရဲအဖွဲ့ဝင်ပေါင်း ၂ သိန်းတစ်သောင်းနဲ့ ၂ သိန်းသုံးသောင်းကြားမှာရှိပါသတဲ့။ စည်းမျဉ်းခံဘုရင်စနစ်နဲ့ နိုင်ငံမို့ တော်ဝင်ဆိုတဲ့ ဝေါဟာရကိုအသုံးပြုထားတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့ ထိုင်းရဲတွေကတော့ တကယ့်ကိုကျေနပ်စရာကောင်းတဲ့ "ဝန်ဆောင်မှု"ကို ပေးခဲ့ကြတာကိုယ်တွေ့ပါ။**

# ပိတ်ချင်းမြောင် မဟာနန္ဒမူ လိုဏ်ဂူတော်အတွင်းရှိ ရှေးဟောင်းဘုရားပုထိုးစေတီတော်များနှင့် ရှေးခေတ်ကျောက်နံရံပန်းဆွဲ၊ ပန်းခက်များကို နိုင်ငံခြားသားခရီးသွားများနှင့် ဘုရားဖူးပြည်သူများ စိတ်ဝင်စား



**ပြင်ဦးလွင် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူတော်အတွင်းရှိ ရှေးဟောင်းဘုရားပုထိုးစေတီတော်များနှင့် ရှေးခေတ်လက်ရာကျောက်နံရံပန်းဆွဲ၊ ပန်းခက်များကို နိုင်ငံခြားသားခရီးသွားများနှင့် ဘုရားဖူးပြည်သူများ စိတ်ဝင်စားသကဲ့သို့ သုံးထပ်ဆင့်ရေတံခွန်သို့ လာရောက်လေ့လာအပန်းဖြေသူများပြားကြောင်း သိရသည်။

"ကျွန်မတို့က ထိုင်းနိုင်ငံက လာရောက်ကြတာပါ။ မြန်မာနိုင်ငံရောက်ရင် ပထမအနေနဲ့ ရှေးဟောင်းဘုရားများစွာတည်ရှိနေတဲ့ ပုဂံယဉ်ကျေးမှုဒေသကို အရင်သွားပါ။ ဒုတိယအနေနဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ တည်ရှိနေတဲ့ အင်းဝမြို့ဟောင်းနဲ့ ပြင်ဦးလွင်မြို့နယ်မှာ တည်ရှိနေတဲ့ ပိတ်ချင်းမြောင် မဟာနန္ဒမူ လိုဏ်ဂူတော်အတွင်းမှာရှိတဲ့ ရှေးဟောင်းဘုရားပုထိုးစေတီတွေ၊ ရှေးဟောင်းကျောက်သားနံရံကြီးတွေနဲ့ ကျောက်သားကျောက်ခက်တွေကို သွားရောက်လေ့လာ မှတ်တမ်းတင်ပါလို့ ကျွန်မတို့ ဆွေမျိုးတွေက ပြောပြထားလို့ အခုလို ခရီးသွားကုမ္ပဏီအစီအစဉ်နဲ့ လာရောက်လေ့လာကြတာပါ။ ဒီလိုဏ်ဂူအတွင်းထဲရောက်တာနဲ့ နည်းနည်းကြောက်လာသလို ခံစားမိတယ်။ တကယ့်ကို စိတ်ဝင်စားစရာတွေ များပြားနေတာလည်း တွေ့ရပါတယ်။ ပြင်ဦးလွင်မှာရှိတဲ့ သမိုင်းဝင်နေရာတွေအားလုံးကို ကျွန်မတို့အဖွဲ့ သွားရောက်လေ့လာအပန်းဖြေပြီးရင် အင်းဝမြို့ဟောင်းအစရှိတဲ့နေရာတွေကို သွားရောက်လေ့လာသွားမှာပါ" ဟု ခရီးသွား ထိုင်းနိုင်ငံသူတစ်ဦးက ပြောသည်။

"သမီးတို့အဖွဲ့က ရန်ကုန်ကလာကြတာပါ။ ပြင်ဦးလွင်မြို့ ပန်းပွဲတော်ကိုလာရင်းနဲ့ အခုလို ပိတ်ချင်းမြောင် မဟာနန္ဒမူ လိုဏ်ဂူတော်အတွင်းက ရှေးဟောင်းဘုရားတွေနဲ့ ရှေးခေတ် ကျောက်နံရံကျောက်ပန်းခက်တွေကို လာရောက်ဖူးမြော်လေ့လာကြတာပါ။ ပြင်ဦးလွင်မြို့နယ်ကို ခဏခဏရောက်ပေမယ့် ပိတ်ချင်းမြောင်မှာရှိတဲ့ ဒီဂူဘုရားတွေကို လာရောက်ဖူးမြော်တာ ဒါပထမဆုံးပါ။ ပိတ်ချင်းမြောင် သုံးထပ်ရေတံခွန်ဟာလည်း မြန်မာနိုင်ငံမှာ မသိသူမရှိသလောက်ဆိုတော့ သွားဖူးတယ်ရှိအောင် လာကြတာပါ။ ပိတ်ချင်းမြောင်မှာ မဟာနန္ဒမူ လိုဏ်ဂူထဲဝင်ရင် ကင်မရာကိုင်ဆောင်သူ မှန်သမျှ အခွန်ပေးဆောင်ပြီးမှ ဓာတ်ပုံရိုက်လို့ရတာတော့ မဖြစ်သင့်ဘူးလို့ ထင်ပါတယ်။ အများပြည်သူ ဘုရားဖူးလေ့လာသူမှန်သမျှ မိမိတို့ လာရောက်တဲ့ ရှုခင်းတွေ၊ ရှေးဟောင်းနေရာတွေကို မှတ်တမ်းဓာတ်ပုံတော့ ရိုက်ကြမှာပါ။ ဒါကို ကင်မရာခွန်ပေးဆောင်ပြီး ရိုက်ရတာဟာ မဖြစ်သင့်ပါဘူး"ဟု ရန်ကုန်မြို့မှ လာရောက်လေ့လာသူ မီဒီယာတစ်ဦးက ဆိုသည်။

ပိတ်ချင်းမြောင် မဟာနန္ဒမူ လိုဏ်ဂူတော်ကြီးနှင့် သုံးထပ်ဆင့်ရေတံခွန်ကို နှစ်စဉ် နိုင်ငံခြားသားခရီးသွားများ၊ ဘုရားဖူးပြည်သူများ မပြတ်လာရောက်အပန်းဖြေလေ့လာကြသကဲ့သို့ သုံးထပ်ဆင့် ရေတံခွန်ကြီးတွင်လည်း ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**




# ရင်ပြင်တော်နှင့် အနီးဆုံးနေရာအထိ လမ်းပေါက်နေပြီဖြစ်သောကြောင့် အလောင်းတော်ကဿပသို့ ဘုရားဖူးများ စတင်တက်ရောက်လျက်ရှိ

**မုံရွာ ဒီဇင်ဘာ ၃၀**

အလောင်းတော်ကဿပ ဘုရားဖူးရာသီလမ်းသည် ဘုရားဝန်းကျင်နှင့် အနီးဆုံးနေရာအထိ လမ်းဖောက်လုပ်မှု ပြီးစီးနေပြီဖြစ်သည့်အတွက် မုံရွာမြို့ အခြေစိုက်၍ အလောင်းတော်ကဿပသွား လိုင်းကားသင်းများအနေဖြင့် ဒီဇင်ဘာ ၂၈ ရက်မှစ၍ ခရီးစဉ်များ စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း ဦးညိုဝင်း မုံရွာ-အလောင်းတော်ကဿပပြေး ကားအသင်းပိုင် ဦးညိုဝင်းထံမှ သိရသည်။

"အလောင်းတော်ကဿပကို မုံရွာကနေ ဒီနေ့မနက်မှာပဲ စတင်ပြေးဆွဲနိုင်တဲ့အတွက် ကိုယ်ပိုင်ကားသင်းအနေနဲ့ အန်ဇာတုံးကားအပါအဝင် ကားစုံ ကိုးစင်း စတင်ပြေးဆွဲနေပါပြီ။ ဘုရားဖူးခရီးသွားတစ်ဦးကို အလောင်းတော်ကဿပ အသွားအပြန် ကျပ် တစ်သောင်းခွဲနဲ့ ပြေးဆွဲပေးနေတာပါ။ များသောအားဖြင့် ၁၅ ယောက်ဆံ့ အန်ဇာတုံးမှန်လုံကားတွေနဲ့ သက်သာအောင် ပြေးဆွဲပေးနေတာပါ။ ပြီးခဲ့တဲ့နှစ်က မုံရွာ-အလောင်းတော်ကဿပပြေး ယာဉ်လိုင်း ၅ လိုင်းရှိရာကနေ ဒီနှစ် ရှစ်သင်းထိ ပြေးဆွဲကြမှာဖြစ်ပါတယ်။ အလောင်းတော်ကဿပ ဘုရားရင်ပြင်သန့်ရှင်းရေးလုပ်မယ့် အဖွဲ့တွေကတော့ အစောပိုင်းကာလတွေထဲက တက်သွားပြီး ခရီးသည်တွေ အဆင်ပြေစေဖို့ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ဒီနှစ်အလောင်းတော်ကဿပကို သွားလို့ရတာ တစ်ပတ်နောက်ကျပါတယ်။ ပြီးခဲ့တဲ့နှစ်က ဒီဇင်ဘာ ၂၂ ရက်ကတည်းက သွားလို့ရခဲ့ပေမယ့် ဒီနှစ် လမ်းထိုးလမ်းရှင်းတာ နောက်ကျတဲ့အတွက် တစ်ပတ်နောက်ကျပြီးမှ သွားလို့ရတဲ့အနေအထားဖြစ်ပါတယ်"ဟု ဦးညိုဝင်းက ပြောပြသည်။

အလောင်းတော်ကဿပသို့ ကျန်ဘုရားဖူးခရီးစဉ်များနှင့်အတူ လာရောက်ကြသော ဘုရားဖူးမှန်လုံကားကြီးများသည် မုံရွာမြို့သို့ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၅ ရက်ဝန်းကျင်ကတည်းက လာရောက်ခြင်းများ ရှိသော်လည်း ရာသီလမ်းမှာ သွားလာ၍မရသေးသည့်အတွက် မုံရွာဝန်းကျင်ရှိ အခြားဘုရားဖူးနေရာများသို့သာ လေ့လာသွားရောက်ခဲ့ကြရပြီး ၂၇ ရက် ညနေပိုင်းက ရောက်လာသော မှန်လုံယာဉ်ကြီးများအနေဖြင့် အလောင်းတော်ကဿပသို့ သွားရောက်ခွင့်ရရှိပြီဖြစ်သည့်အတွက် မုံရွာမြို့တွင် ကားကြီးများ ရပ်နားကာ မုံရွာ-အလောင်းတော်ကဿပပြေးယာဉ်လိုင်းများဖြင့် ချိတ်ဆက်သွားလာနေကြပြီဖြစ်ကြောင်း သိရသည်။ အလောင်းတော်ကဿပသို့ သွားရောက်ကြရာတွင် အနယ်နယ်အရပ်ရပ်မှ မုံရွာသို့လာကာ မုံရွာမှတစ်ဆင့် သွားသည်များရှိသလို ကပိုင်ကျေးရွာသို့ အရောက်သွားကာ ထိုမှတစ်ဆင့် ပြေးဆွဲသောကားဖြင့် သွားရောက်သည်များရှိကြောင်း သိရသည်။

မော်တော်ယာဉ်လိုင်းများအနေဖြင့် ဒီဇင်ဘာ ၂၈ ရက်မှ ပြေးဆွဲခွင့်ရကြသော်လည်း ကပိုင်ကျေးရွာမှ အလောင်းတော်ကဿပအထိ အသွား၊ အပြန် ငွေကျပ် ၂၅၀၀၀ ဖြင့် ပြေးဆွဲစီးပွားရှာနေသည်မှာ ဒီဇင်ဘာ ဒုတိယပတ်ခန့်မှ စတင်နေကြောင်း ဦးညိုဝင်းထံမှ သိရသည်။ အလောင်းတော်ကဿပသို့ တက်ရောက်ကာ နှစ်စဉ် ဈေးဆိုင်တည်ရောင်းချကြသော ဈေးသည်များအနေဖြင့်လည်း ဒီဇင်ဘာ ၂၈ ရက် ကားပြေးဆွဲခွင့်ရမှသာ တက်ရောက်သွားကြကြောင်း သိရသလို တက်ရောက်၍ ရရှိပြီဟုသိရှိသူများအနေဖြင့် လာရောက်ရန် ကားလက်မှတ် ကြိုတင်ဖြတ်ခြင်းများ များပြားလာကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# ယခုနှစ် ပြင်ဦးလွင်ပန်းပွဲတော် ယခင်နှစ်လောက် စည်ကားမှုမရှိဟုဆို

**ပြင်ဦးလွင် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ပန်းပွဲတော်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (၁၀)နှစ်ပြည့်ပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက်မှ ဇန်နဝါရီ ၁၅ ရက်အထိ တစ်လ ခင်းကျင်းပြသလျက်ရှိပြီး ယခုနှစ်သည် ယခင်နှစ်လောက် စည်ကားမှုမရှိကြောင်း လာရောက်အပန်းဖြေလေ့လာသူများက ဆိုသည်။

"ကျွန်တော်တို့ မိသားစုက အမေရိကန်နိုင်ငံက လာရောက်ကြတာပါ။ ပြင်ဦးလွင် ပန်းပွဲတော်ကို လာရောက်လေ့လာတာဆိုရင် ဒီနှစ်နဲ့ဆို ခြောက်နှစ်ရှိပါပြီ။ ယခုနှစ်ဟာ ယခင်နှစ်လောက် စည်ကားမှုမရှိဘူးလို့ ထင်ပါတယ်"ဟု လာရောက်အပန်းဖြေလေ့လာသူ ခရီးသွားနိုင်ငံခြားသားတစ်ဦးက ဆိုသည်။

"ကျွန်မတို့ ပြင်ဦးလွင်ပန်းပွဲတော်ကို ယခင်နှစ်ကလည်း ရောက်ပါတယ်။ အရင်နှစ်ကဆိုရင် ပန်းပွဲတော်ထဲရောက်တာနဲ့ စိတ်ထဲမှာ တအားပျော်ရွှင်နေမိတယ်။ ယခုနှစ်တော့ ပန်းပွဲတော်ကိုလာဖို့ အမျိုးသားကန်တော်ကြီးဥယျာဉ် အဝင်မှာထဲက အဆင်မပြေ ဖြစ်ပါတယ်။ ပန်းပွဲတော်ကို လာရောက်ကြတဲ့ ယာဉ်တွေအတွက် ရပ်စရာနေရာကမရှိ။ နောက်ပြီး ဥယျာဉ်ဝင်ကြေး အနေနဲ့ လူတစ်ဦး ကျပ် ၁၀၀၀၊ ယာဉ်တစ်စီး ဝင်ကြေး ကျပ် ၅၀၀ ပေးဆောင်ပြီးဝင်ရပေမယ့် ယာဉ်ရပ်စရာ နေရာကမရှိဘူး။ ဒါကြောင့် အဆင်မပြေဘူး။ ဒီ့အပြင် ပန်းပွဲတော်ရောက်ပြန်တော့လည်း ယခုနှစ်ပြသအလှဆင်ထားတဲ့ ပန်းအလှတွေဟာ ယခင်နှစ်လောက် မလှဘူးလို့ ထင်ပါတယ်။ လာရောက်လေ့လာသူတွေလည်း နည်းပါးတာ တွေ့မြင်ရပါတယ်"ဟု ပန်းပွဲတော်သို့ လာရောက်အပန်းဖြေလေ့လာသူတစ်ဦးက ပြောသည်။

ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်ကို ၁၉၂၄ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၏ ပန်းပွဲတော်ပြုလုပ်ခြင်း (၁၀) နှစ်ပြည့်ကို ယခုအခါ ပြသလျက်ရှိပြီး ပြသထားသော ပန်းပင်ပျိုးပင်များ ညှိုးနွမ်းသည်အထိ ပြသမည်ဖြစ်ပြီး ယခုနှစ်သည် ယခင်နှစ်လောက် စည်ကားမှုမရှိကြောင်း ဒေသခံများထံမှ သိရသည်။ **ကျော်ကျော်(မလှိုင်)**



**ပညာလိုသော် မပျင်းနှင့်၊ ဥစ္စာလိုသော် မငြင်းနှင့်**

# နှစ်(၅၀)ပြည့် ရွှေရတုပွဲတော် ဖွင့်ပွဲအခမ်းအနား မုံရွာမြို့ အထက(၃)တွင် ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းဝင်းအတွင်းကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း/ခရိုင်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို ထူးချွန်ကျောင်းသား ကျောင်းသူသုံးဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီးရွှေရတုအထိမ်းအမှတ်မော်ကွန်းမှတ်တိုင်ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် တိုင်းဒေသကြီးပညာရေးဌာနမှ တာဝန်ရှိသူများ၊ အငြိမ်းစားဆရာကြီးများနှင့် ဧည့်သည်တော်များကအမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

ထို့နောက် တက်ရောက်လာကြသောဧည့်ပရိသတ်များအား ဆဋ္ဌမတန်းကျောင်းသား ကျောင်းသူလေးများက ဘင်ခရာ၊ ပန်းပွားဖြင့် သရုပ်ပြဖျော်ဖြေခဲ့ကြပြီး အငြိမ်းစားဆရာကြီး ဆရာမကြီးများက ရွှေရတုအထိမ်းအမှတ်ဝမ်းမြောက်ဂုဏ်ယူ ဩဝါဒစကားများ အသီးသီးပြောကြားရာ ကျောင်းသားဟောင်းများကိုယ်စား ကိုအောင်သူရကလည်းကောင်း၊ ကျောင်းသူဟောင်းများကိုယ်စား ဒေါ်ခင်နွဲ့ရည်ကလည်းကောင်း ကျေးဇူးတင်စကားများပြန်လည်ပြောကြားခဲ့ကြကာအခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

မုံရွာမြို့ အထက(၃)ကျောင်းကို ၁၉၆၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီးယနေ့တွင် နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ်အဖြစ် ဖွင့်ပွဲအခမ်းအနားနှင့်အတူ ကျောင်းတွင်းပန်းချီပြိုင်ပွဲများကျင်းပပြီး တက်ရောက်လာကြသည့် ဆရာကြီး ဆရာမကြီးများနှင့် ဧည့်ပရိသတ်များအား ကျောင်းသား ကျောင်းသူဟောင်းများ(၈၆-၈၇)မှ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။ ရွှေရတုအထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဈေးရောင်းပွဲတော်နှင့် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား တပည့်ကျောင်းသား ကျောင်းသူဟောင်းများက ဂါရဝပြုမြတ်ဆရာပူဇော်ကန်တော့ခြင်း အခမ်းအနားကိုလည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**ဖိုးချမ်း(မုံရွာ)**



## တောင်သူများ လှည့်လည်ဆန္ဒဖော်ထုတ်

**ကံမ ဒီဇင်ဘာ ၃၀**
သရက်ခရိုင် ကံမမြို့နယ်အုတ်သျှစ်ချိုကျေးရွာအုပ်စု ရွှေတောကျေးရွာမှ တောင်သူဦးမောင်လွင်ဦးဆောင်၍ အင်အား ၁၅၀ ခန့်သည် တောင်သူများ၏ မူလအခြေခံရပိုင်ခွင့်များ မဆုံးရှုံးစေရေးအတွက် ရည်ရွယ်၍ ခွင့်ပြုချက်တောင်းခံကာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းများကို ဒီဇင်ဘာ ၂၆ ရက်နံနက် ၉ နာရီမှ ၁၁ နာရီခွဲအထိ လှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြောင်းသိရသည်။

ဦးမောင်လွင်နှင့်အင်အား ၁၅၀ ခန့်သည် ကံမမြို့အမှတ်(၂)ရပ်ကွက် မြို့နယ်ဘောလုံးအားကစားကွင်းတွင် စတင်စုဝေးပြီး လုပ်ပိုင်ခွင့်ကိုအကာအကွယ်ပေးရေး၊ လယ်ယာမြေဥပဒေ ဖိုးမိုးရေး၊ တရားဥပဒေ၏အကာအကွယ်ရရှိရေးစသည့်ပိုစတာများကို ကိုင်ဆောင်ကာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ကြသည်။

**မေသူလွင်**

# နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ချင်းတိုင်းရင်းသား ဗိုလ်ဆွန်ပက်၏ ပုံတူပန်းပု ထုလုပ်ပြီးစီး

**ဖလမ်း ဒီဇင်ဘာ ၃၀**
မြန်မာ့သမိုင်းတွင် ဗြိတိသျှနယ်ချဲ့တော်လှန်ရေးခေါင်းဆောင်တစ်ဦးအဖြစ် ကျော်ကြားခဲ့သည့် ချင်းအမျိုးသားခေါင်းဆောင် ဗိုလ်ကြွန်ဘိခ် (ဗိုလ်ဆွန်ပက်) ၏ ပုံတူပန်းပုရုပ်တုအား ထုလုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"လူတွေရဲ့စိတ်ထဲမှာ ဗိုလ်ကြွန်ဘိခ်ဆိုတာကို တွေ့မြင်နိုင်အောင်ဖြစ်ပြီး ရန်ကုန်မြို့လယ်ခေါင် လမ်း ၃၀ နဲ့ ၃၁ လမ်းကြား ဗိုလ်ဆွန်ပက်လမ်းဟာလည်း ချင်းအမျိုးသား နယ်ချဲ့တော်လှန်ရေးသူရဲကောင်း ဗိုလ်ကြွန်ဘိခ် (ဗိုလ်ဆွန်ပက်) ကို ဂုဏ်ပြုတဲ့အနေနဲ့ သမုတ်ခေါ်ဝေါ်ခဲ့ခြင်းဖြစ်တာကို လူအများသတိမူစေဖို့ ရည်ရွယ်ချက်နဲ့ အခုလိုပုံတူပန်းပုရုပ်တု ထုလုပ်ခိုင်းရခြင်းဖြစ်ပါတယ်။



ရုပ်တုတည်မယ့်နေရာလည်း မသေချာသေးပါဘူး။ ဖလမ်းမြို့လယ်ခေါင်တစ်နေရာရာမှာထားရှိဖို့ စိတ်ကူးထားပေမယ့် အဆင်မပြေရင်တော့ ဗိုလ်ကြွန်ဘိခ်ရဲ့ မွေးရပ်ဇာတိဖြစ်တဲ့ တာရွှန်းကျေးရွာမှာပဲ တည်ဖြစ်မှာပါ" ဟု စီစဉ်သူတစ်ဦးဖြစ်သည့် ဆလိုင်းဗန်ကျုံးလျန်က ပြောသည်။

အဆိုပါပန်းပုရုပ်တုသည် အမြင့် ၂၈ လက်မ နှင့် ရင်ဘတ်အကျယ် ၁၆ ဒသမ ၅ လက်မရှိပြီး ယင်းရုပ်တုကို မြန်မာနိုင်ငံနယ်ပယ်အသီးသီးမှ အောင်မြင်ကျော်ကြားသည့် လူပုဂ္ဂိုလ်များ၏ ပုံတူပန်းပုရုပ်တုများကို ထုလုပ်လေ့ရှိသော ပန်းပုဆရာကျော်ကျော်မင်းက ၁၉၀၀ ပြည့်နှစ်က ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံအား ကြည့်ရှု၍ အကောင်းဆုံး၊ အတတ်နိုင်ဆုံးဖြစ်အောင် ထုလုပ်ထားခြင်းဖြစ်ရာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီတွင် ပြုလုပ်မည့် ဖလမ်းမြို့တည် ၁၂၅ နှစ်ပြည့်ပွဲတော်ပြခန်းတွင်လည်း လူအများကြည့်ရှုနိုင်ရန် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇိုဟေဆာ**

# ရေဝေ-သဖန်းချောင်းလမ်းပေါ်ရှိ ရေကျော်လမ်းပျက်စီးမှု ပြုပြင်ဆောင်ရွက်ရန်လိုအပ်

**မိတ္ထီလာ ဒီဇင်ဘာ ၃၀**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကြွယ်ကန်ကျေးရွာအနီး မိတ္ထီလာမြို့နယ်အတွင်းမှ ရေဝေကျေးရွာနှင့် ပျော်ဘွယ်မြို့နယ်အတွင်းမှ သဖန်းချောင်းကျေးရွာတို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ရေဝေ-သဖန်းချောင်းလမ်းပေါ်ရှိ ရေကျော်လမ်း ပျက်စီးလျက်ရှိရာ ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"ရေဝေ-သဖန်းချောင်းလမ်းကို ကတ္တရာလမ်းအဖြစ် လွန်ခဲ့တဲ့သုံးနှစ်ခန့်က ဖောက်လုပ်ခဲ့တာပါ။ ဒီလမ်းပေါ်ကနေ ပျော်ဘွယ်မြို့နယ်အတွင်းက ကျေးရွာများနဲ့ မိတ္ထီလာမြို့နယ်က ကျေးရွာများ အပြန်အလှန်ဖြတ်သန်းအသုံးပြုပြီး ကျေးရွာထွက်ကုန်တွေကို ဟိုဘက်မြို့နဲ့ ဒီဘက်မြို့ ရောင်းဝယ်ဖောက်ကားကြတာမို့ ဒီလမ်းက ကျေးရွာတွေအတွက် အများကြီးအကျိုးပြုပါတယ်။

ပြီးခဲ့တဲ့ မိုးတွင်းကာလတုန်းကမှ ကြွယ်ကန်ကျေးရွာအနီးက ရေဝေ-သဖန်းချောင်းလမ်းပေါ်က ရေကျော်လမ်းပျက်စီးပြိုကျမှုဖြစ်ပေါ်ခဲ့တာပါ။ နေ့ခင်းဘက်သွားလာတဲ့ယာဉ်တွေ အနေနဲ့ မြင်မြင်ထင်ထင်မို့ ပြဿနာသိပ်မရှိလှပေမယ့် ညဘက်ဆိုရင် အန္တရာယ်များတယ်"ဟု ကြွယ်ကန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခင်မောင်ရှိန်က ပြောသည်။

ယင်း ရေဝေ-သဖန်းချောင်း ကတ္တရာလမ်းပေါ်မှ ဖြတ်သန်း၍ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးရွာထွက်ကုန်များကို မိတ္ထီလာမြို့နယ် ရေဝေကျေးရွာဈေးသို့ လာရောက်ရောင်းချခြင်း၊ မိတ္ထီလာဒေသထွက်ကုန်များကို ရေဝေကျေးရွာဈေးမှ ပြန်လည်ဝယ်ယူခြင်းများကို ဆောင်ရွက်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ၆၆/၁၁ကေဗွီ၊ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံသစ်မှ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်

**ညောင်ဦး ဒီဇင်ဘာ ၃၀**
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း လျှပ်စစ်ဓာတ်အားရရှိသောနေရာများတွင် ဓာတ်အားပိုမိုသုံးစွဲနိုင်ရေးနှင့် ဓာတ်အားမရရှိသေးသော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများကို ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေးအတွက် ဓာတ်အားပို့လွှတ်ရေးလိုင်းများနှင့် ခွဲရုံများကို တိုးချဲ့တည်ဆောက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သစ်ထောင့်ကျေးရွာအနီးတွင် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ အသစ်တစ်ရုံတည်ဆောက်ပြီးခဲ့ပြီး ဒီဇင်ဘာ ၂၄ ရက်မှ စတင်၍ ပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားပို့လွှတ်နိုင်ခဲ့ကြောင်း သိရသည်။

ဓာတ်အားစတင်ဖြန့်ဖြူးသည့် ဒီဇင်ဘာ ၂၄ ရက်တွင် ကျေးရွာပေါင်း ၁၀ ရွာ၊ အိမ်ခြေ ၁၄၀၀၊ အိမ်ထောင်စု ၁၅၀၀၊ လူဦးရေ ၇၀၀၀ ကျော်တို့ လျှပ်စစ်မီးရရှိခံစားနေရပြီဖြစ်သည်။

ယင်းသို့ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးခဲ့ခြင်းကြောင့် ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ကျေးရွာအုပ်စုအပါအဝင် ကျေးရွာပေါင်း ၂၉ ရွာ၊ အိမ်ခြေ ၄၄၉၇ အိမ်၊ အိမ်ထောင်စု ၄၆၅၃ စု၊ လူဦးရေစုစုပေါင်း ၂၀၁၃၄ ဦးတို့ကို မကြာမီကာလအတွင်း လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။

အဆိုပါ ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းအတွက် ငွေကျပ် ၅၃၈ ဒသမ ၄၄၃ သန်း၊ ၆၆/၁၁ ကေဗွီဓာတ်အားလိုင်း ပေ ၂၉၀၀ တည်ဆောက်ခြင်းအတွက် ငွေကျပ် ၁၄ ဒသမ ၃၆၇ သန်း၊ ၁၁ကေဗွီ ဓာတ်အားလိုင်း ၁၄ မိုင်တည်ဆောက်ခြင်းအတွက် ငွေကျပ် ၂၃၄ ဒသမ ၈၇၄သန်း စုစုပေါင်း ငွေကျပ် ၇၈၇ ဒသမ ၆၈၄ သန်းကို နိုင်ငံတော်မှ အကုန်ကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရှေးဟောင်းစေတီပုထိုး၊ အဆောက်အအုံများ၊ ဟိုတယ်ဇုန်များနှင့် ရပ်ကွက်၊ ကျေးရွာများသို့ ၆၆/၁၁ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ၊ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံလေးရုံတို့ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ယခုအခါ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ ထပ်တိုးတည်ဆောက်ပြီးစီးခဲ့ခြင်းကြောင့် လျှပ်စစ်ဓာတ်အားကို ဗို့အားတည်ငြိမ်စွာဖြင့် တိုးတက်ဖြန့်ဖြူးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# အခြေခံသဘာဝသီးနှံစားသောက်ကုန် သင်တန်းဆင်းပွဲကျင်းပ

**ဇမ္ဗူသီရိ ဒီဇင်ဘာ ၃၀**
ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံသဘာဝသီးနှံစားသောက်ကုန်သင်တန်းကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် ရွာတောကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းက အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဦးစီးအရာရှိ ဒေါ်ဂျူလိုင်စိုးက သင်တန်းသားများအပေါ် သုံးသပ်ပြောကြားခဲ့သည်။ ယင်းနောက် ဇမ္ဗူသီရိမြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာ ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားပြီး ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်မင်းဆွေက သင်တန်းဆင်းလက်မှတ်ကို သင်တန်းသူတစ်ဦးအား ပေးအပ်သည်။ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်သည်များကို ပြောကြားခဲ့ကြောင်း သိရသည်။

**ဟိန်းအောင်(နေပြည်တော်)**



## ဒေသခံပြည်သူများအား ငှက်ဖျားသွေးဖောက်စစ်ဆေးခြင်းနှင့် ဆေးကုသခြင်း ကွင်းဆင်းဆောင်ရွက်

**မြစ်သား ဒီဇင်ဘာ ၃၀**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွာခိုင်ကြီးကျေးရွာအုပ်စု လွန်ကျော်ကျေးရွာ ကျန်းမာရေးဌာနခွဲတွင် မန္တလေးတိုင်းဒေသကြီး ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ဒေသခံပြည်သူများအား အခမဲ့ငှက်ဖျားသွေးဖောက်စစ်ဆေးခြင်းနှင့် ဆေးကုသခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီက ကွင်းဆင်းကုသပေးကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းကုသပေးရာတွင် ဒေသခံပြည်သူ ၃၀၀ ကျော်အား ငှက်ဖျားသွေးဖောက်စစ်ဆေးခြင်း၊ နာမကျန်းဖြစ်သူ ၃၀၀ ကျော်အား ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများ ဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ငှက်ဖျားတိုက်ဖျက်ရေးမှ ဦးစီးအရာရှိဒေါ်နွဲ့နွဲ့အေး ဦးစီးသောအဖွဲ့နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကိုကိုတို့ဦးစီးသော ဒေါက်တာဇင်ငြိမ်းအိ၊ ဒေါက်တာသိန်းမြင့်တို့နှင့်အဖွဲ့၊လမ်းပြကြယ်ပရဟိတအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

## စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ မိုးစပါးစစ်တမ်း စံကွက်ရိတ်သိမ်း

**နွားထိုးကြီး ဒီဇင်ဘာ ၃၀**
၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု အမှန်ထွက်နှုန်းရရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့နှင့် စိုက်ပျိုးရေးဦးစီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ပူးပေါင်း၍ စပါးရိတ်သိမ်းချိန်တွင် စံကွက်ရိတ်သိမ်းခြင်းဖြင့် တစ်ဧကအထွက်နှုန်းနှင့် အထွက်များကိုတွက်ချက်ရန်အတွက် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူမှု စီမံချက်ရေးဆွဲပြီး ဒီဇင်ဘာ ၂၈ ရက်က နွားထိုးကြီးမြို့နယ် ခက်လန်းကျေးရွာ ကွင်းအမှတ် ၇၁၉၊ ဦးပိုင်အမှတ် ၆၉ တောင်သူဦးတင်မောင်မြင့်၏ မိုးစပါး မနောသုခစိုက်ခင်းတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းခဲ့ရာ ၁၂ တင်းထွက်ရှိပြီး တစ်ဧကအထွက်နှုန်း တင်း ၁၂၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲကို မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်လင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ထားနွယ်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များ၊ ခက်လန်းကျေးရွာမှ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းအောင်ဇော်**

# မန္တလေး MBA အပျော်တမ်း တောင်တက်စက်ဘီးစီးအဖွဲ့ ဒေသအနှံ့ မိဘမဲ့ပညာသင်ကျောင်းများကို လှူဒါန်းမှုပြုလုပ်




**မန္တလေး ဒီဇင်ဘာ ၃၀**
အားကစားပြုလုပ်ရင်း ပရဟိတပြုလုပ်သည့် အဖွဲ့ကို ပြပါဆိုလျှင် မန္တလေးမြို့မှ MBA အပျော်တမ်း တောင်တက်စက်ဘီးအဖွဲ့ကို ပြသရမည်ဖြစ်သည်။ ကျန်းမာရေးအတွက် နေ့စဉ် မန္တလေးတောင်ပေါ်တက်ကာ စက်ဘီးစီးသလို မန္တလေးကျုံးကိုပတ်ကာ နေ့စဉ်စက်ဘီးစီးကြသည့်အဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်တစ်ရာကျော်ရှိသော အဖွဲ့ပင်ဖြစ်သည်။စက်ဘီးစီးအဖွဲ့တွင် အလွှာအသီးသီးမှ ပါဝင်ကြသည်။ မန္တလေးတောင်ထိပ်တွင် နေ့စဉ်နံနက် ၆ နာရီခန့်တွင် တောင်ပေါ်အထိစက်ဘီးများစီးလာကြပြီး တောင်ထိပ်တွင်စုဆုံကာ ကျုံးတော်ကိုပတ်ကာ စုပေါင်းစက်ဘီးစီးလေ့ရှိသည်။

ကျန်းမာရေးအတွက် အားကစားပြုလုပ်သလို ပြိုင်ပွဲများလည်းပြုလုပ်လေ့ရှိသည်။ လက်ရှိကာလ ဒီဇင်ဘာလအတွင်း M.H.B.c မန္တလေးတောင်ဖလားပြိုင်ပွဲပြုလုပ်ပေးခဲ့သည်။ MBA အပျော်တမ်း တောင်တက်စက်ဘီးစီးအဖွဲ့ကို ၂၀၀၈ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ထိုနှစ်မှစတင်ကာ နေ့စဉ်စက်ဘီးစီးခဲ့သည့် အဖွဲ့ပင်ဖြစ်သည်။ ဥပုသ်နေ့တိုင်းတွင် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်ရှိ စစ်ကိုင်း၊ မင်းကွန်း၊ တံတားဦး၊ ကျောက်ဆည်၊ စဉ့်ကိုင်ရှိ ဘုရားများသို့သွားရောက်လေ့ရှိပြီး သုံးလတစ်ကြိမ် အလှူဒါနပြုလေ့ရှိသည်။ အများအားဖြင့် ပညာရေးကိုအလေးထားပြီး လှူဒါန်းလေ့ရှိသည်။ အများစုမှာ မိဘမဲ့ပညာသင်ကျောင်းများတွင် အဓိကထားလှူဒါန်းသောအဖွဲ့ပင်ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင်ကျရောက်မည့် လွတ်လပ်ရေးနေ့ကိုကြိုဆိုသောအားဖြင့် မန္တလေးနှင့် ပုဂံ ၁၁၈ မိုင်ခရီးကို စက်ဘီးစီးကြမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင်MBA အပျော်တမ်း တောင်တက်စက်ဘီးစီးအဖွဲ့အနေဖြင့် စုစုပေါင်း လှူဒါန်း ငွေကျပ်သိန်းငါးရာကျော်ရှိပြီဖြစ်သည်။ သုံးလတစ်ကြိမ်လှူဒါန်းမှုတွင် မိဘမဲ့ပညာသင်ကျောင်းများကို ငွေကျပ်သိန်းသုံးဆယ်မှ၄၀ အထိ လှူဒါန်းကြသည်။ တစ်နှစ်ပတ်လုံးစက်ဘီးစီးသလို ကျန်းမာရေးအတွက် အားကစားပြုလုပ်ရင်း စည်းလုံးညီညွတ်စွာဖြင့် ပရဟိတလုပ်ငန်းများကို ပြုလုပ်ကြသည်။ ဒေသအနှံ့ခရီးဝေးစက်ဘီးစီးသလို မိဘမဲ့ကျောင်းများနှင့် မိဘမဲ့ပညာသင်ကျောင်းများကို လှူဒါန်းလျက်ရှိကြောင်းသိရသည်။

**တိမ်တမန်**

## ပြည်သူများအတွက်သန့်ရှင်းသောသောက်သုံးရေ ရရှိရေး စက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်းများ အရည်အသွေးပြည့်မီရေး ကွင်းဆင်းစစ်ဆေး

**ပုလဲ ဒီဇင်ဘာ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကြက်ရင်းကျေးရွာအုပ်စု အောင်ငြိမ်းချမ်းကျေးရွာ၌ Tech Friend ကုမ္ပဏီက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၅၇၅ သန်းဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းသည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးမျိုးအောင်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးညွှန့်တို့နှင့်အတူ ဒီဇင်ဘာ ၂၇ ရက် မွန်းတည့် ၁၂ နာရီက လုပ်ငန်းဆောင်ရွက်မှုအား အရည်အသွေးပြည့်မီစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိရာ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၄၀ ဒသမ ၆ သန်းဖြင့် တုန်းကန်ကျေးရွာ၊ အောင်ငြိမ်းချမ်းကျေးရွာ၊ ကံသာကျေးရွာ၊ အုန်းမှန်းတောကျေးရွာနှင့် နွယ်အင်းကျေးရွာများတွင် စက်ရေတွင်းတူးဖော်ပေးခြင်းလုပ်ငန်းနှင့် ရေသာကျေးရွာ၊ ဆည်ကြီးကျေးရွာနှင့် စစ်ရင်ကျေးရွာများတွင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် Tech Friend ကုမ္ပဏီက ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြင်းခြံမြို့နယ်တွင် ဝါစိုက်ခင်းများလှိုင်လှိုင်ပေါ် ဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

**မြင်းခြံ ဒီဇင်ဘာ ၃၀**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် အိန္ဒိယဝါမျိုးစိုက်ခင်းများမှ ဝါများလှိုင်လှိုင်ပေါ်လျက်ရှိပြီး ဈေးကောင်းရ၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ ဝါစိုက်ခင်းတွေ လှိုင်လှိုင်ပေါ်ပြီး ဝါကောက်နေကြပြီ။ တစ်ဧကကို ပိဿာ ၇၀၀၊ ၈၀၀ လောက်တော့ထွက်မယ်ထင်တယ်။ မနှစ်က ပိဿာတစ်ထောင်ထိထွက်တယ်။ ဒီနှစ်က မနှစ်ကထက် အထွက်နည်းပေမယ့် ရွာမှာတင် တစ်ပိဿာငွေကျပ် ၁၅၀၀ ဈေးပေါက်နေတော့ အဆင်ပြေတယ်။ ခုချိန်ကတော့ ဝါကောက်အလှိုင်ဆုံးအချိန်ပဲ။ ငါးရက်ခြားတစ်ခါလည်းကောက်တယ်၊ ခုနစ်ရက်ခြားတစ်ခါလည်းကောက်တယ်။ တပို့တွဲလကုန်၊ တပေါင်းလဆန်းလောက်ထိ ဝါကောက်ရတယ်" ဟု ဖက်ရင်းကျေးရွာမှ ဝါစိုက်တောင်သူတစ်ဦးက ပြောသည်။

"တစ်ဧကစိုက်ရင် ငွေကျပ်တစ်သိန်းခွဲလောက်ကုန်ကျပြီး ရသာ၊ ဖက်ရင်း၊ လေးတန်း၊ ဇီးပင်ကန်၊ ကျောက်ကန်စတဲ့ကျေးရွာတွေမှာ လှိုင်လှိုင်ပေါ်ကုန်ပြီ။ ဒီဒေသကထွက်တဲ့ ဝါတွေကိုတော့ ရွာမှာတင် ပွဲစားနဲ့ရောင်းတာရှိသလို မြင်းခြံ၊ မန္တလေးမြို့တွေကို ပို့ပါတယ်။ ဝါဈေးကောင်းတဲ့အတွက် အဆင်ပြေပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

မြင်းခြံမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး သီးနှံစိုက်ပျိုးခြင်းကို အများဆုံးလုပ်ကိုင်လျက်ရှိရာ ကြက်သွန်၊ မြေပဲ၊ နှမ်း၊ ဝါ၊ပဲစင်းငုံ၊ ပြောင်း၊ ကုလားပဲ၊ ပဲတီစိမ်း၊ ဖရဲ၊ သခွား၊ ခရမ်းချဉ် အစရှိသောသီးနှံများ အများဆုံးစိုက်ပျိုးလျက်ရှိပြီး ဝါစိုက်တောင်သူများ မနှစ်ကထက်အထွက်နှုန်းနည်းသော်လည်း ဝါဈေးကောင်း၍ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## နီတိုး(ရှမ်းချောင်း)ချောင်းပိတ်တမံလုပ်ငန်းပြီးစီး



**ဘီးလင်း ဒီဇင်ဘာ ၃၀**
သထုံခရိုင် ဘီးလင်းမြို့နယ်၌ နီတိုး(ရှမ်းချောင်း) ချောင်းပိတ်တမံပြုလုပ်ခြင်းကို ဒီဇင်ဘာ ၂၆ ရက်က စက်ယန္တရားကြီးများဖြင့် ပိတ်ဖို့ခြင်းလုပ်ငန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ နီတိုး (ရှမ်းချောင်း) ချောင်းပိတ်တမံကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၂၅ သိန်းဖြင့် ပြုလုပ်ခဲ့သည်။ အဆိုပါချောင်းပိတ်တမံပြုလုပ်ခြင်းလုပ်ငန်းသည် ဒေသခံတောင်သူများ၏ တောင်းဆိုချက်အရ နွေရာသီတွင် သီးထပ်နွေစပါးစိုက်ပျိုးနိုင်စေရန် နှစ်စဉ်ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပြီး သီးထပ်နွေစပါးအကျိုးပြုစိုက်ဧက ၁၂၀၀ ရှိကြောင်း သိရသည်။ **ထူးနောင်(ဘီးလင်း)**

## မြစိမ်းရောင်ကျေးရွာကော်မတီပြင်ဆင်ဖွဲ့စည်းခြင်းဆောင်ရွက်

**ချောင်းဦး ဒီဇင်ဘာ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ချောင်းမကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ မြစိမ်းရောင်စီမံကိန်းမှ လစ်လပ်သွားသော ကော်မတီဝင်နှစ်ဦးနေရာအတွက် မြစိမ်းရောင်ကျေးရွာကော်မတီပြင်ဆင်ဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ချောင်းမကျေးရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းမှ လစ်လပ်သွားသော ကော်မတီဝင်နှစ်ဦးအား ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်၍ မြစိမ်းရောင်ကော်မတီဝင်နှစ်ဦးအား မဲစနစ်ဖြင့်ရွေးချယ်ပြီး ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ချောင်းမကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းအတွက် နှစ်ဦးတို့အား ယခုအချိန်တွင် စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၃၃၅၉၀၀၀၀ ကို အတိုး ၁ ဒသမ ၅ ကျပ်နှုန်းဖြင့် မြစိမ်းရောင်စီမံကိန်းကို အောင်မြင်စွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မီမီ(ချောင်းဦး)**

# ရင့်ကျက် နုပျို အမိတက္ကသိုလ် အီကို

စောနိုင်(အသုံးချဘောဂဗေဒ)

**ရင့်ကျက်ခြင်းနှင့် နုပျိုခြင်း။**

ရင့်ကျက်ခြင်းသည် အတွေ့အကြုံရှိခြင်း၊ အရည်အသွေးပြည့်ဝခြင်းနှင့် ကျွန်မြေရှိခြင်းဟု အဓိပ္ပာယ်ရပြီး နုပျိုခြင်းမှာ မရင့်ခြင်း၊ ပျိုမျစ်ခြင်းဆိုသည့် သဘာဝကို ဖော်ညွှန်းသည်။ ဆန့်ကျင်ဘက်အဓိပ္ပာယ်ရှိသည့် ဝေါဟာရနှစ်လုံးကို နာမဝိသေသနပြုရေးတွင်ထား၍ မိမိတို့ငယ်ရွယ်စဉ်က စာပေသင်ယူ၊ ပညာနို့ရည်သောက်စို့ခဲ့သည့် စီးပွားရေးတက္ကသိုလ် ကျောင်းတော်မဟာကို တင်စားမိသည်။ အမိတက္ကသိုလ်သည်ကား သက်တမ်းအားဖြင့် ကြာခဲ့လေပြီ။ အချိန်ကာလကြာမြင့်မှုနှင့်အတူ အဖန်ဖန်အလီလီ ဖြတ်သန်းကြုံတွေ့ခဲ့ရသော လောကဓံအနိမ့်အမြင့်များပေါ်တွင် စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်တည်ငြိမ်နိုင်စွမ်းရခဲ့ပြီဖြစ်၏။ တိုးပွားလာသော သားသမီးကြီးငယ်များ၏ လူသစ်စိတ်သစ်၊ ခွန်အားသစ်များဖြင့် ရုပ်ပိုင်းဆိုင်ရာ နုပျိုလန်းဆန်းမှုမှာလည်း ရှိနေခဲ့ပြီဖြစ်၏။ ထို့ကြောင့် အမိတက္ကသိုလ်သည် အနာဂတ် လောကဓံကိုလည်း ရင့်ကျက်တည်ငြိမ်စွာ ရင်ဆိုင်ရန် အသင့်ရှိနေခဲ့ပြီဟု ဆိုရမည်။

"အီကို"ဟု အလွယ်ခေါ်ဆိုလေ့ရှိသည့် ကျောင်းတော်မဟာ၏ အမည်အပြည့်အစုံမှာ စီးပွားရေးတက္ကသိုလ်ဖြစ်သည်။ ယခင်က ရန်ကုန်စီးပွားရေးတက္ကသိုလ် သို့မဟုတ် စီးပွားရေးတက္ကသိုလ်(ရန်ကုန်)ဟုလည်း ခေါ်ကြသည်။ အမှန်တွင် စီးပွားရေးတက္ကသိုလ် အမည်၏ရှေ့မှာဖြစ်စေ၊ နောက်မှာဖြစ်စေ ဒေသအမည်ရန်ကုန်ကို ထည့်ပြောစရာပင် မလိုပေ။ ထိုအချိန်က မြန်မာတစ်နိုင်ငံလုံးရှိ စီးပွားရေးဘာသာရပ်အထူးပြု ကျောင်းသားကျောင်းသူများအားလုံးအတွက် တစ်ခုတည်းသောတက္ကသိုလ်မှာ ရန်ကုန်မြို့တွင်သာ ရှိသောကြောင့်ဖြစ်သည်။ စီးပွားရေးတက္ကသိုလ်သည် ရန်ကုန်တက္ကသိုလ်နယ်မြေ အနောက်တောင်ဘက်ထောင့်၊ ဘွဲ့နှင်းသဘင်ခန်းမကြီးနံဘေးရှိ (၁၉၆၄ ခုနှစ်မတိုင်ခင်က ရန်ကုန်တက္ကသိုလ်၏ လူမှုသိပ္ပံဌာနအဆောက်အအုံ) အဆောက်အအုံတွင် တည်ရှိပြီး စီးပွားရေးတက္ကသိုလ်(ပင်မ)ဟု ခေါ်ကြသည်။ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) ဝင်းအတွင်း၌လည်း စီးပွားရေးတက္ကသိုလ် ပထမနှစ်နှင့် ဒုတိယနှစ်ကျောင်းသားများ တက်ရောက်ပညာသင်ယူနေသည့် အဆောက်အအုံများတည်ရှိရာ စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)ဟု ခေါ်ကြသည့် နယ်မြေခွဲတစ်ခုလည်းရှိသည်။ တစ်နည်းဆိုသော် ရန်ကုန်တွင်တည်ရှိသော စီးပွားရေးတက္ကသိုလ်သည် မြန်မာနိုင်ငံတစ်နံတစ်လျားမှ စီးပွားရေးဘာသာရပ် အထူးပြု ကျောင်းသားများအတွက် တစ်ခုတည်းသော တက္ကသိုလ်ဖြစ်သည်။ ယခုအချိန်တွင်မူ ရန်ကုန်စီးပွားရေးတက္ကသိုလ်( ရွာသာကြီး)၊ မုံရွာစီးပွားရေးတက္ကသိုလ်(၁၉၉၈)နှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်(၂၀၀၀)တို့လည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်သဖြင့် ယခင်ရှိခဲ့သော တစ်ခုတည်းသော အမိတက္ကသိုလ်သည် မျိုးဆက်သစ် စီးပွားရေးတက္ကသိုလ်များနှင့် အတူအနာဂတ်တွင် ထပ်မံဖြစ်ထွန်းလာမည့် သားသမီးမြေးမြစ်များအတွက် ကြိုတင်ပြင်ဆင်ရင်း ပိုမိုကျယ်ပြန့်သော မိသားစုကမ္ဘာကို ဖန်တီးနိုင်ခဲ့ပြီဖြစ်သည်။

ကနဦးစတင်ခဲ့သည့် ရန်ကုန်စီးပွားရေးတက္ကသိုလ်ကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က တည်ထောင်ခဲ့ပြီး သင်တန်းများကို ထိုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင်



စတင်ဖွင့်လှစ်ခဲ့သည်။ ထိုအချိန်မှစ၍ အီကိုဟု ခေါ်ရမည့် စီးပွားရေးတက္ကသိုလ်ကြီးသည် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကြီး၏ နံဘေးရှိ ရန်ကုန်တက္ကသိုလ် လူမှုသိပ္ပံအဆောက်အအုံထဲတွင် အဓိက စီးပွားရေးဘာသာရပ်များဖြစ်သည့် ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာတို့နှင့် သက်ဆိုင်သည့် အဓိကဌာနကြီး သုံးခု၊ အခြားသောအထောက်အကူပြုဌာနကြီးများဖြင့် ဖွဲ့စည်း၊ ပေါ်ထွန်းခဲ့သည်။ ထိုသို့ပေါ်ထွန်းလာခဲ့ပြီးနောက် အချိန်ကာလတစ်လျှောက် ခေတ်စနစ်နှင့် လျော်ညီစွာ သင်ကြားမှုဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာများကိုလည်း ပြင်ဆင်ဆောင်ရွက်ခဲ့ကြသည်။ ဆယ်စုနှစ် နှစ်စုခန့်အကြာ ၁၉၈၈ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်နေ့တွင် တက္ကသိုလ်များ ပြင်ဆင်ဖွဲ့စည်းပုံသစ်အရ ဌာနသစ်များ ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည်။ မူလဌာနကြီးသုံးခုအပြင် အသုံးချဘောဂဗေဒဌာနနှင့် စီမံခန့်ခွဲမှုဌာန နှစ်ခုကို အသစ်ဖွဲ့စည်း၍ စုစုပေါင်းဌာနကြီးငါးခုဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ယခင် သင်ကြားပေးနေသော ဘာသာရပ်များ၊ ချီးမြှင့်ပေးခဲ့သော ဘွဲ့များအပြင် ခေတ်စနစ်နှင့်လျော်ညီစွာ တိုးချဲ့ပြောင်းလဲသင်ကြားပေးခြင်း၊ ပေးအပ်ချီးမြှင့်ပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။ ယခုအချိန် ဘွဲ့ကြိုသင်တန်းများတွင်လည်း ဘောဂဗေဒဘာသာရပ်၌ ဖွံ့ဖြိုးမှုဆိုင်ရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆိုင်ရာဘွဲ့များ၊ စာရင်းအင်းဘာသာရပ်၌ လူဦးရေဆိုင်ရာ လေ့လာမှုဘွဲ့များ၊ ဝါဏိဇ္ဇဗေဒဘာသာရပ်၌ စာရင်းကိုင်၊ စီမံခန့်ခွဲမှုဆိုင်ရာဘွဲ့များကိုပါ တိုးချဲ့ပေးအပ်နေပြီဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုသင်တန်းများ၊ ဘဏ်လုပ်ငန်းဆိုင်ရာ၊ စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့များ၊ ညနေပိုင်း မဟာဘွဲ့သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများကိုလည်း ဖွင့်လှစ်ပေးနေပြီဖြစ်သည်။ ထို့ပြင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ချိတ်ဆက်၍လည်း စီးပွားရေးပညာရပ်ဆိုင်ရာ အစီအစဉ်ကောင်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို ကြားသိနေရသည်။

သိရှိရသည့်အခြေအနေများသည် အမိတက္ကသိုလ်၏ ဖြစ်ထွန်းတိုးတက်မှုများနှင့် ပတ်သက်၍ ခပ်သဲ့သဲ့ကြားရသော သတင်းများသာဖြစ်သည်။ လူကိုယ်တိုင်သာ ပြန်လည်ရောက်ရှိ၍ သတင်းစုံ အသေးစိတ်သိရပါက ယခုထက်မက များပြားသော ဖြစ်ထွန်းအောင်မြင်မှုများကို သိရမည်မှာသေချာသည်။

ထို့ကြောင့် တစ်နှစ်တစ်ခေါက်တော့ အမိတက္ကသိုလ်သို့ သွားရောက်ချင်သည်။ အမိရင်ခွင်သို့ပြန်လည်ခိုဝင်ရင်း ငယ်ပေါင်းအဖော်သူငယ်ချင်းများနှင့်အတူ အင်းလျားကန်ပေါင်တစ်လျှောက် လေညင်းခံ၊ လမ်းလျှောက်ချင်ပါသေးသည်။ ငွေနှင်းလွှာကျ ဒီဇင်ဘာလအခါသည်ကား အမိတက္ကသိုလ် "အီကို"ဆီသို့ သတိတရပြန်လည်သွားရောက်စေရန် ဆွဲခေါ်နေသကဲ့သို့ ခံစားလာရသည့်အချိန်ဖြစ်သည်။

သည်အချိန်အခါရောက်တိုင်း အမိတက္ကသိုလ်ရင်ခွင်ဆီသို့ ပြန်လည်ခြေဦးလှည့်ချင်စိတ်ဖြစ်မိ၏။ အမိတက္ကသိုလ်နှင့်ပတ်သက်၍ အတိတ်အကြောင်းများမှသည် ယခုပစ္စုပ္ပန်ကာလအခြေအနေများအထိ ခေါင်းထဲရောက်လာစမြဲဖြစ်သည်။ စီးပွားရေတက္ကသိုလ် သန္ဓေစတင်တည်ခဲ့သော အခြေအနေဟု ပြောနိုင်သည့် ရန်ကုန်တက္ကသိုလ်၏ ရင်ခွင်ထဲ၌ ဘောဂဗေဒဌာန ပေါ်ပေါက်လာသည့်အချိန် ၁၉၂၄ ခုနှစ်က စရေတွက်လျှင် နှစ်ပေါင်း ၉၀ ကျော်၊ ကိုယ့်အိမ်ကိုယ့်ရာ ကိုယ့်အမည်နာမနှင့် စီးပွားရေးတက္ကသိုလ်ဟု ခံ့ခံ့ထည်ထည် ရပ်တည်ခဲ့သည့်အချိန်၊ ၁၉၆၄ ခုနှစ်ကစလျှင် နှစ်ပေါင်း ၅၂ နှစ်ရှိခဲ့ပြီ။ အမိတက္ကသိုလ်ကြီးသည် သားကြီးသမီးကြီး၊ သားငယ်သမီးငယ်တို့ကို ပညာရည်နို့ရည်တိုက်ကျွေးပြုစု ပျိုးထောင်ပေးခဲ့ပြီ။ အားလုံးသော သားသမီးတို့ အမိရင်ခွင်မှ ထွက်ခွာ၍ ဘဝခရီးလမ်းကို ဆက်လက်ထွက်ခွာသွားချိန်တွင်လည်း ထပ်မံဝင်ရောက်ခိုလှုံလာမည့် မြေးမြစ်တီတွတ် စသည်ဖြင့် အနာဂတ် စီးပွားရေးတက္ကသိုလ်မျိုးဆက်များအတွက် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

သည်အချိန်အခါ လဒီဇင်ဘာ ငွေနှင်းတွေဖွဲဖွဲကျသည့်အချိန်ရောက်လျှင် အမိတက္ကသိုလ်ရင်ခွင်ကို သတိတရရှိလှ၏။ တစ်ခဏတာပြန်လည်ခိုဝင်မှေးစက်လိုလှ၏။ အမိတက္ကသိုလ်သည်လည်း ရင်၌ ခိုလှုံခဲ့သော သားသမီးတို့ကို ပြန်လည်မျှော်နေပေရှာမည်။ အားလုံးလာရောက်လိုကြ၏။ သို့သော် လောကဓံ ခရီးရှည်လမ်းမကြီးပေါ်တွင် မြင့်ချည်တစ်ခါ၊ နိမ့်ချည်တစ်လှည့်၊ ပန်းခင်းလမ်း၊ ဆူးကြမ်းလမ်း စသည်ဖြင့် မတူညီသော အခြေအနေအမျိုးမျိုးဖြင့် ဖြတ်သန်းနေရသဖြင့် သွားရောက်ရန် အခွင့်သာသူရှိသလို အခြေအနေမပေး အလှမ်းဝေးနေရသည့်သူများလည်းရှိသည်။ သို့သော် သည်အချိန် သည်ရာသီတွင် အမိရင်ခွင်ဆီသို့ လူကိုယ်တိုင်သွားနိုင်သည်ဖြစ်စေ၊ သွားခွင့်မသာသည်ဖြစ်စေ သားသမီးအားလုံးတို့၏ စိတ်အစဉ်သည်ကား မိခင်ထံတွင် စုဝေးနေကြလိမ့်မည်။ အမိတက္ကသိုလ်ရင်ခွင်တွင် နားခိုကာ ပညာနို့ရည်သောက်စို့ခဲ့ကြသည့် အတိတ်ကာလများကို မည်သူမှမေ့ဖျောက်၍မရ၊ ပြန်တွေးမိတိုင်းလည်း အတွေးထဲ တဝဲလည်လည်ပင်။

တစ်ခါတစ်ရံ အိပ်မက်ထဲမှာပင် အမိတက္ကသိုလ်အကြောင်း ပါလာတတ်သည်။ ပုထုဇဉ်လူသားတို့၏ ဖြတ်ရခက်သည့် အစွဲအလမ်းဖြစ်သဖြင့် အပြစ်တင်စရာမရှိ၊ သည်အစွဲအလမ်း သံယောဇဉ်ကိုပင် ခုံမင်စွာ ခံစားနေမိသည်။ စိတ်ကူးယဉ်မိသည်။ ထိတွေ့ကိုင်တွယ်၍မရသည့် ပြင်းထန်လှသော အစွဲအလမ်းများသည် အခိုးအငွေ့သာသာလောက်ဖြစ်ခဲ့လျှင်ပင် သားသမီးများစွာတို့၏ အမိတက္ကသိုလ်အပေါ်ရှိနေသည့် သံယောဇဉ်၊ အစွဲအလမ်း အခိုးအငွေ့ အစုအဝေးကြီးသည် ကြီးမားလှသော ဒြပ်ထုကြီးတစ်ခု ဖြစ်လာနိုင်စရာရှိသည်။ ထိုသံယောဇဉ်ဒြပ်ထုကြီးသည် ကြီးမားသော အလွမ်းထုကြီးအဖြစ် အမိတက္ကသိုလ်ရင်ခွင်ဆီသို့ ဦးတည်မျောလွင့်သွားနေပေလိမ့်မည်လားမသိ။

ထိုအလွမ်းထုထည်ကို ဖြိုရမည်။ အမိတက္ကသိုလ်ရင်ခွင်ကို လွမ်းသော၊ ငယ်ပေါင်းရောင်းရင်းများကို တမ်းတသောသူများအားလုံး သည်အချိန်အခါရောက်တိုင်း ရောက်ရာအရပ်မှ မိခင်ရင်ခွင်သို့ ပြေးဝင်တိုး၍ အလွမ်းတို့ကိုဖြေကြသည်။ တစ်စစကြီးမားလာနေသည့်အလွမ်းထုကို ဖြိုကြသည်။ အမိတက္ကသိုလ်ပရဝဏ်ထဲတွင် မိခင်နှင့် သားသမီးတို့စု၍ အလွမ်းထုကို ဖြိုနေကြပြီ။ ကိုယ်တိုင်ကိုယ်ကျရောက်နိုင်သူများက လက်တွေ့ကျကျ အလွမ်းဖြိုကြသကဲ့သို့ မရောက်နိုင်သူများကလည်း သတင်းစကား၊ ပုံရိပ်များဖြင့် အဝေးမှပင် အလွမ်းဖြေကြလိမ့်၏။ အလွမ်းထုကို ဖြိုကြလိမ့်မည်။ အနီးဆုံးတွင်ရှိသည့် အင်းလျားရေပြင်နှင့် ဘွဲ့နှင်းသဘင်တို့၏ တည်ငြိမ်လှသော နောက်ခံပန်းချီကားတို့နှင့်အတူ အမိတက္ကသိုလ် အီကိုသည် ရင့်ကျက်တည်ငြိမ်ကျန်ဒြေတို့ဖြင့် လှပတင့်တယ်နေ၏။ အရွယ်စုံ သားသမီးများစွာတို့နှင့် နုပျိုလတ်ဆတ်နေဆဲဖြစ်၏။ ရင့်ကျက်တည်ငြိမ်ခြင်း၊ နုပျိုလန်းဆန်းခြင်းတို့နှင့်အတူ နောင်အနာဂတ် နိုင်ငံမျိုးဆက်များကိုလည်း ပညာရည်နို့တိုက်ကျွေး၍ အမိနိုင်ငံ စီးပွားရေးအတွက် အားထုတ်နေဦးမည်ဖြစ်ပေသတည်း။

အလွမ်းဖြိုချိန်
အမိတက္ကသိုလ်အီကို
ဘွဲ့နှင်းသဘင်ကိုကြည့်ရင်း
အလွမ်းသီချင်း တစ်ပိုင်းတစ်စနဲ့
လာနေကျ ချစ်သူတွေကို ငေးမျှော်
ဒီဇင်ဘာရဲ့ အဓိပတိလမ်းမပေါ်မှာ. . ။ ။

(ဤဆောင်းပါးဖြင့် (၅၂)နှစ်မြောက် စီးပွားရေးတက္ကသိုလ် ထူထောင်သည့်နေ့ အထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် ဆရာကြီးဒေါက်တာခင်မောင်ညွှန့်၏ ကြေးသွန်းရုပ်တု ဖွင့်ပွဲအခမ်းအနားကို ဂုဏ်ပြုရင်း စီးပွားရေးတက္ကသိုလ်ရှိ ဆရာအပေါင်းတို့အား ကန်တော့အပ်ပါသည်။)

**သည်အချိန်အခါ လဒီဇင်ဘာ ငွေနှင်းတွေဖွဲဖွဲကျသည့် အချိန်ရောက်လျှင် အမိတက္ကသိုလ်ရင်ခွင်ကို သတိတရရှိလှ၏။ တစ်ခဏတာပြန်လည်ခိုဝင်မှေးစက်လိုလှ၏။ အမိတက္ကသိုလ်သည်လည်း ရင်၌ခိုလှုံခဲ့သော သားသမီးတို့ကို ပြန်လည်မျှော်နေပေရှာမည်။ အားလုံးလာရောက်လိုကြ၏။ သို့သော် လောကဓံခရီးရှည် လမ်းမကြီးပေါ်တွင် မြင့်ချည်တစ်ခါ၊ နိမ့်ချည်တစ်လှည့်၊ ပန်းခင်းလမ်း၊ ဆူးကြမ်းလမ်း စသည်ဖြင့် မတူညီသော အခြေအနေအမျိုးမျိုးဖြင့် ဖြတ်သန်းနေရသဖြင့် သွားရောက်ရန် အခွင့်သာသူရှိသလို အခြေအနေမပေး အလှမ်းဝေးနေရသည့် သူများလည်းရှိသည်။**

# မြန်မာ့စီးပွားရေးစဉ်ဆက်မပြတ်သိသိသာသာတိုးတက်လာစေဖို့

(ယမန်နေ့မှအဆက်)

ခ ဒေါက်တာမောင်အောင်

ထို့အတွက် ပြည်သူတစ်ဦးချင်းမှစ၍ တိုးတက်ပြောင်းလဲလိုသည့်အသိခံယူချက် (mindset) ထားရှိရေးဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးနှင့် ဆက်စပ်နေသောလုပ်ငန်းများ အလုပ်အကိုင်များ လုပ်ကိုင်နိုင်ရေး မျှော်မှန်း၍ မိမိကိုယ်ကို global citizen အဖြစ်ခံယူကာ ကြိုးစားရတော့မည်ဖြစ်သည်။

**စီးပွားရေးလုပ်ငန်းများ GSC နှင့်ပေါင်းစည်းနိုင်ရေး**

GSC နှင့်ပေါင်းစပ်လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းရှင်တိုင်း ကြိုတင်ပြင်ဆင်ရမည့် အချက်များစွာရှိသည့်အနက် အရေးကြီးဆုံးမှာ မိမိလုပ်ငန်းကို နိုင်ငံတကာနှင့် ပေါင်းစပ်လုပ်ကိုင်သည့်လုပ်ငန်း (internationalization of firm) ဖြစ်လာစေရန် ကြိုးစားရမည်ဖြစ်သည်။ အခြေခံအားဖြင့် မိမိလုပ်ရိုးလုပ်စဉ် ပြည်တွင်းဈေးကွက်ကိုသာ ရောင်းချမည့်အစား ပြည်ပဈေးကွက်သို့ရောင်းချနိုင်ရန်ဟူသော ဦးတည်ချက် ပထမထားရမည်ဖြစ်သည်။ ထိုသို့ရောင်းချနိုင်ရန် ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှု၏အရည်အသွေးမြင့်မားမှု (high quality) ကိုဦးစားပေးရမည်ဖြစ်သည်။ ထုတ်ကုန်အရည်အသွေးဟုဆိုရာတွင် မှန်ကန်သည့်အရည်အသွေး၊ ဘေးကင်းလုံခြုံစိတ်ချရမှု၊ သေသပ်ကောင်းမွန်သည့်ထုတ်ပိုးမှု၊ မိမိထုတ်ကုန်ကိုအာမခံမှုနှင့် တာဝန်ယူမှုစသည်တို့ဖြစ်သည်။ လုပ်ငန်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှု (transparent) ရှိစေရန်အတွက် တည်ဆဲဥပဒေများအရ မှတ်ပုံတင်လုပ်ဆောင်ခြင်း၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ငွေစာရင်းရှင်းတမ်း၊ အရှုံးအမြတ်ရှင်းတမ်းတို့ထားရှိရမည့်အပြင် သတ်မှတ်အခွန်အခများထမ်းဆောင်ခြင်း စသည်တို့မလွဲမသွေ လုပ်ဆောင်ရမည်ဖြစ်သည်။ ထို့အတူ ယေဘုယျအားဖြင့် မိမိလုပ်ငန်းအမြဲရှင်သန်တိုးတက်နေသည့် လုပ်ငန်းဖြစ်စေရန် ကြိုးစားရမည်ဖြစ်သည်။ ဆိုလိုသည်မှာ လုပ်ငန်းအနေဖြင့် အမြဲတမ်းအမြတ်မရရှိနိုင်သော်လည်း ကာလတစ်ခုအတွင်း အပေါင်းလက္ခဏာတိုးတက်မှုပြသည့်လုပ်ငန်း (progressive firm) ဖြစ်ဖို့လိုသလို စီးပွားရေးကျင့်ဝတ် (business ethic) လည်း ပြည့်စုံရမည်ဖြစ်သည်။

GSC နှင့် ထဲထဲဝင်ဝင်ပေါင်းစပ်လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းတိုင်း လိုက်နာရမည့် ဆောင်ပုဒ် 'တစ်ဦးတည်းရပ်တည်ထုတ်လုပ်ခြင်းအစား ပေါင်းစည်းထုတ်လုပ်ခြင်း join-instead-of-build' ကိုအထူးအလေးထားလိုက်နာရမည်ဖြစ်သည်။ ယနေ့ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ နိုင်ငံတကာလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်ရေးအတွက် တွေ့ကြုံနေရသည့်အခက်အခဲများအနက် အရင်းအနှီးနည်းပါးခြင်း သုံးခဲ့သည့်နည်းပညာ နိမ့်ကျခြင်း၊ ထုတ်ကုန်အရည်အသွေးနိမ့်ကျခြင်းနှင့် ဈေးကွက်ရရှိရန်ခက်ခဲခြင်း စသည်တို့ဖြစ်သည့်။ အဆိုပါအခက်အခဲများ ကျော်လွှားနိုင်ရေးအတွက် လုပ်ငန်းတူ (ထုတ်ကုန်တူ)သည့် လုပ်ငန်းများ ပေါင်းစည်းခြင်းသည် အထက်ပါအခက်အခဲများ အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်သည့်အပြင် ထုတ်လုပ်မှုအရွယ်အစား ကြီးလာမှုမှ economies of scale ဟုခေါ်သည့် ပျမ်းမျှထုတ်လုပ်မှုစရိတ်ကျသည့် အဆင့်ရောက်ရှိနိုင်ခြင်းကြောင့်လည်း ဈေးနှုန်းယှဉ်ပြိုင်မှုကို ပြုလုပ်နိုင်မည်ဖြစ်သည်။ ဆက်လက်ပြီး နိုင်ငံတကာလုပ်ငန်းရှင်ပေါင်းစည်းခြင်းကို ဆက်လက်ကြိုးစားရမည်ဖြစ်ပြီး သို့မှသာအရင်းအနှီး၊ နည်းပညာ၊ စီမံအုပ်ချုပ်မှုနှင့် ဈေးကွက်ရရှိမှု စသည်တို့ရရှိလာမည့်အပြင် နည်းပညာလွှဲပြောင်းလာမှုနှင့် ပြည်တွင်းလုပ်ငန်းများလည်း တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည့်အတွက် ယနေ့ globalization ခေတ် ပြည်တွင်းလုပ်ငန်းများ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း စနစ်ထဲသို့ဝင်နိုင်လေ စီးပွားရေးတိုးတက်မှု မြန်လေပင်ဖြစ်သည်။ တစ်ဖက်တွင်လည်း လုပ်အားစူးစိုက်သုံး GSC နှင့်ချိတ်ဆက်သည့် နိုင်ငံတကာလုပ်ငန်းကြီးများ တိုးပွားလာခြင်းဖြင့် အလုပ်အကိုင်သစ်များ အံ့နှင့်ကျင်းနှင့် ပေါ်ပေါက်လာမည်ဖြစ်သည်။

**ပေါင်းစည်းနိုင်သည့် နည်းလမ်းများ**

နိုင်ငံတကာထုတ်လုပ်မှုလုပ်ငန်းကြီးများနှင့် ပေါင်းစည်းနိုင်သည့်နည်းလမ်းများကို လုပ်ငန်းရှင်တိုင်း အသေးစိတ်သိရှိရန် လိုအပ်ပြီးမည်သည့်နည်းလမ်းဖြင့် ပေါင်းစည်းနိုင်မည်ကို အစဉ်ကြိုးစားရမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုဥပဒေက ခွင့်ပြုထားသော အကျိုးတူဖက်စပ်လုပ်ငန်း (joint - venture) များတွင် ပေါင်းစပ်လုပ်ကိုင်ခြင်းကို အများဆုံးတွေ့ရလေ့ရှိသည်။ ကမ္ဘာပေါ်တွင် FDI အများဆုံးလက်ခံရရှိထားသည့် တရုတ်နိုင်ငံတွင် အများစုကို ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ပြုလုပ်စေခြင်းဖြင့် ယခုအခါလုပ်ငန်းများ အဘက်ဘက်မှ တိုးတက်လာခဲ့ပြီဖြစ်သည်။ အကယ်၍ ဖက်စပ်လုပ်နိုင်သည့် အခွင့်အရေးမရခဲ့လျှင် နိုင်ငံတကာလုပ်ငန်းကြီးတွင် လိုအပ်သည့်ထုတ်လုပ်မှုအစိတ်အပိုင်းများကို ကန်ထရိုက်စနစ်ဖြင့်လည်းကောင်း၊ တစ်ဆင့်ခံကန်ထရိုက်စနစ်များဖြင့် ပေါင်းစည်းနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။ နိုင်ငံတကာလုပ်ငန်းကြီးများအနေဖြင့် အင်အားကြီးမားသော်လည်း ပြည်တွင်းအခြေအနေများနှင့်ပတ်သက်၍ ပြည်တွင်းလုပ်ငန်းရှင်များက အားသာချက်များပိုရှိသည့်အတွက် ပေါင်းစည်းလိုကြခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံတကာကုမ္ပဏီများ၏ ပြည်တွင်းကိုယ်စားလှယ်များ၊ နိုင်ငံတကာနာမည်ကြီး brand ကုန်စည်များ ပြည်တွင်းရောင်းချနိုင်ရန် ပေါင်းစပ်လုပ်ကိုင်ခြင်း (franchise business) စသည်တို့ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း နိုင်ငံတကာလုပ်ငန်းကြီးများနှင့် ပေါင်းစည်းနိုင်ရေးအတွက် လုပ်ငန်းရှင်တိုင်း အပေါင်းလက္ခဏာပြသည့် တိုးတက်မှုရှိစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။ မိမိလုပ်ငန်းနှင့်ပတ်သက်၍ အချိန်နှင့်အမျှ ပြောင်းလဲနေသည့် ထုတ်လုပ်မှု၊ နည်းပညာ၊ ဈေးကွက်အခြေအနေ၊ စားသုံးသူကြိုက်နှစ်သက်မှု၊ နိုင်ငံတကာစံချိန်စံညွှန်းများသိရမည့်အပြင် မိမိလုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များ အစဉ်လေ့လာပြီး ပိုမိုတိုးတက်စေရန် လုပ်ဆောင်ရမည်ဖြစ်သည်။ ထို့အတွက် ကြီးပွားလိုသော လုပ်ငန်းရှင်တိုင်း ပညာရှင်များ၏ အဆိုအမိန့်ဖြစ်သည့် 'ပိုမိုလေ့လာ ပိုကောင်းအောင်လုပ်'learn more, serve better' ဆိုသည်ကို လက်တွေ့လိုက်နာ ကျင့်သုံးရမည်ဖြစ်သည်။

သတင်းအချက်နည်းပညာခေတ်ဖြစ်၍ လုပ်ငန်းရှင်တိုင်း IT နည်းပညာအခြေခံသုံးတတ်စေရန် ပြင်ဆင်ရမည်ဖြစ်သည်။ သို့မှသာ အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲနေသည့် သတင်းအချက်အလက်များကို အကောင်းဆုံးအသုံးချပြီး မိမိလုပ်ငန်း တိုးတက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတကာနှင့်ပေါင်းစည်းလုပ်ကိုင်မည့် လုပ်ငန်းရှင်တိုင်း အင်္ဂလိပ်ဘာသာစကားပြောဆိုရေးသားတတ်ရန်လိုသလို ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် ပြောင်းလဲမှုများ၊ နိုင်ငံတကာကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်းများ၊ နိုင်ငံတကာ အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ချက်များ စသည်ကို သိရမည်ဖြစ်သည်။

ထို့အတူ လုပ်ငန်းတစ်ခုအောင်မြင်တိုးတက်စေရန်အတွက် မိမိထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုကို တန်ဖိုးပိုမိုမြှင့်တင်ပေးနိုင်သည့်နည်းလမ်းများ (value creation method) သိရှိလိုက်နာ ကျင့်သုံးရမည်ဖြစ်သည်။ ယေဘုယျအားဖြင့် ထုတ်လုပ်မှုလုပ်ငန်းမစတင်မီ မမြင်ရသည့် အပေါ်ပိုင်း (upstream) တွင် မိမိထုတ်ကုန်နှင့်ပတ်သက်၍ ပြုလုပ်ထားသည့် သုတေသနနှင့်ဖွံ့ဖြိုးမှု (R&D) သုံးစွဲမှုအပိုင်းဖြစ်ပြီး R&D သုံးနိုင်လေ မိမိထုတ်ကုန်တန်ဖိုးတိုးတက်မှု အများဆုံးဖြစ်လေ့ရှိသည်။ ဒုတိယအရေးပါသည့်အချက်မှာ ထုတ်ကုန်ဒီဇိုင်းပင်ဖြစ်ပြီး ဆန်းသစ်သောဒီဇိုင်းသည်လည်း ထုတ်ကုန်တန်ဖိုးသိသိသာသာ မြင့်တက်လေ့ရှိသဖြင့် အထူးအရေးပါလာသည်။ ထို့ပြင် ထုတ်လုပ်မှုမပြုလုပ်မီ လိုအပ်သောအင်အားစုများရယူရာတွင်လည်း စရိတ်အနည်းဆုံးဖြစ်စေရန် စီမံရမည်ဖြစ်သည်။ ထုတ်လုပ်မှုပြုလုပ်သည့်အခါတွင်မူ ထုတ်လုပ်မှုပမာဏကို ပျမ်းမျှစရိတ်ကျသည့်အဆင့်ရောက်အောင် ထုတ်လုပ်နိုင်သည့် (scale economies) ဖြစ်ရန်လိုပေသည်။ ထုတ်လုပ်မှုပြီးသည့်နောက်ပိုင်း စားသုံးသူ (endusuer) အထိဖြန့်ဖြူးမည့်အပိုင်း (downstream) တွင်လည်း ဈေးကွက်အရောက် သယ်ပို့ထောက်ပံ့စရိတ် (logistics cost) အနည်းဆုံး ဖြစ်စေရေး၊ မိမိထုတ်ကုန်ကို စားသုံးသူအများသိစေရန်လုပ်ဆောင်ခြင်း (marketing) နှင့် ရောင်းချပြီးသည့် နောက်ပိုင်းတွင်လည်း ဝန်ဆောင်မှုပေးခြင်း (after sales service) တို့ပြုလုပ်နိုင်လေ မိမိထုတ်ကုန်တန်ဖိုးမြင့်တက်လေပင်ဖြစ်သည်။ မိမိထုတ်ကုန်နှင့်ပတ်သက်၍ အာမခံခြင်း၊ တာဝန်ယူ၍ပြင်ဆင်ပေးခြင်း၊ အသစ်လဲပေးခြင်းစသည့် after sales service များများလုပ်ခြင်းဖြင့် ဝယ်ယူစားသုံးသူများ၏ ယုံကြည်မှုမြင့်တက်လာစေပြီး ထုတ်ကုန်နာမည်ကောင်း (brand name) ရရှိလာစေသောကြောင့် လုပ်ငန်းတိုးတက်မှုကို မြင့်မားစေသည်။ ထိုသို့ ဖြစ်လာလျှင် နိုင်ငံတကာလုပ်ငန်းကြီးများနှင့် ပေါင်းစပ်လုပ်ကိုင်နိုင်သည့်အဆင့်ရောက်ရှိနိုင်သလို ပြည်တွင်းဈေးကွက်တစ်စုစည်းဦးတည်ရောင်းချသည့်လုပ်ငန်းအဆင့်မှ နိုင်ငံတကာဈေးကွက်သို့ ဦးတည်ရောင်းချနိုင်သည့်လုပ်ငန်းဖြစ်လာခြင်းဖြင့် စဉ်ဆက်မပြတ်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင်လုပ်ငန်းရှင်တိုင်း မကြာမီပွင့်လာမည့် လုပ်ငန်းသစ်များ လုပ်ကိုင်နိုင်ရန် လေ့လာခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းတို့ကို အထူးအလေးထားလုပ်ဆောင်ရမည်ဖြစ်သည်။

**တစ်ဦးချင်းတိုးတက်မှုမှသည် တိုင်းပြည်တိုးတက်မှု**

ပြည်သူတစ်ဦးချင်းတိုးတက်မှုမရှိဘဲ တိုင်းပြည်တိုးတက်မှု မဖြစ်နိုင်ပေ။ တစ်ဦးချင်း အမှန်တကယ်ပြောင်းလဲတိုးတက်နေပြီလား၊ နိုင်ငံတကာထုတ်လုပ်မှုလုပ်ငန်းကြီးများ၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် အဆင်သင့်ဖြစ်နေပြီလား၊ မကြာမီပွင့်လင်းလာတော့မည့် အလုပ်အကိုင်အခွင့်အလန်းများသိနေပြီလား၊ အဆိုပါလုပ်ငန်းကြီးများတွင် ဝင်ရောက်လုပ်ကိုင်ရန်လိုအပ်သည့် အရည်အချင်းနှင့် ကျွမ်းကျင်မှုများရှိနေပြီလား၊ မည်ကဲ့သို့ ကြိုတင်လေ့လာပြင်ဆင်မည်လဲဆိုသည့်အချက်များ မိမိကိုယ်ကို မေးမြန်းရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတကာနှင့်ဆက်စပ်နေသည့် လုပ်ငန်းများတွင် ပေါင်းစည်းလုပ်ကိုင်ရန်အဆင်သင့်ရှိနေပြီးသားဆိုသည့် မေးခွန်းပင်ဖြစ်သည်။

**မိမိအရည်အသွေး တိုးတက်အောင်အစဉ်ကြိုးစားလုပ်ဆောင်**

မိမိဘဝတိုးတက်ရေး မိမိအပေါ်သာ အဓိကတည်ပါသည်။ အသိပညာခေတ်ဖြစ်၍ အတတ်နှင့် အသိပညာမြင့်မားလေ တိုးတက်လေဖြစ်သည်။ ယှဉ်ပြိုင်မှုမြင့်မားသည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် အခြေခံလုပ်သားမှစ၍ အဆင့်မြင့်စီမံအုပ်ချုပ်မှုများ ရွေးချယ်ခန့်ထားရာတွင် အခြေခံထားသည့်မူမှာ ကျွမ်းကျင်တင်မြှောက်မှု (skill) ပင်ဖြစ်ပြီး ဆက်စပ်နေသည့် ထုတ်လုပ်မှုစွမ်းအား (productivity)၊လုပ်ငန်းစွမ်းဆောင်ရည် (efficiency) မိမိထုတ်ကုန်ကို တာဝန်ယူနိုင်မှု (responsibility) တို့သည်လည်းတိုးတက်မှုကို ပြဋ္ဌာန်းနေသည့် ညွှန်ကိန်းများပင်ဖြစ်သည်။ တတ်မြောက်ကျွမ်းကျင်မှုအပေါ်မူတည်၍ ကျွမ်းကျင်မှုနည်းသည့်အထွေထွေလုပ်သား (low skilled labour) တစ်ဝက်တစ်ပျက်ကျွမ်းကျင်လုပ်သား (semi-skilled labour) ကျွမ်းကျင်လုပ်သား (skilled labour) အဆင့်မြင့် ကျွမ်းကျင်သူများ (highly skilled labour) အထူးကျွမ်းကျင်တတ်မြောက် သူများ (Professional experts) ဟူ၍ ယေဘုယျခွဲခြားထားသော်လည်း အဆင့်တစ်ဆင့်တိုးပွားသွားတိုင်း လုပ်ခ၊ လစာ (သို့) ချီမြင့်ငွေကြေး သိသိသာသာတိုးပွားလာပြီး နောက်ဆုံးအဆင့်ဖြစ်သည့် အထူးကျွမ်းကျင်တတ်မြောက်သူများအတွက် ဝင်ငွေမှာ မည်၍မည်မျှဟုပင် မသတ်မှတ်နိုင်သည့် အကန့်အသတ်မရှိသည့်ဝင်ငွေ (unlimited income) ရရှိသူများပင်ဖြစ်သည်။ ပြည်သူတိုင်း မိမိဘဝတိုးတက်ရေး၊ မိသားစုတိုးတက်ရေးနှင့် တိုင်းပြည်တိုးတက်ရေးတို့အတွက် မိမိတို့၏ ကျွမ်းကျင်တတ်မြောက်မှုအထူးလေးစားကြိုးစားမြှင့်တင်ရတော့မည့်အချိန်ဖြစ်ပါသည်။ လူတိုင်း တစ်ဦးချင်းတိုးတက်မှုရှိမှသာလျှင် တိုင်းပြည်တိုးတက်မှု မျှော်မှန်းနိုင်မည်ဖြစ်သည်။

ယခုအခါ နိုင်ငံတကာနှင့်ဆက်စပ်ရသည့်လုပ်ငန်းများ၊ အဂျင်စီအဖွဲ့အစည်းများ များစွာပေါ်ပေါက်လာသည့်အတွက် ကျွမ်းကျင်မှုရှိသည့်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း များစွာရှိနေပြီဖြစ်သည်။ မြင့်မားသောလုပ်ခလစာရရှိနေသည့်လူငယ်များလည်း ရှိနေပြီဖြစ်သော်လည်း ကျွမ်းကျင်သည့်သူများလိုအပ်နေဆဲဖြစ်သလို မကြာမီ ပိုမိုလိုအပ်တော့မည်ဖြစ်သည်။ AEC အကောင်အထည်ဖော်နေပြီဖြစ်၍ အာဆီယံကျွမ်းကျင်လုပ်သားအဆင့်ဖြစ်အောင် လေ့ကျင့်ထားမည်ဆိုလျှင် အာဆီယံ ၁၀ နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများမျှော်မှန်းနိုင်မည်ဖြစ်သည်။ အလုပ်လုပ်နိုင်သည့် လုပ်သားအင်အားများသော်လည်း ကျွမ်းကျင်မှုပိုင်း အားနည်းနေသည့်အတွက် အခွင့်အလန်းများရှိသော်လည်း မရနိုင်သည့်အခြေအနေကြောင့်လည်း တိုးတက်မှုမဖော်ဆောင်နိုင်ရခြင်းဖြစ်သည်။ ပြောလိုသည်မှာ ယနေ့ခေတ်သည် မိမိသာ တကယ်တတ်မြောက်ကျွမ်းကျင်လျှင် "အလုပ်ကလူကိုရှာသောခေတ်" ရောက်ရှိနေပြီဖြစ်သည်။ မကြာမီ နိုင်ငံတကာနှင့် ဆက်စပ်နေသည့် ထုတ်လုပ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအပြင် ဒေသဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများ ပေါ်ပေါက်လာမှုကြောင့်ဖြစ်ပေါ်လာတော့မည့် သယ်ယူထောက်ပံ့ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ (logistic services)၊ ခရီးသွားလုပ်ငန်း၊ စက်မှုလုပ်ငန်းသစ်များ၊ ဟိုတယ်နှင့် တည်းခိုရေးဆိုင်ရာလုပ်ငန်းများ၊ ဒေသဆိုင်ရာထုတ်ကုန်နှင့်ဝန်ဆောင်မှုများ၊ တဆင့်ခံကုန်သွယ်ရေး (transit trade) ပြန်လည်ပို့ကုန်နှင့် သွင်းကုန်လုပ်ငန်းများ (re - exports & imports)၊ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုထွန်းကားလာတော့မည်ဖြစ်၍ ပြည်သူတိုင်း အဆိုပါလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ရမည် ဖြစ်သည်။ ဆိုလိုသည်မှာ ယနေ့စင်ကာပူနိုင်ငံတွင်လုပ်ဆောင်နေသည့် ကုန်စည်နှင့်ဝန်ဆောင်မှုပို့ကုန်လုပ်ငန်းများအားလုံး မြန်မာနိုင်ငံတွင်လည်း ပေါ်ပေါက်လာတော့မည်ဖြစ်၍ ပြည်သူတိုင်း အထူးကြိုးစားပြင်ဆင်ရမည့် အချိန်ဖြစ်သည်။ မိမိစိတ်ဝင်စားသည့်လုပ်ငန်းအကြောင်း သေချာစွာ သိရှိနားလည်စေရန် အဆိုပါလုပ်ငန်းနှင့်ဆက်စပ်နေသည့် သက်မွေးပညာသင်တန်းများ (vocational training) တက်ရောက်ရန်လိုအပ်သလို မဖြစ်မနေလေ့လာရမည်မှာ အခြေခံကွန်ပျူတာဘာသာရပ်ဖြစ်ပြီး အင်္ဂလိပ်စာကိုလည်း ပြောဆိုရေးသားနိုင်သည့်အဆင့်အထိ တတ်ကျွမ်းအောင် ပြင်ဆင်ရမည်ဖြစ်သည်။

ယခုအခါ smart ဖုန်းများ လူတိုင်းနီးပါးသုံးလာနိုင်သည့်အတွက် အင်တာနက်သုံး၍ လေ့လာဆည်းပူးမှု လုပ်ရမည်ဖြစ်သလို နောက်ဆုံးဖြစ်ပေါ်နေသည့် သတင်းအချက်များအရယူပြီး တိုးတက်မှုအတွက် အသုံးပြုနိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ ထို့အတွက် တိုးတက်လိုသည့်လူတိုင်း ကျင့်သုံးလိုက်နာရမည့်ဆောင်ပုဒ်မှာ ဘဝတစ်လျှောက်လုံးသင်ယူမှုစနစ် (life-long learning system) ပင်ဖြစ်သည်။ မိမိတစ်နေ့တာ အချိန်ကို လေ့လာသင်ယူမှုအတွက် စနစ်တကျအချိန်သတ်မှတ်ထားပြီး စဉ်ဆက်မပြတ်လုပ်ဆောင်ရမည်ဖြစ်သည်။ တိုးတက်လိုသည့်လူတိုင်း အခြားသူများကို ပြိုင်ရန်မလိုဘဲ တစ်ရက်ပြီးတစ်ရက် မိမိကိုယ်ကို ယှဉ်ပြိုင်ခြင်းနည်းလမ်းကို ကျင့်သုံးဖော်ဆောင်သင့်ပေသည်။

**အမျိုးသားရေးတာဝန်**

တိုင်းပြည် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုသည် ပြည်သူတစ်ရပ်လုံး၏ အလိုလားဆုံးဆန္ဒဖြစ်သည့်အတွက် အစိုးရသစ်အနေဖြင့် အထူးဦးစားပေးဆောင်ရွက်နေပြီဖြစ်သည်။ သို့သော် မြန်မာ့စီးပွားရေးကို အဓိကမောင်းနှင်သည့် ပြည်သူများ၏ တိုးတက်မှုကိုဖော်ဆောင်သည့် ကြိုးစားအားထုတ်မှုနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းပါဝင်မှုမရှိလျှင် စီးပွားရေးတိုးတက်မှု ဖော်ဆောင်နိုင်မည်မဟုတ်ပေ။ အထူးသတိပြုရမည်မှာ စိန်ခေါ်မှုများအနက် တိုးတက်မှုကို အဟန့်အတားပြုနေသည့် ပြည်တွင်းမတည်ငြိမ်မှုများ၊ ကောလာဟလမမှန်သတင်းများ၊ စည်းမျဉ်းစည်းကမ်းချိုးဖောက်မှုများ၊ ဖျက်လိုဖျက်ဆီးပြုလိုသူများ စသည်တို့ကိုလည်း တက်ကြွသည့်ပြည်သူများအနေဖြင့် အစိုးရနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းကြရန် အထူးလိုအပ်ပေသည်။ ထို့အတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူတစ်ရပ်လုံး နိုင်ငံတကာနှင့် စီးပွားရေးပိုမိုပေါင်းစည်းနိုင်ရေးအတွက် ယနေ့မှစ၍ အထူးကြိုးစား လိုက်နာကျင့်သုံးမည်ဆိုလျှင် အချိန်တိုကာလအတွင်း သိသာသည့် တိုင်းပြည်စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ တိုင်းပြည်စီးပွားရေး စဉ်ဆက်မပြတ် သိသိသာသာတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ အထူးနိုးကြားကြိုးစားရမည် ဖြစ်ပေသည်။

> "မြန်မာ့စီးပွားရေးကို အဓိကမောင်းနှင်သည့် ပြည်သူများ၏ တိုးတက်မှုကိုဖော်ဆောင်သည့် ကြိုးစားအားထုတ်မှုနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းပါဝင်မှုမရှိလျှင် စီးပွားရေးတိုးတက်မှု ဖော်ဆောင်နိုင်မည်မဟုတ် . . ."

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

AYA Bank ဧရာဝတီဘဏ် မှ

ဘဏ်ခွဲပေါင်း **200** တိတိအား

အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်

AYA Bank မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းမြောက်ပါကြောင်း

နှင့်

AYA Bank နောင်နှစ်ပေါင်းများစွာတိုင်အောင်

ဆတက်ထမ်းပိုး အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့

AMPS

Aung Myin Pyae Sone Co.,Ltd.

OSC Hospital

# ကြော်ငြာ

Hmwe Taunggyi Business Group Travel & Tours Co.,Ltd.
Hot Line - 01-200952
**သာကီနွယ်** ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး
နှစ်သစ်ကူးဇန်နဝါရီလအထူး Promotion ခရီးစဉ်ကြီး Jan - 14,21,26
(၁၅)ရက် – ကျသင့်ငွေ (၁၂၅)သိန်း အစား {၁၀.၉} သိန်း
(၈) ရက် – ကျသင့်ငွေ (၁၁၅)သိန်း အစား {၈.၉} သိန်း
ဝန်ဆောင်မှုနှင့်စိတ်ချမ်းသာမှုအပြည့်အဝ ဈေးနှုန်းအသက်သာဆုံး ဘုရားဌာနနေရာဒေသအစုံဘုရားဖူးချင်သူများအတွက် အပိုကြေးလုံးဝကောက်ထားခြင်းမရှိ တိတိကျကျစရိတ်ငြိမ်း (၁၆)ဦး(၁)ဦးအခမဲ့ (၁၀)ဦးလျှင်(၁)ဦး (၅%)အပတ်စဉ် အငြိ ၊ စနေ နေ့တိုင်းထွက်ရှိပါမည်၊
Feb - 2,16,18,23,28 / Mar - 2,11,14,18,21,25 /Apr - 1,8,11,18
ရုံးချုပ် - အမှတ်(၁၀၅)၊ ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၊
ရန်ကုန် - ၀၉- ၇၇၈၈၂၂၂၆၀
မန္တလေး - ၀၂- ၂၄၅၄၀ ၊ ၀၉- ၇၇၈၈၂၂၂၅၀ တောင်ကြီး - ၀၈၁-၂၀၀၁၇၃ ၊ ၀၉- ၇၇၈၈၂၂၂၄၀

ထွန်းမြတ်ထိဇ်
Car Rental Service
ရန်ကုန်မြို့တွင်း/နယ်ခရီး
ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
Ph:09 420292051, 09 73180626, 09 5086249, 09 455086249.

FORWARD (YGN)
Travel & Tour Co.,Ltd
ချောင်းသာ နေ့စဉ်
09 259259180
09 259259181
09 259259182

**အမည်မှန်**
ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၁/၃၅)ရပ်ကွက်၊ အမှတ်(၅၁၂/ခ)၊ ရွှေလင်းယုန်လမ်းနေ ဦးအေးကို-ဒေါ်တင်တင်အောင်တို့၏ သမီး မစုစုငွေ၏အမည်မှန်မှာ မစုစုဇင်ဖြစ်ပါကြောင်း။

လုပ်ငန်းလိုင်စင် အမှတ်(...) ချမ်းမြေ့စေသာ
**တိုးပဒေသာ** ဗုဒ္ဓဂယာ ဘုရားဖူးခရီးသွားလုပ်ငန်း
Hot Line Ph : 01-8560524
ဗုဒ္ဓဂယာမြေမြတ်မဟာသို့ ဘုရားဖူးလိုသူများအတွက် ၂၀၁၇နှစ်ဦး (Promotion) ခရီးစဉ်များကို ချိုသာသောဈေးနှုန်း၊ အကောင်းဆုံးသောဝန်ဆောင်မှုတို့ဖြင့် လစဉ် (၁လ ၂ကြိမ်)ကသိုလ်ယူပို့ဆောင်ပေးနေပါသည်။

| | |
|---|---|
| 14Day-15Night | ယခင် 1150000 မှ ယခု 1050000 + Passport |
| 11Day-12Night | ယခင် 1050000 မှ ယခု 950000 + Passport |
| 7Day-8Night | ယခင် 1000000 မှ ယခု 900000 + Passport |

Jan -3,21 Mar -13,25
Feb -9,28 Apr -1,11,13
2017 Special Discounts
ဘုရားဌာနအစုံ ပို့ဆောင်ခြင်း၊ တရားထိုင်ရန် အချိန်ပေးခြင်း၊ ကျန်းမာရေးဝန်ဆောင်မှု ပါရှိခြင်း၊ အပိုကြေးငွေ လုံးဝမကောက်ခံခြင်း၊ သံဃာတော်နှင့် သီလရှင်များအတွက် အထူးဈေးနှုန်းဖြင့် ကသိုလ်ယူခြင်း၊ နယ်ခရီးသည်များအတွက် တည်းခိုရန် စီစဉ်ပေးခြင်း၊ ကုမ္ပဏီအလိုက် မိသားစုအလိုက်၊ သီးသန့်အဖွဲ့အစည်းလိုက် စီစဉ်ပေးခြင်း။
21 January 2017 မှ 13 April 2017 အထိ (၂)လ ကြိုတင်စာရင်းပေးသွင်းပြီး Discount များရယူလိုက်ပါ။
SH1 - 201 ကုန်တိုက်ကွန်ဒို၊ ဝေဇယန္တာလမ်း၊ Orange အနီး၊ သင်္ဃန်းကျွန်း၊ ရန်ကုန်။
ဆက်သွယ်ရန် - 09-781888840, 09-250150552, 09-420030679, 09-420056975

KMD Institute
ISO
ကွန်ပျူတာသင်တန်း အပ်နှံသူတိုင်းအတွက်
နှစ်သစ်ကူးအကြို အထူးအစီအစဉ်...
(၁–၃)ရက်၊ ဇန်နဝါရီလ၊ ၂၀၁၇။
Application & Professional Courses
20% To 50% Discount
ပလာမပါကံစမ်းမဲ အစီအစဉ်...
HOT LINE 09 262 600450
(ပန်းဆိုးတန်း) ၃၈၁၀၃၅ ၃၉၁၂၈၆ | (မြေနီကုန်း) ၅၂၇၄၃၆ ၅၀၂၂၃၃ | (လမ်းမတော်) ၂၂၀၅၅၅ | (တာမွေ) ၅၄၁၃၂၈ | လှည်းတန်း(၁)၊(၂) ၅၂၄၄၀၀ ၅၀၂၂၁၁ | (သိမ်ကြီးဈေး) ၃၈၄၂၆၈ ၃၈၄၆၄၁

လှိုင်မင်းလတ်
စာရင်းကိုင်သင်တန်း June Series / 2017
LCCI & Dip: IFR

| Level I+II | သင်တန်းချိန် | စမည့်ရက် |
|---|---|---|
| Sec(A) Sat+Sun | 7-9 (am) | 24.Dec |
| Sec(B) Sat+Sun | 9-11 (am) | 24.Dec |
| Sec(C) Sun | 11-3 (pm) | 1.Jan |
| Sec(D) Mon+Tue | 6-8 (pm) | 2.Jan |
| Sec(E) Sat | 11-3 (pm) | 7.Jan |
| Sec(F) Fri | 12-4 (pm) | 13.Jan |
| Sec(G) Tue to Fri | 12-3(pm) | 16.Jan |

| Level III | သင်တန်းချိန် | စမည့်ရက် |
|---|---|---|
| Sec(A) Sat+Sun | 3- 8 (pm) | 24.Dec |
| Sec(B) Wed to Sun | 6- 8 (pm) | 5.Jan |
| Sec(C) Tue to Fri | 8-12 (am) | 10.Jan |

Dec / Jan တန်းခွဲသစ်မေည်
နံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ၊
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်၊ လှည်းတန်းမှတ်တိုင်အနီး၊ ရန်ကုန်




သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့


၁၄.၁.၂၀၁၇ (စနေနေ့) ည ၇:၀၀နာရီ အမျိုးသားဇာတ်ရုံ (မြို့မကျောင်းလမ်း)
ဆရာကြီး ဒေါက်တာမောင်မောင်ခ (ဆရာခ)
ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း)
ရာပြည့်အထိမ်းအမှတ် ရန်ပုံငွေဂီတပျော်ပွဲ
TICKETS
50,000
40,000
30,000
20,000
7,000
Main sponsor
Co-sponsor
Brocasting sponsor
sponsor
ASIA EXPRESS
MRTV-4
Channel7
EVOLIS
ဖစ်တာခင်ညို၊ ခိုင်ထူး၊ တူးတူး၊ Rဇာနည်၊ မေဆွိ၊ ထွန်းအိန္ဒြာဗိုလ်၊ တင်ဇာမော် – PLUS THREE Music Band
MMTIX Ticketing Hotline 09451010789, 09782097436


POLAR FROST® Pain Relieving Cold Gel
FINLAND
Polar Frost Pain Relieving Gel သည် ကြွက်သားနာကျင်ခြင်း၊ ဒူးနာခြင်း၊ ခါးနာခြင်း၊ အရိုးအကြောနှင့် ပတ်သက်သော ရောဂါများ၊ အသစ်အဖြစ်ရောင်ခြင်း၊ အားကစားသမားများ ထိခိုက်ဒဏ်ရာရခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။
150ml Tube
75 ml Roll on
5g နှင့် 500ml pump ဗူးများကို ဖုန်း – ၀၉-၅၁၀၈၃၇၄ တွင် ရောင်းချပေးပါသည်။
5g sachet
500ml Pump
CE Approved
FDA
MM Reg No. 1809AA6180
MADE IN FINLAND
- City Mart ဆိုင်ခွဲများ ၊ စိန်ဂေဟာဆိုင်ခွဲများ ၊ CAPITAL hypermarket ၊ Gandamar Wholesale ၊ RUBY MART ၊ ဦးမြသန်းဆေးဆိုင်(ရွှေမင်္ဂလာဈေး) ၀၉-၅၁၀၈၃၇၄


ဆရာဦးမြင့်ဦး (အောင်ပွဲဝင်ရှုပဒေ) ဦးစီးတည်ထောင်၍ ဆရာမ ဒေါ်မြတ်သီတာဦး နှင့် ဆရာပြိမ်းချမ်းစီစဉ်သည်။
(ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်အမှတ် - ကကယ-၁၃/၁၅/၀၄၂)
Pahña Aung Myey PRIVATE HIGH SCHOOL
ပညာအောင်မြေ
ကိုယ်ပိုင်အထက်တန်းကျောင်း (၅တန်းမှ၁၀တန်းအထိ)
အဆင့်မြင့်ဘော်ဒါနှင့် နေ့တက်ဘော်ဒါ
'ပညာအောင်မြေ'၏ ရည်မှန်းချက်
Physical Education, Musics, Fine Arts, Basic Computer Course, Language
၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ
အောင်မြေ
ကျောင်းတည်နေရာ
Ph : 09-25 222 9991, 09-25 222 9992, 09-25 222 9993, 09 730 33212
ကျောင်းကားရှိသည်


Ocean SUPERCENTER
Panasonic
Panasonic
YEAR END FESTIVAL
22nd Dec, 2016 ~ 4th Jan, 2017
Ocean Supercenter (North Point Branch)
Ph : 01 - 652959, 652960, 652961, 652962
Ocean Supercenter (Pazundaung Branch)
Ph : 01 - 397146, 397149, 397906, 397907
Ocean Supercenter (Shwe Gone Daing Branch)
Ph : 01 - 8603868
Ocean Supercenter (Diamond Plaza Mandalay Branch)
Ph : 09 - 73189726, 09 - 73031503, 02 - 67187
Ocean Supercenter (Mingalar Mandalay Branch)
Ph : 02 - 2000112~115
Ocean Supercenter (Junction Centre Nay Pyi Taw Branch)
Ph : 067 - 421619, 421620
Ocean Supercenter (Ottarathiri Naypyitaw Branch)
Ph : 067 - 417620 ~ 21
Ocean Supercenter (Monywar Branch)
Ph : 071 - 28372 ~ 73
Ocean Supercenter (Mawlamyine Branch)
Ph : 057 - 24137, 24187
Ocean Supercenter (Pathine Branch)
Ph : 04 - 223978, 223975

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးတင်ထွန်း(သစ်ထုတ်ရေး၌ာန)-ဒေါ်ခင်စန်းဝေ
(လက်ထောက်မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)တို့၏ တစ်ဦးတည်းသောသား

**မောင်ကောင်းထွန်း**

နှင့်

ရန်ကုန်မြို့နေ ဦးကျော်ညွန့် [Chief Engineer (Raffles Technical Services)]-ဒေါ်ဝင့်သီဂီ
(အင်ကြင်းသက်န်းထုတ်လုပ်ဖြန့်ချိရေး)တို့၏ တစ်ဦးတည်းသောသမီး

**မဖူးယမုံကျော်**

တို့၏ ၁၇-၁-၂၀၁၅ရက်တွင် SEDONA HOTEL (Mindon Hall) ၌ စေ့စပ်ကြောင်းလမ်းခြင်း မင်္ဂလာပြုလုပ်ခဲ့ပြီး ၁၇-၁၂-၂၀၁၆ရက်တွင် NOVOTEL YANGON MAX HOTEL (Yangon Ballroom) ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော Captain ဦးကျော်သူ (MAERSK LINE)နှင့် ဇနီး ဒေါ်ဟန်နီစိုး၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးညွန့်ဝင်း (ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)နှင့် ဇနီး ဒေါ်မိမိအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဘဘ ဦးညွန့်ဌေးနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ကြီးကြီး ဒေါ်နီလာရွှေ (ကြာငါးခိုင်သက်န်းတိုက်) အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ မေတ္တာဖြင့် တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဇနီးများ၊ မြန်မာ့သစ်လုပ်ငန်းအရာထမ်း၊ အမှုထမ်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုး၊ မင်္ဂလာပန်းကြဲပေးပါသော မဝင်းသပြေထွန်း၊ မင်္ဂလာစံပယ်ပန်းကုံးကလာပ်ကိုင်ဆောင်ပေးပါသော မသက်မှူးစံ၊ မင်္ဂလာစိန်လက်စွပ်ကလာပ်ကိုင်ဆောင်ပေးပါသော မကြယ်ဖြူမိုးသန့်၊ မင်္ဂလာသတို့သားအရံ မောင်ကျော်နိုင်ဝင်းနှင့် မောင်သက်ပိုင်စိုး၊ မင်္ဂလာသတို့သမီးအရံ မဆုဆုဝတ်ရည်နှင့် မငုဝါခိုင်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများအား မေတ္တာဖြင့်ဖျော်ဖြေပေးပါသော ကိုဖိုးသောကြာ၊ မလီလီနိုင်ကျော်၊ ကိုဒိုဒိုးနှင့် ဦးရန်ပိုင်စိုး တေးဂီတအဖွဲ့၊ မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးပါသော သီရိသုဓမ္မသိင်္ဂီ ဒေါ်နုနုငယ် (Nu Nu Gems & Jewellery)၊ အခမ်းအနားပန်းအလှဆင်မြန်းပေးပါသော ဒေါ်နီနီအောင် (Bling Bling Floral)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံနှင့် Evening Dress ဖန်တီးပေးပါသော Designer မျိုးမင်းစိုး (မန္တလေး)၊ မိတ်ကပ်ဆံပင်အလှဖန်တီးပေးပါသော မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းဓာတ်ပုံ Video နှင့် Pre Wedding ရိုက်ကူးပေးပါသော (Forever) နှင့်အဖွဲ့၊ မင်္ဂလာမော်တော်ယာဉ်အား မေတ္တာဖြင့်စီစဉ်ပေးပါသော နေပြည်တော်မှ ကိုကျော်ကျော်လင်းနှင့်ဇနီး မမေမိုးအားလည်းကောင်း၊ ၁၇-၁၂-၂၀၁၆ရက်တွင် CHATRIUM HOTEL (Poolside) ၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော မတင်မိုးလွင်နှင့် တေးဂီတအဖွဲ့၊ မိုးပျံပူဖောင်းများ လွှတ်တင်ပေးပါသော သားသားမီးမီးများအားလည်းကောင်း၊ NOVOTEL YANGON MAX HOTEL နှင့် CHATRIUM HOTEL မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကောင်းထွန်း-မဖူးယမုံကျော်**



CTH
INSPIRO INSTITUTE
CTH, UK Tourism Diploma သင်တန်းများအတွက်
100% SCHOLARSHIP
အတွက်လျှောက်ထားနိုင်ပါရန်ခေါ်ယူခြင်း

UK နိုင်ငံရှိ Confederation of Tourism and Hospitality (CTH) နှင့် မြန်မာနိုင်ငံရှိ Inspiro Institute တို့ ပူးပေါင်းဖွင့်လှစ်သည့် CTH Management Diploma သင်တန်းများအတွက် Scholarship များကိုပေးအပ်သွားမည်ဖြစ်ပါသည်။

အနည်းဆုံး 20% သင်တန်းကြေး သက်သာခွင့် ရရှိမည်ဖြစ်ပြီး မိမိ၏ပညာအရည်အချင်း၊ ပညာရပ်ဆိုင်ရာ ထူးချွန်မှု၊ လုပ်ငန်းခွင်စွမ်းဆောင်အောင်မြင်မှု၊ Tourism Industry ပေါ်တွင် စိတ်ပါဝင်စားမှု၊ တက်ရောက်လိုသောရည်ရွယ်ချက် စသည်တို့ အပေါ်တွင်မူတည်ပြီး 100 % သင်တန်းကြေးသက်သာခွင့် Full Scholarship အထိ ရရှိသွားနိုင်မည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ နှင့် တက္ကသိုလ်ပထမနှစ်တက်ရောက်နေသူများအတွက်၊ Tourism Industry သို့ဝင်ရောက်ရန်အခြေခံကောင်းများရရှိစေမည့် Level 4 Diploma in Tourism Management၊

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ သို့မဟုတ် လုပ်ငန်းခွင်တွင်း လုပ်ကိုင်နေသူများအတွက် လုပ်ငန်းခွင်တွင်တိုက်ရိုက်အသုံးချနိုင်မည့် Level 5 Diploma in Tourism Management
Scholarshipလျှောက်ထားလိုသူများသည် Scholarship Interview ဖြေဆိုရန်လိုအပ်ပြီး 09978786465 သို့ ကြိုတင် appointment လုပ်ထားရန်လိုပါသည်။

14 January 2017 နေ့အထိ နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

ကန့်သတ်လူဦးရေကျော်လွန်ပါကစောလျှင်စွာလျှောက်ထားသူများကိုဦးစားပေးမည်ဖြစ်ပါသည်။ (First Come First Serve Basis)

Scholarship မလျှောက်ထားသူများအတွက်လည်း Affiliate discount နှင့် Scholarship အစီအစဉ်များ ပုံမှန်အတိုင်း စီစဉ်ထားရှိပါသည်။

စုံစမ်းရန် 09257776667

09257776667
F38 First Floor Pearl Condo Tower A
Bahan, Yangon

ဆိုင်ခန်းကျယ်အမြန်ငှားမည်
နေပြည်တော်-ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနား-တောင်ညိုလမ်းမကြီး၊ အမှတ် ၇/၁၊ ဆင်ရတနာ-မြင်းရတနာအနီး၊ လူစည်ကားပြီး အချက်အချာ ကျသောနေရာ၌ ၂၉ပေx၅၀ပေ မှန်လုံအံဆွဲကွန်များတပ်ဆင်ပြီး ဆိုင်ဖွင့်ရန်အသင့် (မြေညီအပါအဝင်နှစ်ထပ်) ဆိုင်ခန်းကျယ်အမြန်ငှားမည်။
Ph : 09 5000 673, 09 5151576, 09 5154164

Yaung Chi Thit Lin Moving Service Co.,Ltd
YCT ရောင်ခြည်သစ် (လင်း)
အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှုကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773





Merry Christmas &
Happy New Year 2017

Oramin-G
အဆင့်မြင့်ဂျင်ဆင်းအားဆေး

MARKETED BY: AA MEDICAL PRODUCTS LTD.
TEL : (01) 249590~93, 391644~50
MEDICAL

ခန္ဓာသန်စွမ်းစိတ်ရွှင်လန်းဖို့
'အော်ရာမင်–ဂျီ' ကိုသောက်ကြပါစို့ …

မူးလျှင်ရှူ-မောလျှင်သောက်
ရွှေမန်းတောင် အမှတ်တံဆိပ်
ပန်းပေါင်းစုံ သွေးဆေး
TMR000849(0516)

ရွှေမန်းတောင် အမှတ်တံဆိပ်
သွေးတိုးကျဆေးပြား
TMR012467(1116)
ကြော်ငြာခွင့်ပြုအမှတ် - ဝ၁ဆသတ (စာနယ်ဇင်း) 062/1014
ဖြန့်ချိရေး-အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄။

အခြေခံကောင်းစေလိုရင် " ပညာရှာ "မှာ ကျောင်းတက်စို့
PNY EC
ပညာရှာ အဆင့်မြင့်ဘော်ဒါ နှင့် နေ့တက်ကျောင်း
၂၀၁၇-၂၀၁၈ အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။



လူဦးရေ ☞ ၈ တန်း - ၁၀ ဦး / ၉ တန်း - ၂၀ ဦး / ၁၀ တန်း - ၃၀ ဦး အမြန်စာရင်းသွင်းပါရန်
အမှတ်(၇၇)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့။
☎: 01-510617 📱: 09-5055412, 09-96 5055412

MALIKHA DIAGNOSTIC MEDICAL CENTRE
မလိခ ရောဂါရှာဖွေရေးနှင့်အထူးကုစင်တာ
Open Daily : 8AM to 8PM



" Heart Disease is not something to be worried about leave it to us".

နှလုံးရောဂါ ဝေဒနာရှင်များအတွက် ထိုင်းနိုင်ငံ Phyathai 3 Hospital မှ နှလုံးအထူးကုသမားတော်ကြီး Dr.Suwat Kongdamrongkiat, Chief of Cardiac Department & Invasive Cardiologist, Diploma in Cardiology (Internal Medicine) and Coronary Artery Surgery, The Royal College of Physicians of Thailand ဦးဆောင်သော နှလုံးအထူးကုအဖွဲ့သည် မလိခရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း၌ (၇-၁-၂၀၁၇) နှင့် (၈-၁-၂၀၁၇) နေ့များတွင် ပြင်ပလူနာ ကြည့်ရှုခြင်းနှင့် ဆွေးနွေးကုသခြင်းများကို နိုင်ငံတကာအဆင့်မီဝန်ဆောင်မှု ပေးခြင်းဖြင့်ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် Appointment များအား အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် ကြိုတင်စာရင်းပေးသွင်းနိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ထို့အပြင် ဆရာဝန်ကြီးသည် မြန်မာနိုင်ငံသို့ လာရောက်ကုသမှုများကို လစဉ် လတိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ထပ်ဆင့်သတင်းကောင်း ပါးအပ်ပါသည်။

Malikha Healthcare For Quality & Service Excellence
အမှတ်-၁၀၊ သီရိမင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ (ကံမြင့်ဘုန်းကြီးကျောင်းရှေ့)
Ph:01-2304758,2304759,2304760 Hot Line:09-252280079

Myanmar Noble College
edexcel Approved Centre No.93711

UK နိုင်ငံ Edexcel ပညာရေးအဖွဲ့မှ တိုက်ရိုက်ချီးမြှင့်မည့် Higher National Diploma (HND) တန်းခွဲကို တက်ရောက်ရန်အတွက် Myanmar Noble College တွင် Foundation Course ကို January Intake တွင်ဖွင့်လှစ်ပါမည်။

Higher National Diploma Courses
- Engineering (Civil / Mechanical / Electrical & Electronics)
- Business
- Computing (IT)




တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ထူးချွန်စွာအောင်မြင်သော ကျောင်းသား/ကျောင်းသူများအတွက် Scholarship အစီအစဉ်
- တစ်ဘာသာဂုဏ်ထူးရှင် (၁) သိန်း
- နှစ်ဘာသာဂုဏ်ထူးရှင် (၂) သိန်း
- သုံးဘာသာဂုဏ်ထူးရှင် (၄) သိန်း
- လေးဘာသာဂုဏ်ထူးရှင် (၈) သိန်း
- ငါးဘာသာဂုဏ်ထူးရှင် (၁၀) သိန်း
- ခြောက်ဘာသာဂုဏ်ထူးရှင် (၁၅) သိန်း

IGCSE စာမေးပွဲတွင် A* တစ်ဘာသာလျှင် (၃) သိန်း A တစ်ဘာသာလျှင် (၂)သိန်း Scholarship ချီးမြှင့်မည်ဖြစ်ပါသည်။

>> Foundation Course
လိုအပ်သောအရည်အချင်း ● အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ
● GCE 'O' Level, IGCSE နှင့် LCCI Level "3" အောင်မြင်ပြီးသူများ

No.6(A), Kyoe Sett Yone Street, (B) Quarter, Thuwunna, Thingankyun Tsp, Ygn.
01-2331257 / 01-2331276 / 01-2331264 / 09-780639577


သစ်ပင်စိုက်ပါ ဒို့ကမ္ဘာသာယာလှပစိမ်းမြဲမြဲ

**GOLDEN CITY**
ကျောင်းသား (စား/တည်း/ငြိမ်း)
၃၅၀၀၀/-၅၅၀၀၀/- (ခုနစ်)
(စား/တည်း-ငြိမ်း) ၅၅၀၀၀/- DEC 30
09-450765726,09-454466958

**MIHARA**
မြဝတီ-မိဆောက်
ခရီးစဉ် (အပတ်စဉ်)
Car Rental Services
09-785025400, 09-5025400

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

Since 1985
**ခေတ်တန်ခူး**
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်/မြဝတီ
01-392704, 09 73017110
09795066657,09785066657

Wishing our community of friends, families, students and colleagues a truly joyous holiday season filled with peace, love, health and prosperity!

HAppy New Year 2017

"Fit Brains Gain More"
**BRAINWORKS**
K-12 INTEGRATED SCHOOL
•Pre-School •Primary •Weekend English

**TOTAL LEARNING ACADEMY**

| Tamwe | 41st Street | Kyi Myin Daing | Sanchaung | Aung Zeya | Thingangyun | Taunggyi | Kamayut | North Dagon |
|---|---|---|---|---|---|---|---|---|
| 01 401592 - 4 | 01 376010, 376022 | 01 2300 715 - 6 | 01 526456 | 09 262934441-2 | 01 8551360 - 3 | 081 206841-4 | 09 31714586 | 09796206884 |

www.brainworks-total.com

UP to 90% Discount
**YANGON DISCOUNT FAIR 2017**
Lifestyle . Living . Foodstuff
ဈေးပွဲတော်ကြီး
ဇန်နဝါရီလ (၂ – ၄) ရက် ၊ ၂၀၁၇ ခုနှစ်
HOTLINE 09 - 7730 555 06
Diamond Sponsor: TOYOTA Aye and Sons
Platinum Sponsor: POPULAR
Gold Sponsor: COOK, MEIZU
Partners: Zay, MBC, AYA Bank
PENTASTELLAR EVENT MANAGEMENT

**ROYAL STAR**
ခေတ်မီလုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်များကို
(အရောက်ပို့ စရိတ်ငြိမ်း) ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့်
Ph: 09-50 54 189, 09-50 63 596

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
09-73122029, 09-253065979

**မန္တလာသား**
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
14' Box ကားများဖြင့်
Ph: 09-770639155
09-770639166

**ရွှေမြင့်မိုရ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
Ph:09-450093119
09-263119919
09-777565619

**ဟန်းဂု (HANGUK)** ကိုရီးယားဘာသာစကားသင်တန်း
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915

ပါကေး အစားထိုး ကြမ်းခင်း
New Year Special Promotion
Since 1996 Home
Buy Flooring → Get Box
* Grade A,B,C,D
HOTLINE: 09-79 700 70 70
09-79 700 70 80



ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING




TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46
အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။



**apple**
Ginseng Silky Hair Coat
FDA မှ အလုပ်ထုတ်လုပ်ခွင့်
Apple Production Co., Ltd.

**အောင်ချမ်းသာ**
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
DYNA 14',16'
09 43182828
09 73140091
09 5037847

**ဒဂုံမြို့သစ်**
09-6809893
09-5120620


နှစ်သစ်မှာ အားလုံးအားလုံးပျော်ဖို့
HAPPY
Happy New Year
HAPPY

## ကြော်ငြာ

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းသန်းလှ
### အသက် (၅၃) နှစ်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးသိန်း၏ဇနီး ဒေါ်သန်းသန်းလှသည် ၃၀-၁၂-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်သမ္မတရုံးဝန်ထမ်းမိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းသန်းလှ
### အသက် (၅၃) နှစ်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးသိန်း၏ဇနီး ဒေါ်သန်းသန်းလှသည် ၃၀-၁၂-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်သန်းသင်းနှင့်ဇနီး ဒေါ်ခင်မြတ်မြတ်ထွန်း**

### ဒေါ်သန်းသန်းလှ(ခ)မိုးမိုး (၅၃)နှစ်
**B.A (History)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ (၂၇)ရပ်ကွက်၊ ပင်လုံအိမ်ရာအပိုင်း(၂)၊ ပင်လုံ(၁)လမ်း၊ အမှတ်(၅၉)နေ ဦးသန်းထွန်း- (ဒေါ်စောလှ) တို့၏ သမီးလတ်၊ (ဦးခင်မောင်လတ်)-ဒေါ်တင်ညွန့်တို့၏ သမီးချွေးမ၊ ဦးအောင်စိုးသိန်း [ဒု-ညွှန်ချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ နေပြည်တော်]၏ ချစ်လှစွာသောဇနီး၊ မောင်ကောင်းလှ (MPT-JO, Commercial Department)၊ မောင်အောင်မြင် (ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသော မိခင် ဒေါ်သန်းသန်းလှ (ခ)မိုးမိုးသည် ၃၀-၁၂-၂၀၁၆ (သောကြာနေ့) နံနက် ၀၀း၄၅ နာရီတွင် ရန်ကုန်မြို့၊ ဆာကူရာဆေးရုံအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်သန်းသန်းလှ(ခ)မိုးမိုး (၅၃)နှစ်
**B.A (History)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ (၂၇)ရပ်ကွက်၊ ပင်လုံအိမ်ရာအပိုင်း(၂)၊ ပင်လုံ(၁)လမ်း၊ အမှတ်(၅၉)နေ ဦးသန်းထွန်း- (ဒေါ်စောလှ) တို့၏ သမီးလတ်၊ (ဦးခင်မောင်လတ်)-ဒေါ်တင်ညွန့်တို့၏ သမီးချွေးမ၊ ဦးအောင်စိုးသိန်း [ဒု-ညွှန်ချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ နေပြည်တော်]၏ ချစ်လှစွာသော ဇနီး၊ အရာခံဗိုလ်ထွန်းဝေ(စစ်ရေယာဉ်စု-၃၆)-ဒေါ်စုစုဌေး၊ ဗိုလ်မှူးကြီးဝင်းနိုင်(ငြိမ်း)-ဒေါ်နှင်းဆီတို့၏ ညီမ၊ ဦးစိုးမြင့်ထွန်း-ဒေါ်အေးအေး(ခေတ္တ-ဂျပန်)၊ ဦးဝင်းထွန်း-ဒေါ်သီတာသိန်း၊ ဦးနောင်နောင်လွင်-ဒေါ်ခိုင်စိုးမော်တို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ အဒေါ် ဒေါ်သန်းသန်းလှ(ခ)မိုးမိုးသည် ၃၀-၁၂-၂၀၁၆ (သောကြာနေ့) နံနက် ၀၀း၄၅ နာရီတွင် ရန်ကုန်မြို့၊ ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဒေါ်သန်းသန်းလှ(ခ)မိုးမိုး (၅၃)နှစ်
**B.A (History)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ (၂၇)ရပ်ကွက်၊ ပင်လုံအိမ်ရာအပိုင်း(၂)၊ ပင်လုံ(၁)လမ်း၊ အမှတ်(၅၉)နေ ဦးသန်းထွန်း- (ဒေါ်စောလှ) တို့၏ သမီးလတ်၊ (ဦးခင်မောင်လတ်)-ဒေါ်တင်ညွန့်တို့၏ သမီးချွေးမ၊ ဦးအောင်စိုးသိန်း [ဒု-ညွှန်ချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ နေပြည်တော်]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာလှထွန်း(ခေတ္တ-စင်ကာပူ)၊ ဦးကြည်သန်း-ဒေါ်နီနီခင်၊ ဒေါ်ခင်သန်းစိန်၊ ဦးအောင်မျိုးမြင့်-ဒေါ်ခင်အေးမူတို့၏ ညီမ၊ ဦးသန်းမြင့်ဦး-ဒေါ်ခင်သွယ်သွယ်အောင်တို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ အဒေါ် ဒေါ်သန်းသန်းလှ(ခ)မိုးမိုးသည် ၃၀-၁၂-၂၀၁၆ (သောကြာနေ့) နံနက် ၀၀း၄၅ နာရီတွင် ရန်ကုန်မြို့၊ ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေး ဝန်ထမ်းဟောင်းများအသင်း
### ဒေါ်မြင့်မြင့်ခင် (၇၇)နှစ်
**ရုံးအုပ်(ငြိမ်း)**
**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ငြိမ်း)**
**အသင်းဝင်အမှတ် (၀၆၃၂)**

ရန်ကုန်မြို့၊ အမှတ်(၇၇)၊ ပထမထပ် ဒဂုံသီရိလမ်း၊ ကျောက်မြောင်းနေ ကန်တော့ခံ ဒေါ်မြင့်မြင့်ခင်သည် ၂၈-၁၂-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၆ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

### ဦးကျော်စိုး (၅၈)နှစ်
**အငြိမ်းစားဗိုလ်ကြီး (တပ်မတော်-ရေ)**

ရန်ကုန်မြို့၊အမှတ်-၂/ဟ၊ သာယာအေးလမ်းသွယ်(၃)၊ ၃ရပ်ကွက်၊ သမိုင်းနေ (ဦးစိုးလှိုင်-ဒေါ်သန်းနွယ်)တို့၏ သားကြီး၊ ဒေါ်မာမာစိုး-ဦးထိန်လင်းလေး၊ ဒေါက်တာဝင်းထွန်း-ဒေါက်တာအေးဝင်းဆက်၊ ဒေါ်ညိမ်းညိမ်းစိုး၊ ဦးလှထူးတို့၏ အစ်ကိုကြီး သည် ၃၀-၁၂-၂၀၁၆ ရက် ညနေ ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၇ ရက် နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးဇော်မိုး(ခ)ကိုဖိုးချွန်
### အသက်(၄၈)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်သန်း-ဒေါ်တင်ကြည်)တို့၏သား၊ မလှိုင်မြို့နယ်၊ ကျောက်ဖူးကျေးရွာနေ (ဦးခါ-ဒေါ်ဂျပန်မ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမ/နရပ်ကွက် (၁/က)ပြည်ထောင်စုလမ်းသွယ်နေ ဒေါ်စန်းစန်းယု၏ ချစ်လှစွာသော ခင်ပွန်း၊ မဆုပြည့်ဇော်မိုး (အထက-၃၊ ဗဟန်း၊ ဒသမတန်း-A)၊ မယုသော်တာ (အထက-၃၊ ဗဟန်း၊ ဆဋ္ဌမတန်း-A) တို့၏ ချစ်လှစွာသော ဖခင်၊ ဒေါ်ကေခိုင်သန်း၊ ဦးမျိုးဇော်-ဒေါ်ဇင်မိမိ၊ ဦးဖြိုးသူအောင်-ဒေါ်မာလာသန်း၊မောင်ညီညီဇော်တို့၏အစ်ကို၊ တူ/တူမလေးယောက်တို့၏ဦးလေးသည် ၂၉-၁၂-၂၀၁၆(ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၆(စနေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ဗဟန်းမြို့နယ်၊ ပြည်ထောင်စုလမ်းသွယ်(၁/က) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းသန်းလှ
### အသက် (၅၃) နှစ်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးသိန်း၏ဇနီး ဒေါ်သန်းသန်းလှသည် ၃၀-၁၂-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

### အထူးကျေးဇူးတင်ရှိခြင်း
### မသက်စုမွန်
### အသက် (၃၃)နှစ်

၂၄-၁၂-၂၀၁၆ (စနေနေ့) တွင် ကွယ်လွန်သွားသော မသက်စုမွန်၏ နာရေးဈာပနကိစ္စအတွက် အစစအရာရာ ကူညီပေးခဲ့ကြသူများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ Message တို့ဖြင့်သော်လည်းကောင်း ဝမ်းနည်းကြောင်းနှစ်သိမ့် အားပေးခဲ့ကြသူများ၊ သတင်းစာနှင့် Facebook တို့မှ ဝမ်းနည်းကြောင်း ဖော်ပြသူများ၊ ကွယ်လွန်ချိန်မှ ရက်လည်ဆွမ်းကျွေးပြီးစီးသည်အထိ မေတ္တာဖြင့် စိတ်ရောကိုယ်ပါ အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့ကြသူများ၊ ဈာပနအခမ်းအနားသို့ လိုက်ပါ ပို့ဆောင်ပေးခဲ့သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သော ပုဂ္ဂိုလ်များအားလုံးတို့အား ရင်မှလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### လေ-၁၈၉၄၃ ဒုအရာခံဗိုလ် မင်းဂေါင်
### အသက် (၅၅)နှစ်
**အမှတ်(၁၆)သယ်ယူပို့ဆောင်ရေးအုပ်၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း(၁)လမ်း၊ အမှတ်(၃၃/ဘီ)နေ (ဦးမြင့်သိန်း)-ဒေါ်တင်ဟန်တို့၏သား၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းရပ်ကွက်၊ ဦးရွှေမှန်လမ်းနေ (ဦးသိန်းမြင့်)-ဒေါ်ခင်လှတို့၏ သားသမက်၊ ဦးမင်းအောင်-ဒေါ်သန်းသန်းနု၊ ဦးတင်ဝင်း-ဒေါ်နီနီလွင်၊ ဒေါ်နီနီခင်၊ ဦးမင်းနောင်-ဒေါ်လှလှသန်း၊ ဒေါ်နီနီရင်တို့၏ ညီ/မောင်၊ ဦးစိန်ဝင်း-ဒေါ်နီနီတင်၊ ဦးကျော်စိန်ဝင်း-ဒေါ်ရီရီသိန်း၊ ဦးအောင်ထွန်းမြင့်-ဒေါ်သိမ်းသိမ်းခိုင်တို့၏ အစ်ကို၊ မရီမွန်သိမ့်၊ တပ်ကြပ်သန်းထိုက်အောင် (မီးသတ်ဌာန၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်)-မကေသီခိုင်၊ မသိဂီဦးတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မောင်အောင်ထက်ပိုင် ၏ အဘိုး၊ ဒေါ်မိုးမိုးသိန်း၏ ချစ်လှစွာသော ခင်ပွန်း ဒု-အရာခံဗိုလ် မင်းဂေါင်သည် ၃၀-၁၂-၂၀၁၆ (သောကြာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဒေါက်တာစည်သူအောင် (Ph.D) (၃၂) နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာမြို့သစ်၊ ဖ-၂/၉၈ နေ ဦးအောင်အောင်-ဒေါ်စိမ်းလဲ့နိုင်တို့၏ချစ်လှစွာသောသားကြီး၊ ဦးညွန့်ဦး-ဒေါ်စိုးစိုး၊ ဒေါက်တာယာကြီး-ဒေါ်စိမ်းလဲ့ခိုင်တို့၏ချစ်လှစွာသောတူ၊ ဒေါက်တာမေမြတ်နိုးခိုင်၊ ဒေါက်တာကြည်ဖေဦး၊ မရွှေစင်လင်းလက်ခိုင်၊ မောင်သစ္စာအောင်၊ မောင်အောင်ခေတ်မင်းတို့၏ချစ်လှစွာသောအစ်ကိုကြီးသည် ၃၀-၁၂-၂၀၁၆ ရက် နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကာယကံရှင်ဆန္ဒအရ ဆေးတက္ကသိုလ် မန္တလေး၊ ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။ [၁-၁-၂၀၁၇ ရက်နေ့တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးလှမြင့် (၇၈) နှစ်
**(ကျောင်းဆရာ အငြိမ်းစား)**
**အမက (၆) ကြည့်မြင်တိုင်**

